ရေဦး - မျိုးမျိုးဇော်

# အလိမ္မာပုံပြင်များ

## ပေတ္တာဖြင့်အနိုင်ယူသူ



**ပထမအကြိမ်**

၁၉၉၅ ခုနှစ်၊ မတ်လ

အုပ်ရေ-၅၀၀၊ တန်ဖိုး (၃၀၀)ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၄၂၇/၉၄(၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၂/၉၄(၅)

**အဖုံးရိုက်**

ဦးကျော်သိန်း (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်

၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးမိုးကြည် (မြ-၁၉၈၀) မိုးကြည်စာပေ

၁၈၇(က)ရပ်ကွက်၊ ဖျာပုံလမ်း၊

ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**

ဒေါ်မမ (မြ-၀၂၁၄၃) တောင်ဥက္ကလာ

စာပုံနှိပ်တိုက်၊ အခန်း-၄၊ ၁၄၁၊ ၃၇ လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**ဖြန့်ချိရေး**

မြိတ်စာပေ၊ ၂၃၅၊ ၃၂လမ်း အထက်၊ ရန်ကုန်မြို့

**စီစဉ်သူ** - ကိုကျော်နိုင်

ပဉ္စဂုဏ်အဟံဝန္ဒာမိ

# အလိမ္မာပုံပြင်များ

ရေဦး မိုးမိုးဇော်

◆ အလိမ္မာပုံပြင်များ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ညီနောင်နှစ်ပါးနှင့်ဗုဒ္ဓသာသနာတော် | ၅ |
| (၂) | ကြမ်းတမ်းယုတ်မာသူရဲ့ဘဝကို နူးညံ့သိမ်မွေ့စေခြင်း | ၂၄ |
| (၃) | သားငယ်ကိုစွန့်ပစ်ခဲ့တဲ့ဝဋ်ကြွေး | ၅၈ |
| (၄) | ကြွက်သေတစ်ခုအရင်းပြု | ၈၃ |
| (၅) | မေတ္တာဖြင့်အနိုင်ယူသူ | ၉၃ |
| (၆) | စိတ်ထားကောင်းမှချမ်းသာရ | ၁၀၆ |
| (၇) | လူယုတ်မာကိုကယ်မိတဲ့ဒုက္ခမှ လွတ်မြောက်သူ | ၁၁၆ |
| (၈) | ပညာရှိသောယောကျ်ား | ၁၃၆ |
| (၉) | တပည့်မိုက်ကိုမွေးမိတဲ့ဆရာ | ၁၄၆ |
| (၁၀) | ချိုသာတဲ့စကားနဲ့နွားလားဥသဘ | ၁၅၁ |

# ညီနောင်နှစ်ပါးနှင့်ဗုဒ္ဓသာသနာတော်

## (မဟာပန်နှင့်စူဠပန်ဇာတ်တော်)

ဗုဒ္ဓဘုရားရှင်လက်ထက်တော်အခါက ရာဇဂြိုလ်ပြည်ကြီးမှာ ဥစ္စာဓနပေါကြွယ်ဝတဲ့ ' မဟာဓန ' သူဌေးကြီးတစ်ဦး ရှိတယ်။

မဟာဓန သူဌေးကြီးမှာ ယဉ်ကျေးသိမ်မွေ့ပြီး နုနယ်တင့်တယ် လှပတဲ့သမီးတစ်ယောက်လည်း ရှိလေတယ်။

အဲဒီသမီးလေး အရွယ်ရောက်လာတဲ့အခါ အမျိုးဥစ္စာဂုဏ်အာနုဘော်တို့နဲ့ တူညီစွာပြည့်စုံတဲ့ အမျိုးသားတစ်ယောက်ကိုတွေ့ပြီး ထိမ်းမြားဆောင်နှင်း လက်ထပ်ကြဖို့ မိဘတွေအချင်းချင်း သဘောတူစေ့စပ်ကြတယ်။

အဲဒီလိုနဲ့ စေ့စပ်တဲ့နေ့မှာပဲ သူဌေးသမီးလေးဟာ မိမိအိမ်မှာ သူရင်းငှားအလုပ်နဲ့ လုပ်ကိုင်နေတဲ့ ကျွန်ယောကျ်ားကို ချစ်ခင်ရည်ငံလို့နေတာကြောင့် ...

" မိဘပေးစားမယ့်လင်ကို ငါမလိုချင်၊ သင့်ကိုသာ ငါ

လင်ပြုချင်တယ်၊ ငါ့ကို သင်အလိုရှိရာသို့ ခေါ်ဆောင်သွားပေတော့" ဟု သူဌေးသမီးကပြောလာတဲ့အတွက် ကျွန်ယောကျ်ားခမျာ စိုးရိမ်ထိတ်လန့်ပြီး ...

'ငါတို့နှစ်ယောက်အကြောင်းကို မိဘသူဌေးများ သိရှိသွားရင် ငါ့ကိုတော့သတ်တော့မှာပဲ၊ ဒီအရပ်မှာမနေဘဲ တခြားအရပ်ကိုသွားပြီး အသက်မွေးမှ ချမ်းသာရာရလိမ့်မယ်' ဟု အကြံရှိတဲ့အတွက် ထိုက်တန်ကောင်းမွန်တဲ့ဥစ္စာပစ္စည်းတို့ကို ဝှက်ယူပြီး ရွာလေးတစ်ရွာသို့ ထွက်ပြေးကြကာ မထင်မရှားအသွင်နဲ့ နေထိုင်ကြတယ်။

နှစ်တွေလတွေ ကြာညောင်းတဲ့အခါ သူဌေးသမီးရဲ့ဝမ်းတော်မှာ ပဋိသန္ဓေတည်ပြီး ကိုယ်ဝန်ရင့်မာလာခဲ့တယ်။

အဲဒီအချိန်မှာ သူဌေးသမီးက ...

" အမောင် ... ငါ့ရဲ့ကိုယ်ဝန်ဟာ အတော်ကလေးရင့်မာနေပြီ၊ ဒီအရပ်မှာ ငါတို့နဲ့နီးစပ်တဲ့ဆွေမျိုးတွေ တစ်စုံတစ်ယောက်မှ မရှိကြဘူး၊ ဆွေမျိုးမရှိတဲ့အရပ်မှာ မွေးဖွားမယ်ဆိုရင် အမောင်လည်းမပြုတတ်၊ ငါလည်း ဆင်းရဲပင်ပန်းခြင်း ဖြစ်လိမ့်မယ်။ အဲဒါကြောင့် မိဘတို့ထံကို ပြန်ကြရင်ကောင်းမယ် ထင်တယ် " ဟု လင်ယောကျ်ားဖြစ်သူကို တိုင်ပင်လိုက်သေးတယ်။

ဒီအခါမှာ လင်ယောကျ်ားကလည်း ...

'မိဘတို့ထံပြန်သွားရင် သင်လည်းမသက်သာဘူး၊ ငါ့ကိုလည်း သတ်မှာသေချာတယ်' ဟု သူဌေးသမီးကိုပြောပြီး မသွားရန်ချော့ရှာတယ်။

သူဌေးသမီးကလည်း ...

" အမောင် ... မိဘတို့မည်သည်ကား သားသမီးကို အကျိုးမဲ့စွာ ပစ်ပယ်ထားရိုးမရှိကြ။ အသက်ရှင်နေသမျှ မိဘတို့ရဲ့မေတ္တာဟာ သားသမီးအပေါ် ပျက်ပြယ်တယ်ဆိုတာမရှိပါ" ဟု ပြောလိုက်တဲ့စကားကို လင်ယောကျ်ားက မယားကျေနပ်စေရန် နက်ဖြန်မှသွားမယ်၊ သန်ဘက်ခါကျမှသွားမယ် ဟု အချိန်ဆွဲထားလိုက်တယ်။

ကြာလာတဲ့အခါမှာ သူဌေးသမီးလည်း ...

" ဒီယောကျ်ားဟာ ငါ့ရဲ့မိဘတွေထံကို ပို့ပေးမှာမဟုတ်ဘူး၊ သူ့ရဲ့အလိုအတိုင်း ငါဒီလိုသာနေရင် ကြီးမားတဲ့ဒုက္ခတွေရောက်လိမ့်မယ်၊ မဖြစ်ပါဘူး၊ ငါတစ်ယောက်တည်းသွားမှပဲ" ဟု အကြံရပြီး လင်ယောကျ်ား အရပ်တစ်ပါးသို့သွားနေခိုက် အိမ်ကိုလုံခြုံစွာပိတ်ပြီး အိမ်နီးချင်းလူများကိုမှာကြားကာ မိဘတို့ရှိရာ ရာဇဂြိုလ်ပြည်သို့ ပြန်လာခဲ့တယ်။

အဲဒီအချိန်မှာပဲ လင်ယောကျ်ားလည်း ခရီးထွက်ရာက ပြန်ရောက်လာပြီး မယားကိုမတွေ့တဲ့အခါ အိမ်နီးချင်းတို့ထံ မေးမြန်းကြည့်မိတယ်။

မိဘတွေထံပြန်သွားကြောင်း သိလိုက်ရတဲ့အခါအလျင်အမြန် နောက်ကပြေးလိုက်သွားခဲ့တဲ့အတွက် ရွာတစ်ရွာကိုရောက်တော့ မယားဖြစ်သူကိုမီလာတယ်။ အဲဒီရွာမှာရှိတဲ့ ဇရပ်ပေါ်မှာ နားနေကြရင်း သူဌေးသမီးရဲ့ကိုယ်ဝန်က မွေးဖွားတော့တယ်။

ခရီးသွားရင်း မွေးဖွားလာတဲ့အတွက်ကြောင့်လည်း သားလေးကို " မဟာပန္ထက " အမည်ကို ကင်ပွန်းတပ် ပေးတယ်။

မွေးဖွားပြီးလို့ ကျန်းမာလာတဲ့အခါ ယောကျ်ားဖြစ်သူက " ရှင်မလည်း ကိုယ်ဝန်မှဖွားသန့်စင်ရန် မိဘတို့ထံပြန်ခဲ့တယ်၊ အခု ချမ်းသာစွာဖွားမြင်ပြီးလေပြီ၊ သင့်မိဘထံ အခုသွားက ဘာအကျိုးရှိမှာလဲ၊ ငါတို့ နေရင်းအရပ်ကိုသာ ပြန်ကြပါစို့" ဟု မယားဖြစ်သူကို ပြောပြလိုက်တဲ့အတွက် နှစ်ဦးသဘောတူစွာဖြင့် မိမိတို့နေရာဒေသကို ပြန်လာခဲ့ကြတယ်။

အဲဒီလိုနဲ့ နေလာလိုက်ကြတာ သူဌေးသမီးလေးထံမှာ နောက်ထပ်တစ်ဖန် ကိုယ်ဝန်ရရှိပြန်တယ်။

အရင်တစ်ခါကလို သူဌေးသမီးဟာ မိဘတို့ထံ ပြန်လိုကြောင်း၊ လင်ယောကျ်ားကို ခွင့်တောင်းပြန်တယ်။ လင်ယောကျ်ားက တားမြစ်တဲ့အတွက် သူဌေးသမီးဟာ အရင်တစ်ခါလိုပဲ လင်ယောကျ်ားခရီးထွက်နေခိုက်မှာ မိဘတို့ထံထွက်လာခဲ့တယ်။

လင်ယောကျ်ားဖြစ်သူကလည်း နောက်ကလိုက်လာပြန်ရာ ရွာတစ်ရွာသို့အရောက်တွင် မယားဖြစ်သူက ဖွားမြင်ပြန်တဲ့အတွက် ချမ်းသာစွာပြုစုဆောင်ရွက်ရပြန်တယ်။

ဖွားမြင်ပြီးတဲ့သားငယ်ကိုလည်း လမ်းခရီးမှာဖြစ်တဲ့အတွက် " စူဠပန္ထက " လို့ ကင်ပွန်းတပ်ပေးပြီး အရင်ဖွားတဲ့ မဟာပန္ထကနဲ့အတူ ညီအစ်ကိုနှစ်ယောက်တို့ကို ချမ်းသာစွာမွေးမြူစောင့်ရှောက်ကြရန် အားအင်တို့ပြည့်ဖြိုးလာကြတယ်။ အဲဒီလင်

မယားနှစ်ယောက်လည်း နေရပ်ဒေသအရပ်ဆီကို သားနှစ်ယောက်နဲ့အတူပြန်ပြီး ပျော်ရွှင်စွာနေထိုင်လာခဲ့ကြရာ သားကြီးဖြစ်သူ မဟာပန္ထကဟာ ဟိုပြေးဒီပြေး ကစားတတ်တဲ့အရွယ်ကို ရောက်လာခဲ့တယ်။

အဲဒီအချိန်မှာ ကျေးရွာထဲမှာရှိတဲ့ တခြားသောကလေးငယ်တွေက အဘိုး အဘွား၊ ဘကြီး ဘထွေးလို့ခေါ်ကြသံတွေကို မဟာပန္ထကကြားခဲ့ရတယ်။ ဒီအခါမှာ မဟာပန္ထက ကမိခင်ကိုမေးမိတယ်။

" မိခင် ...တခြားသူတွေမှာ အဘိုးအဘွားလို့ ခေါ်နေကြတယ်၊ သားတို့မှာ ခေါ်စရာမရှိတာဟာ ဆွေမျိုးတွေကသေကုန်ကြလို့လား " ဟု မေးလိုက်တယ်။

မိခင် သူဌေးသမီးကလည်း ...

' ချစ်သား မဟာပန္ထက ...ဒီအရပ်မှာ ငါတို့ရဲ့မိဘဆွေမျိုးများမရှိကြဘူး၊ ရာဇဂြိုလ်ပြည်မှာတော့ မဟာဓနဆိုတဲ့ သူဌေးကြီးဟာ သင်တို့ရဲ့အဘိုးပဲ၊ နောက်ပြီး ဦးရီး၊ အရီး၊ ဘကြီး၊ ဘထွေးတို့ ဆွေမျိုးသားချင်းတွေလည်း ရှိကြတယ် ' လို့ ပြောပြလိုက်တယ်။

အဲဒီလို ကြားလိုက်ရတဲ့ မဟာပန္ထကဟာ ...

" မိခင် ...အဲဒီလို မိဘဆွေမျိုးများစွာ ရှိရက်သားနဲ့ မိခင် ဖခင်တို့က ဘာကြောင့်မသွားကြတာလဲ " ဟု မေးမြန်းလိုက်တဲ့အခါ အဖြစ်အပျက်အမှန်ကို ပြောမပြဘဲလွှဲဖယ်ကာ ပြောပြလိုက်တယ်။

ကြီးပြင်းလာတဲ့ သားနှစ်ယောက်ဟာ ဘိုးဘွားဆွေမျိုးများကို အကြိမ်ကြိမ်မေးမြန်းတမ်းတပြီး သွားရေ..ာ်ကြရန်တောင်းဆိုလာတဲ့အတွက် သူဌေးသမီးလည်း လင်ယောကျ်ားကို ပြောကြားတိုင်ပင်ရှာတော့တယ်။

'အမောင် ... မိဘတို့ဟာ အမျက်ဒေါသရှိပေမယ့် သားသမီးတို့ရဲ့ အသားကိုတော့ မစားကြပါဘူး၊ ဒီလောက်ဝေးကွာနေတဲ့အရပ်မှာ ကြာရှည်စွာနေပါက မိဘတို့သေဆုံးသွားခဲ့ရင် အမွေဥစ္စာတို့မရလိုက်ဘဲ နေလိမ့်မယ်၊ ဒီတော့ သားနှစ်ယောက်ကို မိဘတို့ထံ ပြသလိုက်ပါမှ မြေးနှစ်ယောက်အပေါ်ချစ်တဲ့မေတ္တာနဲ့ သမီးရဲ့မိုက်ပြစ်ကို ခွင့်လွှတ်တော်မူမှာပဲ ' လို့ ပြောပြတဲ့ သူဌေးသမီးရဲ့စကားကို လင်တော်မောင်ယောကျ်ားက သဘောတူလိုက်တယ်။

အဲဒီအချိန်ကစပြီး ပစ္စည်းဥစ္စာတွေကိုသိမ်းဆည်းကာ မိဘဆွေမျိုးများရှိရာ ရာဇဂြိုလ်ပြည်ကြီးကို ပြန်လာခဲ့တယ်။ မြို့အဝင်တံခါးဝရောက်တဲ့အခါ အိမ်ကိုမဝင်ဝံ့တဲ့အတွက် အမဆွေခင်ပွန်းတို့ကို ...

" ဒီကလေးနှစ်ယောက်ကို ကျွန်မရဲ့မိဘများဖြစ်တဲ့ မဟာဓနသူဌေးဆီ ပို့ပေးကြပါ။ ကျွန်မတို့ရောက်နေကြောင်းကိုလည်း ပြောပေးပါ " လို့ အကူအညီတောင်းခံလိုက်တယ်။

ဒီလိုနဲ့ မဟာပန္ထကနဲ့ စူဠပန္ထက သားနှစ်ယောက်ဟာ သူဌေးကြီး မဟာဓနလက်ထဲကိုရောက်ရှိသွားတယ်။

မေတ္တာသက်ဝင် ချစ်ခင်လှပေမယ့် သမီးဖြစ်သူရဲ့

သတင်းကိုကြားလိုက်တဲ့အခါ ...

" ဘဝများစွာ သံသရာတစ်လျှောက်မှာ သူငါအစ မြင်သမျှအားလုံးဟာ အမိရယ် အဖရယ်လို့ မဖြစ်ဘူးသူမရှိဘဲ ဖြစ်ဘူးကြသူများသာ၊ ဒါပေမယ့် ယုတ်မာလှတဲ့ ငါ့သမီးဟာ ငါ့အပေါ် အလွန်ပြစ်မှားတယ်၊ ငါတို့ကိုလည်း အရှက်ခွဲခဲ့တယ်၊ ငါတို့မြင်ရမယ့်အရပ်မှာ မနေဘဲ ဥစ္စာပစ္စည်းတစ်ချို့ကိုယူကာ အခြားအရပ်ကိုသွားပြီး နေကြပေတော့၊ မြေးနှစ်ယောက်ကို ငါတို့ထံတွင်ထားခဲ့ " ဟု မြို့အဝင်တံခါးမှာရှိတဲ့ သမီးထံအကြောင်းပြန်ကြားလိုက်တယ်။

သူဌေးသမီးကလည်း သားနှစ်ယောက်ကို မိဘတို့ထံပေးထားခဲ့ပြီး သနားစွာပေးကမ်းလိုက်တဲ့ ဥစ္စာပစ္စည်းကိုယူဆောင်ကာ နေရင်းဒေသရွာဆီသို့ ပြန်လာခဲ့ကြတော့တယ်။

ဒီအချိန်မှာပဲ မဟာပန္ထကအသက်က နှစ်ဆယ်အရွယ်၊ စူဠပန္ထကအသက်က ငါးနှစ်အရွယ်သာရှိသေးတဲ့အခါ ကာလပင်ဖြစ်တယ်။

သူဌေးကြီး မဟာဓနလည်း ဘုရားရှင်တော်ထံနိယံမပြတ်ဆည်းကပ်တဲ့အတွက် ကျောင်းတော်ကိုသွားတဲ့အခါတိုင်း မြေးနှစ်ယောက်ကို ခေါ်ဆောင်ကာသွားလေ့ရှိတယ်။

သားငယ်နှစ်ယောက်ကလည်း ဘုရားရှင်ရှေ့တော်မှောက်ကို နေ့စဉ်ရောက်နေရပြီး ဟောတော်မူတဲ့တရားသံများကို နာကြားရဖန်များလာတယ်။ အဲဒီအခါ ရဟန်းပြုချင်တဲ့အကြံအစည်လည်း ဖြစ်ပေါ်လာတယ်။

ဒီလိုဖြစ်ပေါ်လာတဲ့ မဟာပန္ထကရဲ့အကြံအစည်ကို အဘိုးဖြစ်သူ သူဌေးကြီးမဟာဓနထံ ခွင့်ပန်တောင်းဆိုလိုက်တယ်။ သူဌေးကြီးမဟာဓနကလည်း သဒ္ဓါပသန္နဖြစ်သော ဥပါသကာပင်ဖြစ်လို့ ...

" ချစ်မြေး ပန္ထက၊ လောကတွင်ရှိရှိသမျှ ယောကျ်ားမိန်းမတို့ဟာ ရဟန်းဖြစ်ကြတာကို မြင်လိုလှပါတယ်၊ ငါ့မြေးသာ စွမ်းဆောင်နိုင်မယ်ဆိုရင် အခုပင်ရဟန်းပြုပေတော့ " ဟုဆိုကာ မြေးအကြီးဖြစ်တဲ့ မဟာပန္ထကကို ခေါ်ဆောင်ကာ ဘုရားရှင်တော်ထံ ထွက်ခဲ့ကြတယ်။

ဘုရားရှင်တော်ထံ ရောက်တဲ့အခါ ...

" သူဌေးကြီး ဒီသူငယ်ကို အဘယ်ကရသလဲ " ဟု မေးတော်မူလိုက်တယ်။

' အရှင်ဘုရား၊ တပည့်တော်ရဲ့သမီးမှရတဲ့ မြေးအရင်းပါဘုရား၊ အခုချက်ချင်း တပည့်တော်ရဲ့မြေးကို အရှင်ဘုရားရဲ့ သာသနာတော်မှာ ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရား ' ဟု မဟာဓနသူဌေးကြီးက လျှောက်တော်မူလိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်က တစ်ဦးတည်းသော ပိဏ္ဍစာရိက ရဟန်းကိုခေါ်လိုက်ပြီး ...

" ဒီသူငယ်ကို ရှင်ပြုပေးပါ ငါ့ရှင် " ဟု ခွင့်ပြုတော်မူတယ်။

ပိဏ္ဍစာရိကရဟန်းကလည်း မဟာပန္ထကကို ' တစပဉ္စက ' ကမ္မဋ္ဌာန်းနဲ့ သရဏဂုံသုံးပါးတည်ဆောက်စေပြီး ရှင်သာ

မဏောပြုပေးလိုက်တယ်။

ရှင်သာမဏေအဖြစ်ကို ဆောက်တည်နေတဲ့ မဟာပန္ထကဟာ ဘုရားရှင်ရဲ့စကားတော်ဖြစ်တဲ့ စာပေပိဋကတ်ကို မပြတ်သင်ကြားလိုက်နာတယ်။

ဒီလိုနဲ့ ရှင်သာမဏေဘဝ အသက်နှစ်ဆယ်ပြည့်တဲ့အခါ ပဉ္စင်းအဖြစ်ကိုရရှိလာတယ်။

ပဉ္စင်းဖြစ်လာတဲ့အခါမှာလည်း ယောနိသောမနသိကာရနဲ့ ပဋိကသိုဏ်းကို အားထုတ်လာတဲ့အတွက် စတုတ္ထဖြစ်တဲ့ ရူပ၊ အရူပဈာန်တို့ကိုလည်း လွန်စွာမပြတ် လေ့လာပြန်တယ်။ အဲဒီ သမာပတ်မှာ သခ်ါရအားနဲ့သုံးသပ်ခဲ့လို့ 'အရဟတ္တဖိုလ' ကို ရောက်ရှိလာတော့တယ်။

အဲဒီအခါမှာ မဟာပန္ထကဟာ မိမိရအပ်တဲ့ဈာန်မဂ်ဖိုလ်ချမ်းသာနဲ့ လေ့လာပျော်မွေ့ ကြည်နူးနှစ်သက်နေမိတဲ့အခါ " ငါရအပ်တဲ့ချမ်းသာတရားကို ငါ့ညီစူဠပန္ထကအားပေးရရင်ကောင်းလိမ့်မယ် " ဟု အကြံရရှိလာတဲ့အတွက် အဘိုးမဟာဓနသူဌေးကြီး ထံသို့လာခဲ့ပြီး ...

" ညီ စူဠပန္ထကကို ဘုရားသာသနာတွင်းသို့ သွတ်သွင်းလိုပေတယ် " ဟု ပြောကြားလိုက်တယ်။

သူဌေးကြီးကလည်း ...

' ကောင်းပြီ ' ဟု ခွင့်ပေးတော်မူပြီး စူဠပန္ထကကို ရဟန်းပရိက္ခရာစုံလင်စွာနဲ့ မဟာပန်ထေရ်ထံတွင် အပ်နှံကာ ရှင်ပြုလေတော့တယ်။

စူဠပန္ထကလည်း ရှင်သာမဏေအဖြစ်ကို ရောက်ရှိပြီး နောင်တော်ဖြစ်တဲ့ မဟာပန္ထကရဲ့ စာပေသင်ကြားမှုကို ခံယူရပြန်တယ်။

မဟာပန္ထကလည်း ညီတော် စူဠပန္ထကကို ဂါထာတော်များ သင်ကြားစေတယ်။ ဂါထာတော်ကတော့ ...

" လောကနဒ အမည်ရသော၊ ရွှေသားဝတ်ဆံ၊ ချပ်ရံတရာ ပဒုမ္မာကြာသည်၊ နေမင်းဂုဏ်ဖြင့်၊ အရုဏ်တက်သော အခါ၌ ကားကားလှတင့်၊ ပွင့်သည်ဖြစ်၍၊ တက်ဝန်းဒီသာ၊ ယူဇနာ တိုင်တိုင်၊ သင်းကြိုင်ထုံပျံ့၊ ရနံ့မွှေးကြူခြင်းရှိသည်ဖြစ်၍ အေးချိုပျံ့လှောင်း၊ ကောင်းသောရနံ့ရှိသည်ဖြစ်၍ ထွန်းပစံပယ်၊ လွန်တင့်တယ်သည်၊ မင်းလွှင်တိမ်ထပ်၊ မြူလျှပ်စင်ဆုံး၊ တန်ဆောင်မုန်းမာသ၊ ကောင်းကင်စ၌၊ တန်ခိုးရောင်ခြည်၊ ထွန်းသည်ပြောင်ပြောင်၊ ထိန်ထိန်လောင်သဖြင့် တောက်ပသော လေးကျွန်းမှန်ကင်း၊ ရှင်နေမင်းကဲ့သို့ ရောင်ခြည်ခြောက်သွယ်၊ ထွန်းစံပယ်လျက်၊ တင့်တယ်တော်မူထသော၊ ခံတွင်းတော်နံ့၊ ကိုယ်တော်နံ့ဖြင့်၊ သင်းပျံ့အေးလှိုင်၊ လွန်မွှေးကြိုင်တော်မူထသော ၊ အာဏာတော်နှင့် ဂုဏ်တော်နံ့လည်းရှိထသော၊ ကိုယ်တော်ဖြိုးဖြိုးပြက်ထွက်သော ရောင်ခြည်တော်ရှိသော မြတ်စွာဘုရားကို ထင်သည်ရှုမြင်လော့ "

ဆိုတဲ့ ဂါထာတော်ကို စူဠပန္ထကသာမဏေကို အာဂုံကျက်မှတ် သင်ယူစေတယ်။

စူဠပန္ထကလည်း ဘယ်လိုပင်ကျက်မှတ်သင်ယူစေကာမူ အလွတ်ပြန်တဲ့အခါ မရဖြစ်နေတယ်။

အဲဒီလို စာမရခြင်းရဲ့ဝဋ်ကြွေးက ကပ်ပါလာခဲ့တဲ့အဖြစ် ရှိနေတယ်။ ရှေးဘဝကလည်း စူဠပန်ဟာ ကဿပဘုရားလက်ထက်တော်က ရဟန်းဖြစ်ခဲ့ဖူးသေးတယ်။ အဲဒီအခါက ပညာထုံတဲ့ ရဟန်းတစ်ပါးကို ကျီစားပြတ်ရယ်ပြုပြီး နှိပ်စက်ခဲ့ဖူးတဲ့ဝိပါက်ကံကြွမ်ာကြောင့် အခုဘဝမှာ စာရဲ့အနက်အဓိပ္ပါယ်မဆိုထားနဲ့ ပထမစာပိုဒ်ဆုံးလို့ ဒုတိယစာပိုဒ်ကို ဆက်ပြီးကျက်မှတ်တဲ့အခါ ပထမစာပိုဒ်ကို မေ့သွားပြန်တယ်။

ဒီလိုနဲ့ လေးလတိုင်အောင် သင်အံကျက်မှတ်၍ မရတဲ့အခါမှာ နောင်တော် မဟာပန္ထကလည်း ညီတော်ကိုပြောဆိုဆုံးမတော့တယ်။

" ညီတော် စူဠပန်၊ လေးပုဒ်မျှသာရှိတဲ့ ဒီဂါထာတော်ကို ဝါတွင်းလေးလပတ်လုံး သင်၍မရမှတော့ ညီတော်ဟာ လူသာမည်တယ်၊ အနှစ်သာရနဲ့ပြည့်စုံတဲ့ ဘုရားရှင်ရဲ့ သာသနာတော်နဲ့ မထိုက်တန်ပေဘူး၊ မြေနုကျွန်းမှာ ရေသွင်းစိုက်ပေမယ့် မပေါက်တဲ့မျိုးစေ့လိုပဲ၊ အကျိုးမဲ့တဲ့ဘဝသာ ဖြစ်ပေတယ်။ အခုပင် လူထွက်၍ အသက်မွေးပေတော့ " ဟု နောင်တော် မဟာပန္ထကဟာ ညီတော်စူဠပန္ထကကို သာသနာ့တော်က နှင်ထုတ်လေတော့တယ်။

အဲဒီအခါမှာ စူဠပန္ထကလည်း သာသနာတော်မှမထွက်လိုတဲ့အတွက် မိမိရဲ့ကံနဲ့ဉာဏ်ကိုသာ ဝမ်းနည်းပြီးကျောင်းအစွန်

တွင် ထွက်ရှိခိုနေတယ်။

အဲဒီအချိန်မှာ ဆရာဇီဝကဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးခြင်းငှာ အပင့်ရောက်လာခဲ့တယ်။

ဆရာဇီဝကဟာ ဘုရားရှင်ရှေ့မှောက်မှာ ခဏပင်နေပြီး သံဃာတော်များရဲ့ ဆွမ်းကွမ်းညွှန်ကြားတဲ့ တာဝန်မှူး မဟာပန်ထေရ်ထံ ချဉ်းကပ်ပြန်တယ်။

" အရှင်မြတ်၊ ဘုရားရှင်ကိုယ်တော်နဲ့တကွ သံဃာတော်တို့ အဘယ်မျှရှိပါသလဲ " ဟု လျှောက်လိုက်တယ်။

မဟာပန်ထေရ်က ...

' ငါးရာရှိတယ် ... ဒကာတော် ' ဟု ဆိုတဲ့အခါ ...

ဆရာဇီဝက က ...

" ငါးရာသော သံဃာအပေါင်းတို့၊ မနက်ဖြန် တပည့်တော်တို့အိမ်၌ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါဘုရား " ဟု လျှောက်လိုက်တယ်။

အဲဒီအခါ မဟာပန်ထေရ်ကလည်း ...

" စူဠပန်ကို ထားပြီး သံဃာတော်တို့နဲ့တကွ ကြွတော်မူခဲ့ပါမယ် " ဆိုတဲ့အခါ ..

ဆရာဇီဝကလည်း " အဘယ့်ကြောင့် စူဠပန်ကို ချန်ခဲ့ပါသလဲ " ဟု မေးတဲ့အခါ ...

' ဒါယကာ ... စူဠပန်ဟာ အလွန်လေးလံထိုင်းမှိုင်းတယ်၊ လေးပုဒ်မျှသာရှိတဲ့ ဂါထာတော်ကို လေးလပတ်လုံးသင်ယူတာ

ကို မတတ်မြောက်နိုင်၊ အဲဒါကြောင့် သူဟာ အလှူခံခြင်းငှာ မသင့်တော်ပါ ' ဟု ဆိုလိုက်တယ်။

အဲဒီလိုပြောနေတာကို စူဠပန်ကလည်း မနီးမဝေးမှာရှိနေတာမို့ နောင်တော်မဟာပန်ထေရ်တို့ပြောဆိုနေကြတာကို ကြားလိုက်ရတဲ့အခါ ...

" နောင်တော်ဟာ ငါ့ကိုချစ်ခင်စုံမက်ခြင်းမရှိ ညီနောင်အရင်းအချာဖြစ်တဲ့ နောင်တော်ကမှ ငါ့ကိုမသနားရင် ငါ့ကိုးစားစရာ ဘယ်မှာရှိပါတော့အံ့၊ သာသနာတော်၌ ရှည်မြင့်စွာနေပါက အကျိုးမရှိဖြစ်ချေမယ်။ လူ့ဘဝနဲ့ပင် ဒါနသီလကို အားထုတ်ရအောင် မနက်ဖြန်နံနက်တွင် ငါလူထွက်မှဖြစ်မယ် " ဟု ကြံစည်ပြီး ကျောင်းတံစက်မြိတ်အောက်တွင်အိပ်ပြီး မိုးလင်းတဲ့အခါ ကျောင်းတော်မှ ဆင်းခဲ့လေတော့တယ်။

ဘုရားရှင်ကိုယ်တော်မြတ်လည်း စူဠပန်ရဲ့အခြေအနေကို ကုန်စင်စွာသိတော်မူတဲ့အတွက် စူဠပန်လာမယ့်လမ်းမတံခါးမုခ်ဝမှာ စင်္ကြံကြွနေတော်မူတယ်။

စူဠပန်လည်း မြတ်စွာဘုရားကိုမြင်လိုက်တဲ့အခါ ခြေတော်ရင်းမှာ ဝပ်စင်းပြီးရှိခိုးလိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ...

" ချစ်သား ...စူဠပန်၊ အလွန်စောစွာထလျက် ဘယ်သို့သောအကြောင်းနဲ့ ထွက်လာသလဲ " လို့ မေးတော်မူတဲ့အခါ စူဠပန်လည်း ...

' တပည့်တော်ဟာ ပညာလေးလံလှသောကြောင့်

နောင်တော်က နှင်ထုတ်လိုက်တဲ့အတွက် လူထွက်ဖို့လာပါတယ် ဘုရား ' ဟု ငိုယိုကာ လျှောက်တော်မူလိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း စူဠပန်ရဲ့ဦး ခေါင်းတော်ကို လက်တော်နဲ့သပ်တော်မူပြီး ...

" ချစ်သား စူဠပန်၊ ငါကဲ့သို့သော သဗ္ဗညုတဘုရား ထင်ရှားစွာရှိနေပါလျက် ပညာလေးရုံနဲ့ ရဟန်းဘဝကိုအဘယ့် ကြောင့် စွန့်ရသလဲ၊ သင်ရဲ့အစ်ကိုဟာ သူတစ်ပါးတို့ရဲ့ ' အာ သယာနုသယ ' ကို မှချသိတတ်တဲ့ဉာဏ် ရှိတာမဟုတ်၊ ဗုဒ္ဓဝေ နေယျဖြစ်တဲ့ ပုဂ္ဂိုလ်မို့ ငါသင်ပေးဦးမည် " ဟု မိန့်တော်မူပြီး စူဠပန်ရဲ့လက်ကိုကိုင်ကာ ကျောင်းတော်ထက်ကို ခေါ်သွား တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ဟာ တန်ခိုးနဲ့စီရင်တဲ့ ဖြူစင် စွာသော ပုဆိုးပိုင်းကိုအပ်ပြီး ...

ဒီအဝတ်စကို လျှော်ဖွတ်နေရင်းက ... ' ရဇောဟရဏံ၊ ရဇောဟရဏံ 'ဟုဆိုကာ တရားစီးဖြန်းပေတော့ ...

ဘုရားရှင်တော်မြတ်လည်း စူဠပန်ကိုမိန့်တော်မူပြီး သပိတ်၊ သင်္ကန်းဖြင့် သံဃာတော်ငါးရာတွင် တစ်ပါးလျော့စွာနဲ့ ဆရာဇီဝကအိမ်ကို ဆွမ်းစားကြွတော်မူတယ်။

စူဠပန်လည်း ဘုရားရှင်က မြွက်ကြားတော်မူခဲ့တဲ့ အတိုင်း ပုဆိုးပိုင်းကိုဆုပ်နယ်ပြီး ' ရဇောဟရဏံ ' ကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့အခါ ပုဆိုးတွင်ချေးညှော် အလိပ်လိပ်တက်၍ မကြာမီ မှာပင် ညစ်နွမ်းခြင်းသို့ရောက်လာသည်ကို မြင်ပြီး ...

" ဤစင်ကြယ်စွာသောပုဆိုးဟာ ဥပါဒိန္နကဖြစ်တဲ့ ငါ့ရဲ့ခန္ဓာကိုယ်ကိုမှီပြီး ဖောက်ပြန်ခြင်းဖြစ်တယ်။ ရူပကာယဖြစ်တဲ့ ဒီခန္ဓာဟာ ပျက်စီးတတ်တဲ့ ' ယေဝယ ' သဘောပဲဧကန်ဖြစ်တယ်။ ငါ့ရဲ့စိတ်စေတသိတ်ဟာလည်း ထို့အတူသာဖြစ်တယ်"

ဆိုပြီး သတိ၊ သမာဓိ၊ ပညာကို လွန်စွာပွားစေကာ လေးပါးသော ရူပါဝစရစျာန်ကို ရရှိတယ်။

အဲဒီစျာန်ကို ရရှိပြီး ဘုရားရှင်ရဲ့ ဒေသနာတော်ကို ထပ်မံကြားနေလျက်က ' ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ တရားထူးနဲ့တကွ အရဟတ္တဖိုလ်ကို ရောက်တော်မူတယ်။

အဲဒါနဲ့ တစ်ချိန်တည်းမှာပဲ ဆရာဇီဝကလည်း ဘုရားအမှူးရှိတဲ့ သံဃာတော်တို့ကို ဆွမ်းယာဂုကပ်လှူရန် ပြင်ဆင်တဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သပိတ်ကိုပေးတော်မမူသေးဘဲ ကျောင်းမှာသံဃာတစ်ပါး ကျန်ရှိနေသေးကြောင်း မိန့်တော်မူတဲ့အတွက် ဇီဝကလည်း ယောကျ်ားတစ်ဦးကို ' အသင်သွားပင့်ချေ ' ဟု စေလွှတ်လိုက်တယ်။

အဲဒီအခါ ကျောင်းမှာကျန်ရစ်ခဲ့တဲ့ စူဠပန် က ...

" ငါ့နောင်တော် မဟာပန်ထေရ်ဟာ ကျောင်းမှာသံဃာမရှိပြီဟုဆိုတယ်၊ အခု သံဃာရှိနေကြောင်း ငါပြလိုက်မှ " ဟု ကြံစည်ကာ စတုတ္ထစျာန်အဘိညာဉ်ကိုဝင်စားပြီး ကျောင်းတော်နဲ့အပြည့် သံဃာတော်တွေကို ဖန်ဆင်းလိုက်တယ်။

အဲဒီသံဃာတော်တွေထဲမှာ အချို့က သင်္ကန်းချုပ်နေကြတယ်၊ အချို့က သင်္ကန်းလျှော်ဖွပ်နေကြတယ်၊ အချို့က စာ

ပေသရှာယ်နေကြတယ်။ တစ်ဦးဆောင်ရွက်တဲ့ကိစ္စနဲ့ တစ်ဦးကိစ္စတို့ မတူကြဘဲအသွင်သဏ္ဌာန် ထူးခြားစွာဖန်ဆင်းထားတယ်။

သံဃာတော်တို့ကို အပင့်သွားတဲ့ယောကျ်ားလည်း များစွာသော ရဟန်းတို့ကိုမြင်ပြီး ဘယ်သံဃာတော် ပင့်ဆောင်ရမှန်း မသိတော့တဲ့အတွက် ဇီဝကအိမ်ကိုပြန်ပြီး ...

' ဘယ်သံဃာအရှင်မြတ်ကို ပင့်ရမှာလဲ ' ဟု မေးလိုက်တဲ့အခါ ဘုရားရှင်တော်မြတ်က ကြားတော်မူပြီး ...

" ဒါယကာ စူဠပန်အမည်ရှိတဲ့ ရဟန်းကိုပင့်ဆောင်ခဲ့ပါ " ဟု မိန့်တော်မူတဲ့အတွက် ကျောင်းတော်ကိုပြန်ပြေးခဲ့ရပြန်တယ်။

စူဠပန်လည်း အသွင်သဏ္ဌာန်တူအောင် ဖန်ဆင်းနေပြန်တဲ့အတွက် ပင့်သောဒါယကာက ' အရှင်စူဠပန်ကြွတော်မူပါ ' ဟု လျှောက်တဲ့အခါ " ငါလည်း စူဠပန်ပဲ " ဟု ရဟန်းတစ်ထောင်လုံးက ဆိုကြပြန်တယ်။

ဒါယကာလည်း အဘယ်ပုဂ္ဂိုလ်ကြွပါဟု မလျှောက်တတ်တဲ့အတွက် ဘုရားရှင်ထံပြန်လာပြီး ...

' အရှင်ဘုရား၊ အလုံးစုံသော သံဃာတော်များက ငါလည်း စူဠပန် ဟု များစွာသော သံဃာတော်တွေက ပြောနေကြပါတယ်ဘုရား ' ဟု လျှောက်ထားတော်မူတယ်။

ဘုရားရှင်တော်မြတ်က စဉ်းစားတော်မူပြီး ...

" ဒါယကာပင့်ခေါ်တဲ့အခါ ရှေးဦးစွာထူးသော ရဟန်း

ကိုသာ လက်ကိုအမြန်ဆွဲကိုင်ပြီး ပင့်ခဲ့ပေတော့" ဟု မိန့်တော်မူလိုက်တယ်။

အဲဒီဒါယကာလည်း မြတ်စွာဘုရားမိန့်တော်မူတဲ့အတိုင်း သွားကိုင်လိုက်တဲ့အခါ သံဃာတော်တို့ကွယ်ပျောက်ပြီး တစ်ပါးတည်းဖြစ်မှ အိမ်သို့အပါပင့်ဆောင်ခဲ့တယ်။ ဆွမ်းဘောဇဉ်တို့ကိုလည်း ဆက်ကပ်လှူဒါန်းလိုက်တယ်။

စူဠပန် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က ...

"ချစ်သား စူဠပန်၊ တရားအနုမောဒနာကို ဟောကြားတော်မူပါ" ဟု တိုက်တွန်းတော်မူတဲ့အတွက် အရှင်စူဠပန်လည်း ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောအသံနဲ့ သုံးတန်ရှိတဲ့ပိဋကတ်ကို အနှံ့အစပ်မွှေနှောပြီး ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူတယ်။

တရားဟောကြားပြီးတဲ့အခါ မြတ်စွာဘုရားကလည်း ငါးရာသော သံဃာတော်တို့နဲ့တကွ ကျောင်းတော်သို့ပြန်ကြွကြကုန်တယ်။

အဲဒီအချိန်ကစပြီး နောင်တော်မဟာပန်ကဲ့သို့ အရှင်စူဠပန်လည်း ဗုဒ္ဓသာသနာတော်ရဲ့ လေးထွေသော ပဋိသမ္ဘိဒါနဲ့တကွ သဟဇာတဖြစ်အောင် သွန်သင်ပြတော်မူနိုင်ပြီး 'အနုတ္တရ မမ္မရာဇာ' ဖြစ်တဲ့ ဘုရားရှင်တော်မြတ်ရဲ့ ကျေးဇူးဂုဏ်ကို ပသုမြွေ ဤမြေနှစ်သိန်းနဲ့ နှိုင်းယှဉ်မဆုံးရှိနေကြတယ်။

မဟာပန္ထကနဲ့ စူဠပန္ထက ရဟန်းညီနောင်တို့ဟာ ဗုဒ္ဓ

သာသနာတော်အတွက် အထွဋ်အမြတ်ထား ကိုးကွယ်ရမယ့် ရဟန်းများဖြစ်လာပါတော့တယ်။

ဒီဇာတ်တော်ကို ဖတ်ရတဲ့ ညီ၊ ညီမငယ် ကလေးတို့ရဲ့ အသိတရားများဟာ စူဠပန်ကဲ့သို့ ပညာဉာဏ်စွမ်းနဲ့ မပြည့်စုံပေမယ့် တစ်ဂါထာကို လေးလပတ်လုံးသင်ကြားခဲ့သည့်တိုင် မတတ်မြောက်နိုင်လို့ နောင်တော် မဟာပန်က သာသနာက ထွက်ခွာစေတယ်၊ အဲဒီလိုအပြောခံရပြီး စိတ်ဓာတ်ကျနေတဲ့ စူဠပန်ဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်က နေအရှိန်တက် တစ်နံနက်ခင်းကလေးမျှသာ တရားပြပေးတော်မူတဲ့အခါမှာတော့ ပါရမီအရင်းခံရှိနေတာမို့ ဗုဒ္ဓသာသနာမှာ သူမတူအောင် ထွန်းပေါက်ခဲ့ကြတယ်။ စူဠပန်ကဲ့သို့ စိတ်ဓာတ်ယိမ်းယိုင်ခြင်းကို ဖြောင့်မတ်ပေးလိုက်နိုင်တဲ့အတွက် သာသနာတော်မှာ ဆုံးရှုံးမှုမဖြစ်တော့ဘဲ ကြိုးစားအားထုတ်ခြင်းရဲ့ ရလာဘ်အဖြေကို သင်ခန်းစာယူရမယ်။

ညီ၊ ညီမငယ် ကလေးတို့အပေါင်းလည်း မိမိပညာသင်ကြားနေရတဲ့အချိန်အခါမှာ စိတ်ဓာတ်မကျဘဲ မိမိရဲ့အသိဉာဏ်၊ မြှတ်ထိုးစိတ်ကူးနဲ့ စာပေများကိုဖတ်ရှုလေ့လာပြီး ဉာဏ်ရှိသလို ဆောင်ရွက်သွားပါက တစ်နေ့မှာ အောင်မြင်နိုင်တယ်ဆိုတာ ဇာတ်တော်က ပညာပေးပါတယ်။ ။

(ဇိနတ္ထပကာသနီကျမ်း စာ-၁၈၇)

## ကြမ်းတမ်းယုတ်မာတဲ့ဘဝကို နူးညံ့သိမ်မွေ့စေခြင်း (အာဠာဝကဘီလူးဇာတ်တော်)

မဇ္ဈိမဒေသရဲ့အရှေ့မြောက်ဘက်အရပ်မှာရှိတဲ့ ဟိမဝန္တာတောကြီးအနီးမှာ 'အလံစီဘူသန် ဓတ္တာတီအာဠဝီ' အမည်နဲ့အညီ အာဠာဝီတိုင်းပြည်ဆိုတာရှိတယ်။

အဲဒီတိုင်းပြည်နဲ့ တစ်ဂါဝုတ်အကျော် အကွာအဝေးမှာ ညောင်ပင်ကြီးတစ်ပင်လည်းရှိတယ်။

ဒီညောင်ပင်ကြီးမှာ အာဠာဝကဘီလူးကြီးတစ်ကောင်က ပိုင်ဆိုင်နေထိုင်လျက်ရှိတယ်။ အာဠာဝကဘီလူးကြီးက စတုမဟာရာဇ် နတ်မင်းကြီးထံ နယ်မြေသွားရောက်တောင်းခံစဉ် အခါက 'မွန်းတည့်ကာလအချိန်မှာ ညောင်ပင်ရိပ်ကိုဝင်ရောက်ခိုနားလာတဲ့ သတ္တဝါများကိုသာ အသင်စားပိုင်စေ' လို့ ခွင့်တော်ရရှိထားတယ်တဲ့။ အဲဒါကြောင့် အာဠာဝကဘီလူးကြီးဟာ

ညောင်ပင်ရိပ်အောက်ရောက်တဲ့ သတ္တဝါမှန်သမျှရဲ့အသားကို စားသောက်အသက်ရှင်နေတယ်။

တစ်နေ့မှာတော့ အာဠဝီပြည်ကိုအုပ်ချုပ်တဲ့မင်းဟာ ကျေးကျွန်ခြွေရံမှူးမတ်များနဲ့တကွ တောကစားထွက်လာခဲ့တယ်။ တောကစားထွက်လာလို့ ခုနစ်ရက်ကြာမြင့်တဲ့နေ့မှာ ဇော်ခေါ် ချေသမင်တစ်ကောင်ကိုတွေ့ရတယ်။

အဲဒီအချိန်မှာ အာဠဝီမင်းကြီးက ရှားပါးစွာတွေ့ရတဲ့ သမင်ကိုမလွတ်အောင် ဝိုင်းဝန်းဖမ်းကြဖို့ နောက်လိုက်ဗိုလ်ပါ တွေကို ကိုယ့်တာ သူ့တာအဖြစ် တာဝန်ပေးလိုက်တယ်။

" အသင်တို့ သမင်ကိုမလွတ်စေနဲ့ သမင်လွတ်မြောက် ထွက်ပြေးပါက ထွက်ပြေးတဲ့သူရဲ့ဘက်က တာဝန်သာဖြစ်တယ်" ဟု ဘုရင်မင်းကြီးကအစကတိပြုပြီး သမင်ကိုဝိုင်းရံဖမ်းကြ တော့တယ်။

ဒီအခါမှာ လိမ္မာပါးနပ်တဲ့ချေသမင်ဟာ အရှင်မင်းကြီး ရဲ့ နံပါးတော်ကနေ ထွက်ပြေးသွားခဲ့တယ်။ မင်းကြီးတာက ထွက်ပြေးသွားတဲ့အတွက် ကတိအတိုင်း ချေသမင်ကိုမရမချင်း ဖမ်းဆီးရန် မင်းကြီးဟာလေးမြား သန်လျက်တော်တို့ကိုကိုင်ပြီး လိုက်ရတော့တယ်။

ချေသမင်လည်း သုံးယူဇနာလောက်ပြေးမိပြီး မောပန်း သွားလို့ ရေရှိရာအိုင်ကိုဆင်းကာ ရေသောက်နေစဉ်မှာ မင်းကြီး က ချေသမင်ကိုမိသွားတယ်။ ချေသမင်ရဲ့အသားကို အလိုမရှိ ပေမယ့် မင်းကြီးဟာ သူ့ရဲ့ကျေးကျွန်အမတ်အပေါင်းတို့က ပြက်

ရယ်ပြုမှာ စိုးရိမ်တာကြောင့် ရွှေသမင်ကိုသတ်ပြီး ထမ်းပိုးကာ ပြန်လာခဲ့တယ်။

မင်းကြီးလည်း ခရီးဝေးမှထမ်းလာရလို့ မောပန်းနေတဲ့အတွက် လမ်းခရီးမှာ အရိပ်အာဝါသကောင်းတဲ့ ညောင်ပင်ကြီးအောက်ကိုဝင်ပြီး ပင်ပန်းမှုပြေပျောက်ဖို့ နားခိုလိုက်တယ်။

ဒီညောင်ပင်ဟာ အာဠာဝကဘီလူးကြီးပိုင်တယ်ဆိုတာ မင်းကြီးကမသိဘူး။ အဲဒီအချိန်မှာ ဘီလူးကြီးဟာ မင်းကြီးနားခိုနေတာမြင်တာနဲ့ ကိုယ်တိုင်ဆင်းကာ စားသောက်လိုတဲ့အတွက် အနားကိုကပ်သွားတယ်။

မင်းကြီးလည်း ဘီလူးကိုမြင်လိုက်တာနဲ့ အလွန်ကြောက်လန့်သွားပြီး ...

" ဒီသမင်သားကို စားသောက်ပါဘီလူး၊ ကျွန်ုပ်ရဲ့အသက်ကိုတော့ ချမ်းသာပေးပါ " ဟု မင်းကြီးက တောင်းပန်လိုက်တယ်။

ဘီလူးကြီးကလည်း ...

' မင်းကြီး၊ သင်ဟာ ဥစ္စာရှင်ရဲ့ ဘဏ္ဍာနဲ့ဥစ္စာကို ပဏ္ဍာပြုပြီး လှည့်ပတ်သကဲ့သို့ ငါ့ကိုလှည့်ပတ်နေသလား၊ ငါ့ရဲ့ညောင်ရိပ်အောက်ကိုရောက်လာတဲ့ သင်ရယ်၊ သင့်ရဲ့သမင်ဟာ ငါ့ရဲ့အစာမဟုတ်လား ' လို့ဆိုလိုက်တယ်။

မင်းကြီးလည်း ...

" အသင်ဘီလူး၊ သင်ဟာ တစ်နေ့စားရတဲ့အစာထက် နေ့ရက်ရှည်ကြာ စားရခြင်းကို အလိုမရှိပေဘူးလား၊ ကျွန်ုပ်ဟာ

အာဠာဝီပြည်ကိုအုပ်ချုပ်နေတဲ့ မင်းဖြစ်တယ်၊ ဒီနေ့ အခုသမင်သားကိုစားပြီး ကျွန်ုပ်ကိုလွှတ်လိုက်ပါက လူတစ်သောက်နဲ့ ထမင်းတစ်အိုးကို နေ့စဉ်နေ့တိုင်း အသင်ဘီလူးထံပို့ပေးပါ့မယ်" ဟု ကတိသစ္စာဆိုလိုက်တဲ့အခါ ဘီလူးကလည်း ...

' သင့်ကိုလွှတ်လိုက်လို့ နန်းတော်ပြန်ရောက်တဲ့အခါ မင်းတို့ရဲ့စည်းစိမ်ကို ခံစားနေတဲ့သင်ဟာ ရာဇမာန်ဝင့်ပြီး မေ့လျော့နေလိမ့်မယ်၊ ငါလည်း ဒီညောင်ပင်အောက်လာတဲ့သူကိုမှ စားခွင့်ရတယ်၊ သင်ကမပို့လာရင် ငါဘယ်လိုဆောင်ရွက်နိုင်ပါတော့မလဲ ' ဟု ဆိုတဲ့အခါ ...

မင်းကြီးကလည်း ...

" ကျွန်ုပ်ကတိသစ္စာပြုထားပေပြီ၊ လူတစ်ယောက် ထမင်းတစ်အိုး လာမပို့တဲ့နေ့ရှိပါက နန်းတော်မှာရှိနေတဲ့ ကျွန်ုပ်ကို သင်လာ၍စားပိုင်ခွင့်ရှိစေပါ့မယ် " ဟု ထပ်ကာ ကတိသစ္စာပြုလုပ်ရင်ပဲ ...

အာဠာဝကဘီလူးကြီးလည်း ...

' အသင်မင်းကြီးဆိုတိုင်း ကတိသစ္စာမှန်ပါစေ၊ သင်သွားလိုကသွားပေတော့ ' ဟု ခွင့်ပေးလိုက်လေတယ်။

မင်းကြီးလည်း နန်းတော်သို့ပြန်လာခဲ့ရာ မှူးမတ်ဗိုလ်ပါအပေါင်းတို့က လမ်းခရီးမှာ သစ်ခက်တဲဆောက်ပြီး စောင့်ကြိုနေကြတယ်။ မင်းကြီးပြန်လာနေတာကိုမြင်ရလို့ ဦးတင်ကြိုဆိုကာ အကြောင်းစုံကိုမေးမြန်းကြပြီး နန်းတော်ကိုဝင်တော်မူတယ်။

နန်းတော်ကိုရောက်တဲ့အခါ နံနက်စာစားပြီးတာနဲ့ မြို့တော်ဝန်ကိုခေါ်လိုက်တယ်။ အကြောင်းစုံကိုပြောပြ တိုင်ပင်တဲ့အခါ မြို့တော်ဝန်ကလည်း ...

" အရှင်မင်းကြီး၊ အဘယ်နေ့ရက်ကြာအောင် အချိန်ပိုင်းခြားထားခဲ့ပါသေးလဲ " ဟု မေးတဲ့အခါ ...

' အပိုင်းအခြားကို မထားခဲ့မိချေ ' ဟု မင်းကြီးက ဖြေလိုက်တယ်။ အဲဒီအခါ မြို့တော်ဝန်က ...

" အချိန်ပိုင်းခြားမထားခဲ့ရင်တော့ ဒီဘီလူးကို နှစ်လရက်ရှည်ကြာ ကျွေးရတော့မှာပဲ၊ ဒီ အာဠဝီပြည်သူပြည်သားအားလုံးဟာ သင်တုန်းဓားရဲ့အသွားထက်မှာ နေရသလိုဖြစ်နေပြီး ဘယ်လိုပဲဖြစ်ဖြစ် အသင်မင်းကြီးစိုးရိမ်ကြောင့်ကြမရှိ စံနေတော်မူပါ။ အခြားသူများ မသိပါစေနှင့်၊ ဒီအရေးကို ကျွန်တော်မျိုး ဆောင်ရွက်တော်မူပါမယ် " ဟု ဆိုလိုက်တယ်။

အဲဒီနေ့ကစပြီး နှောင်အိမ်ထဲမှာဖမ်းဆီးထားတဲ့ သတ်ထိုက်သူတွေကို တစ်နေ့တစ်ယောက်ခေါ်ယူပြီး ...

" သင်တို့ အသက်ရှည်လိုမှုထွက်ခဲ့ကြ၊ ဒီထမင်းအိုးကို ညောင်ပင်စောင့်နတ်အား ပူဇော်သသချေ၊ သင့်တာဝန်ကျေပါက သွားလိုရာအရပ်ကို သွားပေတော့ " ဟုပြောပြီး ရေချိုးထမင်းကျွေးကာ ဘီလူးထံလွှတ်လိုက်တယ်။

လွှတ်လိုက်တဲ့ယောကျာ်းလည်း ညောင်ပင်အောက်ကို ဝင်တယ်ဆိုရင်ပဲ အာဠဝကဘီလူးက ဆွဲ၍စားတော့တယ်။ ဒီလိုနဲ့ နေ့စဉ်ဘီလူးစားရန်လွှတ်တာကို လူအပေါင်းတို့က သိ

ကုန်တယ်။

' ငါတို့မင်းကြီးဟာ ခိုးသူတွေကို ဘီလူးစာကျွေးနေတယ်လို့သိကြတဲ့ ပြည်သူပြည်သားတွေဟာ ကြောက်ရွံ့ပြီး ခိုးဝှက်ဆိုးသွမ်းခြင်းကို မပြုကြတော့ဘူး၊ နှစ်လတွေကြာရှည်လာတဲ့အခါ အကျဉ်းကျနေတဲ့ ခိုးသားတွေလည်းကုန်ပြီး နှောင်အိမ်ဟာ ဆိတ်ငြိမ်နေတော့တယ်။

အဲဒီအခါ ဥစ္စာပစ္စည်းထုပ်ကို အိမ်ကြားလမ်းတွေပေါ်မှာချထားပြီး ကောက်တဲ့သူတွေကိုဖမ်းဆီးကာ ဘီလူးစာအဖြစ်ပို့ကြတယ်။ ဒီအကြောင်းကို ပြည်သူပြည်သားတွေက သိကြတဲ့အတွက် ဥစ္စာပစ္စည်းထုပ်ကို လက်ခြေတို့နှင့်ပင် မတို့မထိဝံ့ကြတော့လို့ ခိုးသူများမရှိလောက်အောင် ဖြစ်သွားတယ်။ မူးမတ်တို့လည်း နန်းရင်ပြင်မှာ စည်းဝေးကြရတော့တယ်။

" ပြည်သူအပေါင်းဟာ အရှင်မင်းကြီးရဲ့ ကျေးဇူးတော်ကို ခံယူနေကြသူများသာဖြစ်ပါတယ်။ အမျိုးနိမ့်မြင့် အစဉ်အတိုင်း တစ်ယောက်ယောက်သောသူအိုတို့ကို ပို့မှသင့်တော်မယ်၊ သူအိုဆိုတာ အလိုလိုပင်သေမင်းခံတွင်းဝကို ရောက်နေသူတွေမို့ ကိုယ့်အသက်ကိုစုံမက်စရာမရှိပြီ " ဟု အမတ်ကြီးများက အကြံပေးကြကုန်တယ်။

ဒီစကားကို မင်းကြီးကြားရတဲ့အခါ ...

' ဒီအကြံဟာ မသင့်လျော်ပါ။ မိဘဘိုးဘေးတို့ရဲ့ ကျေးဇူးကို သတိရသိတတ်တဲ့သူတွေက ငါတို့ရဲ့ဘိုးဘေး အဘိုးအဘွားတွေကို ဘီလူးစာကျွေးရကောင်းလားဆိုပြီး တစ်ပြည်လုံး

ချောက်ချားကုန်လိမ့်မယ်၊ ပို့တဲ့သူအတွက်လည်း အပြစ်ကြီးဖြစ်လိမ့်မယ်၊ ငါမနှစ်သက်ဘူး၊ အခြားအကြံကို ကြံကြပါကုန်လော့' ဟု မင်းကြီးက တားမြစ်ပိတ်ပင်တော်မူတယ်။

ဒီအခါမှာ အကြံပေးအမတ်ကြီးတို့က ...

" ပုခက်ထဲမှာ ပက်လက်အိပ်နေကြတဲ့ ကလေးတွေကို ပို့သင့်တယ်၊ ဒီကလေးငယ်တွေဟာ မိဘများလည်း လွန်စွာမချစ်ခင်သေး၊ ငါ့မိငါ့ဖရယ်လို့လည်း ကလေးသူငယ်က မသိသေးတဲ့ အရွယ်ဆိုတော့ သင့်တော်လိမ့်မယ်ထင်ပါကြောင်း " မင်းကြီးထံ လျှောက်တင်ကြတယ်။

အာဠဝီမင်းကြီးလည်း ဒီအရေးကိုတော့ဖြင့် ခွင့်ပြုလိုက်တယ်။ နေပြည်တော်အတွင်းမှာရှိတဲ့ အိမ်စဉ်အကိုင်း ကလေးသူငယ်တွေကို ယူဆောင်ပြီး ဘီလူးထံပို့ကြတယ်။ ဒီအခါ ပြည်သူပြည်သားတွေထဲက သားငယ်သမီးငယ်ရှိတဲ့သူတွေ၊ ကိုယ်ဝန်ဆောင်ထားတဲ့မိန်းမတွေဟာ အရပ်တစ်ပါးကိုထွက်ပြေး တိမ်းရှောင်ကြတော့တယ်။ ကလေးသူငယ်တွေ အသက်ကြီးလူလားမြောက်ခါမှ ပြန်လာခဲ့ကြတယ်။

ဒီလိုနဲ့ ဆယ့်နှစ်နှစ်တိုင်အောင် လူပေါင်းလေးထောင်သုံးရာကျော်ကုန်လေတော့ အာဠဝီပြည်ကြီးမှာ ကလေးလူငယ်တစ်ယောက်မှ ရှာမတွေ့တော့ဘူး၊ အမတ်ကြီးတွေလည်း မင်းကြီးထံခစားပြီး ...

" အရှင်မင်းတရားကြီး၊ ယမန်နေ့ကဖွားမြင်တဲ့ မင်းကြီးရဲ့သားတော် အာဠဝကကုမာရမင်းသားလေးမှတစ်ပါး ကလေး

သူငယ်တစ်ယောက်မှ မရှိတော့ပါ" ဟု လျှောက်တင်ကြတယ်။

အဲဒီအခါမှာ မင်းကြီးက ...

"ဒီလောကမှာ မိမိကိုယ်ထက် စုံမက်ချစ်ခင်ကြတဲ့သူ မရှိချေ။ သားကိုတွယ်တာနေပါက ငါ့အတွက်အန္တရာယ်ဖြစ်ချေတော့မည်။ ငါ့ရဲ့သားတော်ကိုပို့ကြကုန်လော့" ဟု မင်းကြီးက ခွင့်ပေးတော်မူလိုက်တယ်။

ဒီအချိန်မှာပဲ မိဖုရားကြီးဟာ သားတော်ကိုချစ်မြတ်နိုးလွန်းလို့ တန်ဆာဆင်ဝတ်တော်များနဲ့ ရင်ခွင်ထက်ပွေ့ပိုက်ပြီး ရှင်မြူးနေတယ်။ မင်းချင်းယောကျ်ားတို့ကလည်း မင်းရဲ့အာဏာနဲ့ အာဠာဝကကုမာရမင်းသားလေးကို ဆွဲဆောင်ယူငင်သွားကြတယ်။ မိဖုရားနဲ့ အထိန်းတော်တစ်သောင်းခြောက်ထောင်တို့ဟာ ငိုကြွေးပြီးကျန်ရစ်ခဲ့ကြတော့တယ်။

အဲဒီလိုနဲ့ အာဠာဝကကုမာရမင်းသားလေးကို မနက်ဖြန် ပို့ရမယ်လို့ နန်းတော်မှာကြုံစည်နေကြတယ်။

ဒီအချိန်မှာပဲ မြတ်စွာဘုရားရှင်က မဟာကရုဏာသမာပတ်ကိုဝင်စားတော်မူတယ်။ သဗ္ဗညုတ ဉာဏစက္ခုနဲ့ လောကကိုရှုမြင်တော်မူလိုက်တဲ့အခါ အာဠာဝကကုမာရမင်းသားလေးရဲ့ အနာဂမ်ဖိုလ်ကောင်းကျိုးအတွက် တည်စေရန်နှင့် အာဠာဝကဘီလူးကြီးလည်း သောတပတ္တိဖိုလ်ကို ရောက်စေရန် ရှစ်သောင်းလေးထောင်မျှရှိတဲ့ သတ္တဝါတို့ကိုတရားရစေလိုတဲ့အကြောင်း မြင်တော်မူတယ်။

ဒီအမြင်တော်တွေနဲ့ ဗုဒ္ဓဘုရားရှင်ဟာ လက်ွယ်နေ့ညနေ

ချမ်းခါဖြစ်ပေမယ့် ကိုယ်တော်တစ်ပါးတည်းပင် ပရိက္ခရာရှစ်ပါးကိုဆောင်ယူပြီး အာဠာဝကဘီလူးကြီးရှိတဲ့ ဗိမာန်ဆီသို့ကြွခဲ့တော့တယ်။

ဘုရားရှင်ကြွတော်မူတဲ့အခါမှာ အာဠာဝကဘီလူးကြီးဟာ ဟိမဝန္တာအရပ်မှာ များစွာစုံလင်လှတဲ့ နတ်သဘင်အစည်းအဝေးကို သွားနေခိုက်နဲ့ကြုံနေတယ်။ ဘုရားသခင်လည်း ဘီလူးရဲ့ဗိမာန်တံခါးဝမှာ ရပ်တန့်တော်မူလိုက်တယ်။

တံခါးစောင့် ' ဂဒြဘ ' ဘီလူးက ဘုရားရှင်ကို ဖူးမြင်ရတဲ့အခါ ကြည်လင်စွာရှိခိုးဦးညွှတ်ပြီး အပါးတော်ကိုကပ်လာတယ်။

' အရှင်ဘုရား၊ အဘယ့်ကြောင့် ညဥ့်အခါမှကြွလာတော်မူပါသလဲ ' ဟု လျှောက်ထားတော်မူလိုက်တယ်။

ဘုရားရှင်တော်မြတ်ကလည်း ...

" အကြောင်းရှိတဲ့အတွက် ငါကိုယ်တော်မြတ်ကြွလာရခြင်းဖြစ်တယ် " ဟု မိန့်တော်မူလိုက်တဲ့အခါမှာပဲ ...

' အရှင်ဘုရား၊ အကျွန်ုပ်ကား ဝန်မလေးပါ၊ ဒါပေမယ့် အာဠာဝကဆိုတဲ့ ဗိမာန်ရှင်ဘီလူးဟာ ကြမ်းတမ်းခက်ထန်လှပါတယ်။ မိဘဆရာကိုသော်မှ ရိုသေရှိခိုးခြင်းမရှိပါဘူး၊ ရတနာသုံးပါး ကျေးဇူးဂုဏ်ကိုလည်း မသိဘူး၊ ဒါကြောင့် ဒီနေရာမှာ တည်းခိုဖို့ဆိုတာ မသင့်လျော်ပါဘူး ' ဟု လျှောက်တင်လိုက်တယ်။

ဘုရားရှင်တော်မြတ်ကလည်း ...

" အချင်း ဂဒြဘ၊ အာဠာဝကဘီလူးရဲ့ ကြမ်းတမ်းတဲ့

အဖြစ်ကို ငါကိုယ်တော်မြတ်သိတယ်၊ သင်တို့ရဲ့ အာဠာဝကဟာ ငါကိုယ်တော်မြတ်ကို အန္တရာယ်မပြုနိုင်ရာ၊ သင့်အနေနဲ့ ဝန်မလေးပါက တစ်ညဉ့်မျှတည်းခိုပါရစေ " ဟု မိန့်တော်မူလိုက်တယ်။

ဂဒြဘကလည်း ...

' အရှင်ဘုရား၊ အာဠာဝကဘီလူးကား ပူပြင်းလှတဲ့မီးအိုးကင်းနဲ့တူပါတယ်၊ မိဘဆရာ ရတနာသုံးပါး၊ ရဟန်းရယ်လို့ ထောက်ထား ညှာတာခြင်းမရှိပါ၊ ဂုဏ်ကျေးဇူးကိုလည်း မသိပါ။ သူ့ရဲ့နေရာကို ရောက်လာတဲ့သူတိုင်းကို စိတ်ဖောက်ပြားအောင် ပြုတတ်ပါတယ်၊ နှလုံးသားကိုလည်း ခွဲစားတတ်ပါတယ်၊ ခြေကိုကိုင်ပြီး သမုဒ္ဒရာရဲ့တစ်ဖက် စကြာဝဠာတိုင်အောင် ပစ်ပေါက်တတ်ပါတယ်၊ ဒါကြောင့် မတည်းခိုသင့်ပါအရှင် ' ဟု တံခါးစောင့် ဂဒြဘက လျှောက်တင်လိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်က ...

" အာဠာဝကဘီလူးရဲ့အကြောင်းစုံကို ငါသိတော်မူတယ်၊ အချင်း ဂဒြဘ သင်ကတာဝန်မလေးဘူးဆိုရင် တစ်ညဉ့်မျှသာ ငါ့ကိုတည်းခိုခွင့်ပြုပါ " ဟု ထပ်မံမိန့်တော်မူပြန်တယ်။

' ကျွန်ုပ်ကား ဝန်မလေးပါ၊ အရှင်မြတ်တည်းခိုပါက ကျွန်ုပ်ကိုသတ်လိမ့်မည်၊ ဒါပေမယ့် အရှင်မြတ်တည်းခိုမှုဖြစ်မယ်ဆိုရင် ကျွန်ုပ်အာဠာဝကထံ အကြောင်းကြားပြီး နေထိုင်ခွင့်ပန်တော်မူပါဦးမယ် ' ဟု လျှောက်တင်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း ...

" ကောင်းပြီ၊ သင်သွား၍ အကြောင်းကြားခွင့်ပန်ချေ" ဟု ဂဒြဘကို ဝိမဝန္တာသို့သွားစေတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း ဘီလူးရဲ့ဗိမာန်တော်အတွင်းကိုဝင်ရောက်ပြီး ရတနာခုနစ်ပါးနဲ့ အုတိပြုလုပ်ထားတဲ့ ရာဇပလ္လင်ထက်ကို တက်လိုက်တယ်။ တစ်ခဲနက်သောရွှေနဲ့ဆက်တဲ့ ရောင်ခြည်တော်ကိုလွှတ်တယ်။

အဲဒီအခါမှာ အာဠာဝကဘီလူးကြီးရဲ့မောင်းမမိသံတို့အားလုံးဟာ ဘုရားရှင်တော်မြတ်ထံလာပြီး ရှိသေစွာရှိခိုးကြကုန်တော့တယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကလည်း သူတို့နဲ့လျော်ကပ်သင့်တော်မယ့် တရားများကိုဟောကြားလိုတာနဲ့

" သင်တို့ဟာ ရှေးရှေးဘဝက ဒါန၊ သီလ၊ ဘာဝနာတို့ကို ဆည်းပူး ပူဇော်ခဲ့ကြလို့ ထူးတဲ့နတ်ဘီလူးတို့ရဲ့စည်းစိမ်ကိုရခဲ့ကြတယ်။ သူတစ်ပါးကိုသနားခြင်း၊ ချစ်ခင်ခြင်းတွေကြောင့်လည်း အဆင်းအရောင်လှပကြတယ်။ အခု ဘဝမှာလည်းကုသိုလ်ကောင်းမှုတွေကို ပြုလုပ်အားထုတ်ကြပါ၊ ချုပ်ချယ်ပစ်မှားခြင်းတို့ကို မပြုကြပါနှင့်" ဟု ချိုသာစွာ တရားတော်ကိုဟောကြားဆုံးမတော်မူနေတယ်။

ဒီအချိန်မှာပဲ ဂဒြဘ ဘီလူးဟာ ဘီလူးနတ်တို့စည်းဝေးရာ ဟိမဝန္တာတောကိုသွားပြီး အာဠာဝကဘီလူးထံကို ဘုရားသခင်ဟာ ဗိမာန်မှာဝင်ရောက်နေကြောင်း ပြောကြားတဲ့အခါ အာဠာဝကဘီလူးလည်း ...

'အသင် ဂြဒ္ဒဘ ငါ၏ဒီမာန်ထဲကို မရှိမသေမလေးစား ပါဘဲ ဘုရားဆိုတဲ့သူက ဝင်ရောက်နေတာဟာ ကြားလို့မှမတင့် တယ်၊ ရှက်ဖွယ်ကောင်းလှပေတယ်၊ အသင် ဆိတ်ဆိတ်သာနေ၊ သူမသိစေနဲ့ ပြုခွင့်ရှိတာတွေကို ငါဆောင်ရွက်မယ် 'ဟု အာဠာ ဝကဘီလူးကြီးက ဒေါသမာန်တို့ခက်ထန်ပြီး ဘုရားရှင်ကိုရန်ငြိုး ကြီးစွာထားလိုက်တယ်။

အဲဒီအချိန်မှာပဲ ဘာတာဂီရိနတ်နဲ့ ဟေမဝတနတ်မင်း ကြီးတို့ဟာ အာဠာဝကဘီလူးတက်ရောက်ရာ နတ်သဘင် အစည်းအဝေးကို တက်ရောက်ရန် ဆင်ယာဉ်၊ မြင်းယာဉ်၊ ဂဠုန် ယာဉ်တို့ကိုစီးပြီး ကောင်းကင်ခရီးကလာကြတဲ့အခါ အာဠာဝက ဗိမာန်ပေါ်ကိုရောက်လိုက်တာနဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ တန်ခိုး အာနုဘော်ကြောင့် မကျော်မလွှားနိုင်ဘဲ ပစ်လိုက်တဲ့ခဲကျသကဲ့ သို့ စီးနေတဲ့ယာဉ်များဟာ မြေပြင်ကိုပြုတ်ကျကုန်တယ်။

ဘာတာဂီရိနတ်နဲ့ ဟေမဝတနတ်တို့က စဉ်းစားကြ တယ်။

'ငါတို့ အစဉ်အမြဲသွားလာနေတဲ့ ခရီးလမ်းဖြစ်ပါလျက် နဲ့ အဘယ်ကြောင့် အခုလိုပြုတ်ကျရတာလဲ 'ဟု ကြည့်လိုက်တဲ့ အခါ ရှင်တော်ဗုဒ္ဓမြတ်စွာဘုရားဟာ အာဠာဝကဘီလူးရဲ့ဗိမာန် မှာ စံတော်မူနေတာကို တွေ့မြင်ရတဲ့အခါ ဝင်ရောက်ဖူးမြော် ရှိခိုးကြတယ်။ ဘုရားရှင်ထံကိုလည်း ခွင့်ပန်တော်မူကြတယ်။

'အရှင်ဘုရား၊ ယနေ့ညဉ့်မှာ ဟိမဝန္တာတောအနီးရှိ ဒေဝတာသန္နိပါတ မည်တဲ့ နတ်သဘင်အစည်းအဝေးကို တက်

ရောက်ရန် ကျွန်ုပ်တို့ကိုသွားခွင့်ပြုပါ ' ဟု လျှောက်ကြားတဲ့အခါ မြတ်စွာဘုရားက ခွင့်ပြုတော်မူလိုက်တယ်။

အဲဒီ နတ်နှစ်ပါးလည်း နတ်သဘင်အစည်းအဝေး ရောက်တဲ့အခါ အာဠာဝကဘီလူးကလည်း နေရာမှထကာ နေရာထိုင်ခင်းပေးလေတယ်။

အဲဒီမှာလည်း ဘာတာဂီရိနတ်မင်းနဲ့ ဟေမဝတနတ်တို့က အာဠာဝကဘီလူးကြီးကို ပြောပြကြတယ်။

' အဆွေ အာဠာဝက၊ ဘုရားရှင်ဟာ သင့်ရဲ့ဗိမာန်မှာ စံတော်မူနေတယ်၊ တရားသဘင် စီရင်ဟောကြားနေလို့ ငါတို့ပင် ဝင်ရောက်ပူဇော်ခဲ့သေးတယ်၊ အသင်လည်း မြန်စွာသွားပြီး ရှိသေညွှတ်တွား ဆည်းကပ်ပူဇော်ချေ ' ဟု ဆိုကြတယ်။

နတ်မင်းတို့ရဲ့စကားကို ကြားလိုက်တဲ့အခါ သီလမရှိတဲ့ လူအား သီလစကားကြားရသကဲ့သို့ နားနှစ်ဖက်ထဲကို သံပူချောင်းနဲ့ ထိုးနှက်သလိုခံစားလိုက်ရတယ်။ ဝန်တိုတဲ့သူကို အလှူစကားပြောကြားလိုက်သကဲ့သို့ နားပါးတို့နာကျင်ခံစားလိုက်ရတယ်။

ကြည်ဖြူသဒ္ဓါကင်းမဲ့တဲ့ အာဠာဝကဟာ ဘုရားရှင်ရဲ့ ကျေးဇူးစကားကိုကြားရတဲ့အခါ ပူပြင်းလှတဲ့အိုးကင်းထဲကို ချလိုက်တဲ့ ဆားမှုန့်များကဲ့သို့ အမျက်ဒေါသများ တဖျစ်ဖျစ်ဖြစ်ပေါ်လျက် ...

' မရည်မင် ငါ့ရဲ့ဗိမာန်မှာဝင်ရောက်နေတဲ့ ဘုရားရှင်ဟာ ဘယ်လိုလူလဲ၊ သတ်ပစ်မယ် စားပစ်မယ် ' ဟု ကြိမ်းဝါး

လိုက်သံကို ကြားရတဲ့နတ်မင်းနှစ်ပါးက ...

" အသင် အာဠဝက သင်ဟာ ငါတို့ရဲ့ဆရာ မြတ်စွာဘုရားကို မသိလေသလား၊ တုသိတာနတ်ပြည်မှာနေတဲ့ နတ်ဖြဟ္မာအပေါင်းတို့က တောင်းပန်တဲ့အတွက် လူ့ပြည်မှာပဋိသန္ဓေယူတော်မူပြီး ဖွားမြင်ခဲ့တယ်။ ဘုရင့်သားတော်အဖြစ်က တောထွက်တော်မူပြီး ဘုရားဖြစ်တဲ့အခါမှာ မမွစကြာတရားတော်ကို ဟောတော်မူခဲ့ကာ စကြာဝဠာတိုက်တစ်ခုလုံး တုန်လှုပ်ခဲ့တယ်။ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ထင်ရှားခဲ့တယ်။ အဲဒါတွေကို သင်မမြင်ခဲ့၊ မတွေ့ကြုံခဲ့ဘူးလား "

ဟု မေးလိုက်ကြတယ်။

အာဠဝကဘီလူးလည်း ဒေါသကြီးစွာ အမျက်ထွက်လာတာမို့ ထင်ရှားစွာတွေ့မြင်ခဲ့ရပေမယ့် ကွယ်ဝှက်ဖုံးဖိပြီး ..

' ငါ မသိမမြင်ခဲ့ပါ ' ဟု ဖြေလိုက်တယ်။ ဒီအခါမှာ ဘာတာဂီရိနတ်တို့ကလည်း အာဠဝကဘီလူးကြီးကို ပြောပြလိုက်ကြတယ်။

" အသင်အာဠဝက သင်မြင်တာပဲဖြစ်စေ၊ မမြင်တာပဲဖြစ်စေ အကြောင်းမဟုတ်၊ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တဲ့ ငါတို့ရဲ့ဆရာကို သင်ဘယ်လိုမှမပြုနိုင်ပါ၊ ဘုရားရှင်နဲ့ သင်ဟာ ကောင်းကင်မှာသွားလာနေတဲ့ အာဇာနည်နွားလားဥသဘနဲ့ ဖွားသစ်စနွားငယ်လိုပဲ၊ ယောကျ်ားဗိုလ်ချေထု ကုဋေတစ်သိန်းအားကိုဆောင်တဲ့ ဆင်ပြောင်ကြီးနဲ့ အပါးမှာဖွားသစ်စဆင်ငယ်လိုပဲ၊ သားကောင်တကာတို့ ဦးနှိမ်ရာ ကေသရာဇာခြင်္သေ့မင်းနဲ့ မြေခွေးအို

လိုပဲ၊ ယူဇနာတစ်ရာငါးဆယ် ရှည်လျားကြီးမားတဲ့ ဂမ္ဘုန်မင်းနဲ့ အတောင်ပြုတ်နေတဲ့ ကျီးလိုပဲဆိုတာ သင်နားလည်ထားပါ၊ သင် မယုံကြည်ပါက သင့်စွမ်းအားနဲ့ ဘုရားရှင်ကိုစမ်းလိုက စမ်းသပ် နိုင်ပါတယ် " ဟု ဝိုင်း၍ပြောလိုက်ကြတယ်။

အာဠာဝကလည်း ဒေါသပြင်းထန်ပြီး ဆေးဒန်းမြင်းသို လာ ကျောက်ဖျာထက်မှာ လက်ဝဲခြေနဲ့နင်းလိုက်တယ်၊ အစောက် ယူဇနာခြောက်ဆယ်ရှိတဲ့ ကေလာသတောင်ထွတ်ကို လက်ယာခြေနဲ့နင်းလိုက်တယ်။ နှုတ်ခွန်းတော်မှလည်း ...

' နတ်မင်းတို့ ဆရာဂေါတမ ဘုရားရဟန်းနဲ့ငါဟာ ဘယ်သူကစွမ်းအားတန်ခိုး သာမသာကို ကြည့်ရှုနေကြပါ ' ဟု ကြုံးဝါးလိုက်ပြီး ခွန်အားတင်းလိုက်တဲ့အခါ ပန်းပဲဖိုတွင်းက ရဲ ရဲဝင်းနေတဲ့ သံတွေကိုနှုတ်ပြီးပေပေါ်မှာတင်ကာ ဆွဲလိုက်လို့ အလွှာလွှာလွှင့်စဉ်သကဲ့သို့ ကေလာသတောင်ထွတ်တစ်ခုလုံး အလွှာလွှာကွာကျလျက် ဖရိုဖရဲတကွဲစီဖြစ်သွားခဲ့တယ်။

တောင်ထိပ်ပေါ်မှာရပ်ပြီး ...

' ငါ ... အာဠာဝကဘီလူးတဲ့ဟေ့ ' ဟု ကြုံးဝါးအော် ဟစ်သံဟာ ဇမ္ဗူဒိပ်ကျွန်းအားလုံးကြားပြီး ဟိမဝန္တာတောတစ်ခု လုံး တုန်လှုပ်သွားတယ်။

အဲဒီနောက်မှလည်း ... ရဟန်းဂေါတမကို ပြင်းထန်တဲ့ လေနဲ့အတူ လွင့်ပါစေသတည်းလို့ ကြံလိုက်တယ်။

ဟိမဝန္တာတောတွင်းရှိ တောင်ထွတ်ချောက်ကမ်းပါးတို့ ဖြန်းဖြန်းကွဲပြိုကျကြတယ်။ တောချုံသစ်ပင်တို့ကိုလည်း လဲပြို

မြွတ်ကျစေတယ်။ အာဠာဝီပြည်တွင်းမှာလည်း ဆင်တင်းကုပ်၊ မြင်းတင်းကုပ်တို့ လွင့်စင်စေတဲ့အပြင် အုတ်ကြွပ်နဲ့တည်ဆောက်ထားတဲ့ အိမ်ဟောင်းတွေကို အမှုန့်ဖြစ်စေတယ်။ ဒီလို ကြီးမားတဲ့လေမုန်တိုင်းနဲ့ တိုက်ခတ်ဖျက်ဆီးပေမယ့် မြတ်စွာဘုရားထံရောက်လာတဲ့ လေပြင်းဟူသမျှဟာ သင်္ကန်းတော်ရဲ့အနားတော်ပင် မလှုပ်ရှားနိုင်ဘဲဖြစ်ခဲ့တယ်။

အဲဒီနောက် ရေအလျဉ်နဲ့ပဲ မြတ်စွာဘုရားကို တိုက်ခိုက်ပြန်တယ်။ ကမ္ဘာပျက်မိုးကဲ့သို့ ထစ်ချုန်းပြင်းထန်စွာ မိုးကိုရွာသွန်းစေတယ်။ သစ်ပင်တောင်ကမ်းပါးတို့ကို နစ်လွှမ်းစေပြီး ကွဲပျက်ပြိုလဲစေတယ်။ ဘယ်လိုပဲလုပ်လုပ် ဘုရားရှင်ထံကို ရေအလျဉ်လွှတ်ပေမယ့် နှင်းပေါက်မျှပင် မစိုစွတ်စေဘဲ အဝေးကိုရှောင်သွားတယ်။ ဒါတင် မကျေနပ်ဘူး၊ ဥသျှစ်သီး၊ အုန်းသီးလောက်ရှိတဲ့ ကျောက်ခဲမိုးတွေကို ရွာသွန်းစေပြန်တယ်။ မြေပြင်တစ်ခုလုံး ပဲ့တင်ဟော်လဲပြီး တောင်ကြီးကမ်းကြီးတွေ ပြိုကွဲကြေမွ ပျက်စီးစေပေမယ့် ဘုရားရှင်ထံရောက်တဲ့အခါ နတ်ပေါက်ပေါက်ပန်းတို့သာ ထူးဆန်းစွာကျကုန်ကြတယ်။

ဒီနောက်မှာလည်း တစ်ဖက်သွား နှစ်ဖက်သွားရှိတဲ့ သင်တုန်းဓား၊ သန်လျက်မိုးတို့ကို အခိုးအလျှံနဲ့တကွ ရွာစေပြန်တယ်။

ရဲရဲနီနေတဲ့ မီးကျီးမိုး၊ ပြာပူမိုး၊ သလဲမိုး၊ ညွှံရည်နှစ်မိုးတို့ကိုလည်း အခိုးအလျှံနဲ့တကွ ရွာစေပြန်တယ်။ ဘယ်လိုပဲ ရွာစေ ဘုရားခြေတော်ရင်းရောက်တာနဲ့ ပေါက်ပေါက်ပန်း နံ့သာ

ပျောင်း၊ နူးညံ့သာမှုန်တို့သာဖြစ်ကုန်ကြတယ်။

နောက်ဆုံးမှာတော့ ' ရဟန်းဂေါတမ ထိတ်လန့်ကြောက်ရွံ့၍ ပြေးစေ ' ဟုဆိုကာ လေးထွေသောအင်္ဂါနဲ့ပြည့်တဲ့ အမှောင်တိုက်ကိုဖန်တီးစေတယ်။ ဘုရားရှင်ထံရောက်တဲ့အခါ နေရောင်ခြည်ကွယ်စ အလင်းရောင်ဖြစ်ပေါ်စေတယ်။

အာဋာဝကလည်း ကိုးပါးသောမိုးလက်နက်တို့ကို တိုက်ဖျက်ပေမယ့် ဘုရားရှင်မှာ တစ်စုံတရာမျှမထိခိုက်တာကို မြင်ရတဲ့အတွက် မိမိကိုယ်တိုင်ဝင်ပြီး ဆွဲငင်ဖျက်ဆီးလိုတယ်။

အဲဒီလိုနဲ့ ဘီလူးစစ်သည်အပေါင်းကိုခေါ်ယူပြီး ထူးဆန်းများပြားတဲ့ လက်နက်တွေနဲ့ကိုင်ဆောင် တိုက်ခိုက်ကြတယ်။ ' ဖမ်းကြ၊ ထိုးကြ၊ ခုတ်ကြ ' လို့လည်း အော်ဟစ်ကြိမ်းမောင်းကြတယ်၊ စစ်အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ ဂုမ္ဘဏ်ဘီလူးအပေါင်းတို့နောက်ကပါပေမယ့် အာဋာဝကဟာ ဘုရားရှင်ထံကို မကပ်နိုင်ဘူး၊ အဝေးကနေပြီး အာဏာတန်ခိုးပြရတယ်။

ဒီလိုနဲ့ ညဉ့်ယံကနေပြီး သန်းခေါင်ယံကျော်လွန်တဲ့တိုင်ကြံဆောင်ဖျက်ဆီးခြင်းပြုပေမယ့် ဘုရားရှင်ဟာ တုန်လှုပ်မှုမရှိတာကို မြင်ရတဲ့အခါ ...

' အရှင်ဂေါတမဟာ တန်ခိုးကြီးမားသူဖြစ်တဲ့အတွက် ဘွဲ့ဖြူလက်နက်နဲ့ပစ်မှ တတ်နိုင်ပေတော့မယ် ' လို့ အာဋာဝကဘီလူးအကြံရပြီး ဘုရားရှင်ကို ပြောကြားလိုက်တယ်။

' အရှင်ဂေါတမ၊ ကျွန်ုပ်ရဲ့ ဘွဲ့ဖြူလက်နက်ဟာ ကောင်းကင်ကိုပစ်လိုက်ရင် တစ်ဆယ့်နှစ်နှစ်လုံးလုံး မိုးမရွာနိုင်အောင်

ဖြစ်စေတယ်၊ မြေပြင်သို့ပစ်လိုက်ရင် သစ်ပင်အပေါင်း တစ်ဆယ့်နှစ်နှစ်တိုင်အောင် ဖျက်သုဉ်းခြောက်သွေ့ပြီး အညောက်မပေါက်နိုင်အောင် ဖြစ်စေတယ်၊ သမုဒ္ဒရာထဲကိုပစ်လိုက်ရင် ရှစ်သောင်းလေးထောင်နက်လှတဲ့ ရေအထုကို အိုးကင်းပူမှာချလိုက်တဲ့ရေ ပေါက်ကဲ့သို့ ခန်းခြောက်သွားစေတယ်၊ သင် ကျွန်ုပ်ဝိမာန်က ထွက်မသွားဘူးဆိုရင် အခုပင်လွှတ်လိုက်မယ်' ဟုဆိုပြီး ဘုရားရှင်ထံကို ဘွဲ့ဖြူလက်နက်တို့နဲ့ ပစ်တော့တယ်။

ဘယ်လောက်ပင် အစွမ်းနဲ့ပြည့်စုံတဲ့ ဘွဲ့ဖြူလက်နက်ကို ပစ်လွှတ်စေကာမူ ဘုရားရှင်တော်ထံရောက်တဲ့အခါ ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ ဘွဲ့ဖြူလက်နက်ဟာ ခြေသုတ်ပုဆိုးမြွေစွယ်ကျိုး ဖြစ်သွားစေတယ်။

ဒီအခါမှာ စကြဝဠာတိုက်တစ်သောင်းအတွင်း နေထိုင်ကြတဲ့ နတ်ဗြဟ္မာအပေါင်းတို့ဟာ ဒီနေ့ဟာ ဘုရားသခင်က အာဠာဝကကို ဆုံးမတော်မူလိမ့်မယ်၊ ဒီအခါ ငါတို့လည်း တရားတော်ကို နာကြားရတော့မယ်ဟုသိရှိကြပြီး ဘုရားရှင်ထံ ရောက်လာကြတယ်။

အချို့သောနတ်တွေကလည်း အာဠာဝကနဲ့ဘုရားရှင်တို့ စစ်ထိုးခြင်းကိုကြည့်မြင် နှလုံးသွင်းလိုကြတဲ့အတွက် စုဝေးရောက်လာကြတယ်။ ယူဇနာ လေးသောင်းနှစ်ထောင်ရှိတဲ့ ကောင်းကင်ပြင်တစ်ခုလုံးမှာ နတ်ပရိသတ်တို့ပြည့်နေကြတယ်။ အာဠာဝကလည်း ဘွဲ့ဖြူလက်နက်နဲ့ပစ်ပေမယ့် မြတ်စွာဘုရားဟာ ဘေးမရှိတာကိုမြင်လိုက်ရတော့ အစွယ်လွတ်တဲ့ဆင်၊ ချို

ကျိုးနွားဥသဘာ၊ အဆိပ်ကျတဲ့မြွေကဲ့သို့ ကြမ်းကြုတ်ခက်ထန်တဲ့ မာန်စောင်မှုတွေကို ဖြေလျော့ပြီး ဉာဏ်ကိုဆင်ခြင်ကြည့်တဲ့အခါ 'သဗ္ဗေသတ္တာ အဝေရာဟောန္တု' သတ္တဝါအပေါင်းတို့၏ ဘေးဥပါဒ်ရန်စွယ် အန္တရာယ်အဖြာဖြာမှ ကင်းဝေးသူများဖြစ်ကြပါစေသတည်း ' စတဲ့ မေတ္တာဗြဟ္မဝိဟာရတရားကို ပွားများနေကြောင်း သိလိုက်ရတယ်။

' မေတ္တာဗြဟ္မဝိဟာရတရားပျက်အောင် အမျက်ဒေါသထွက်စေတဲ့ပြုလုပ်မှုကို ငါဆောင်ရွက်မယ် ' ဟု အာဠဝကဘီလူးက ကြံစည်ပြီး ဘုရားရှင်အပါးကို ချဉ်းကပ်လာတယ်။

' အရှင်ဂေါတမ ၊ ငါ့ခွင့်မပြုဘဲ ငါ့ရဲ့ဗိမာန်ကိုဝင်ပြီး အိမ်ရှင်မောင်းမတို့ရဲ့အလယ်မှာ အဘယ့်ကြောင့်နေသလဲ၊ အိမ်ရှင်အလိုမတူဘဲ ဗိမာန်မှာနေခြင်းရယ်၊ မိန်းမတို့နဲ့ ရောယှက်စွာနေတာဟာ ရဟန်းတို့နဲ့သင့်လျော်ပါသလား၊ သူတော်ကောင်းအမည်ခံပြီး မသင့်တော်တဲ့နေရာမှာနေတာဟာ မှန်ကန်ပါသလား၊ သင် အခုထွက်သွားပါ ' ဟုဆိုလိုက်တယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကလည်း သိလိုက်တော်မူတယ်၊ ခက်ထန်တဲ့သူကို ကြမ်းတမ်းစွာဆုံးမလိုက်မယ်ဆိုရင် ကိုက်တတ်တဲ့ခွေးတစ်ကောင်ကို မကိုက်စေရန် တံဖျာကြိမ်တို့နဲ့ရိုက်ပါက တိုးပြီးသာကိုက်သကဲ့သို့ အာဠဝကဘီလူးလည်း တိုး၍ပင်စိတ်ဆိုးလာလိမ့်မယ်ဆိုတာ သိတဲ့အတွက် ချိုသာတဲ့စကားနဲ့ဆုံးမမှသာ အာဠဝကရဲ့နှလုံးသား နူးညံ့ပြီးမင်္ဂဖိုလ်ရနိုင်မှာကို သိတော်မူလိုက်တယ်။ အဲဒီအခါမှာ " အသင် အာဠဝက သင်မနေစေလိုရင်

လည်း ငါထွက်ပါ့မယ် " ဟု ဘုရားရှင်တော်မြတ်ကဆိုပြီး ထွက်လိုက်တယ်။

အာဠာဝကလည်း ဒီရဟန်းဟာ စကားတစ်ခွန်းနဲ့ပင် ထွက်ပေးတယ်၊ ငါ့စကားကို နားထောင်ပေးတယ်၊ ဒီလိုနားထောင်ရတဲ့ရဟန်းကို မစူးမစမ်းအပန်းတကြီး တည၌လုံးငါစစ်ထိုးခဲ့မိတယ်။

' ဒီလိုထွက်ပေမယ့် ငါ့စကားကိုနားထောင်တာပဲ၊ အမျက်ဒေါသဖြေကာ ထွက်ခွာလာတာလားဆိုတာ မသိနိုင်သေးဘူး၊ သေချာအောင် ငါစမ်းကြည့်ရပေဦးမယ် ' ဟု ကြံစည်ပြီးတဲ့အခါမှာ ...

' အရှင်ရဟန်း ငါ့ဗိမာန်သို့ဝင်ပါဦး ' ဟု ဆိုလိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း အလွန်ပူပြီးဆူပွက်နေတဲ့ရေနွေးထဲကို သရက္ခန်စန္ဒကူးထည့်လိုက်တဲ့အခါ ဆေးချင်းအေးစေသကဲ့သို့ ကြမ်းတမ်းတဲ့အာဠာဝကရဲ့ အမျက်ဒေါသကို ရုတ်တရက်ငြိမ်းစေတာမို့ ချမ်းမြေ့တဲ့မေတ္တာစကားနဲ့ပဲ " ငါ့အားသင်ဝင်စေလိုပါက ငါဝင်ပါ့မယ် " ဟု မိန့်တော်မူတယ်။

အာဠာဝက ကလည်းထပ်မံစမ်းသပ်လိုတဲ့အတွက် 'ရဟန်းဂေါတမ ထွက်ပါဦး ' ဟု ဆိုပြန်တယ်။

ဒီအခါမှာလည်း ဘုရားရှင်တော်မြတ်က " သင်မနေစေလိုက ထွက်ပါမယ် " ဟု ထွက်တော်မူပြန်တယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ စိတ်နှလုံးကောင်းထားရခြင်းမှာ အာဠာဝကဘီလူးဟာ သူဆိုတိုင်းမလိုက်နာခဲ့ရင် ကြမ်းတမ်းတဲ့စိတ်ကို

မနှုးညံ့စေရာ၊ တရားဒေသနာကို ကောင်းစွာဟောကြားတဲ့အခါ မှာလည်း ကျောက်သားတွင်ရေမဝင်သကဲ့သို့ ဖြစ်စေတယ်။

ငိုတတ်တဲ့သားငယ်ကို ' ငိုဦးမလား ' ဟု ရိုက်နှက်ပါက ပိုပြီးသာငိုလိမ့်မယ်၊ အမိစကားလည်း သားမှာမတည်ဖြစ်စေ တယ်၊ သိတတ်လိမ္မာတဲ့မိခင်ဟာ ငိုနေတဲ့သားငယ်ကို ချိုသာတဲ့ စကားနဲ့ဖြစ်ဖြစ်၊ အစာပေးပြီး ချော့မော့ပါက အငိုတိတ်စေတယ်၊ မိခင်စကားလည်း သားကတည်စေတယ်။ အဲဒီလိုပဲ ဗုဒ္ဓမြတ်စွာ ဘုရားသခင်ဟာ သတ္တဝါတို့ကို ဆုံးမတော်မူရာမှာ ဘီလူးရဲ့ ဒေါသစိတ်ကို ဆို့ပိတ်ထားမြစ်ပြီး တရားနာစေလိုတဲ့အတွက် အာဠဝကရဲ့အလိုကို သုံးကြိမ်တိုင်တိုင် ထွက်ခြင်း၊ ဝင်ခြင်းနဲ့ အလိုလိုက်ခဲ့တယ်။

အာဠဝက ကလည်း ' ဒီရဟန်းဟာ ငါ့စကားကိုနား ထောင်လွယ်တာပဲ၊ ဒီလိုမှန်းသိခဲ့ရင် တစ်ညဉ့်လုံးထွက်စေ၊ ဝင် စေပြုလုပ်စေပြီး မောပန်းတဲ့အခါမှ ခြေနှစ်ချောင်းကိုင်ကာ မြစ် တစ်ဖက်ကိုပစ်လိုက်ရင် မပင်မပန်းနဲ့အောင်မြင်မှာပဲ၊ အခုတစ် ကြိမ်ထွက်ရင်တော့ ခြေကိုကိုင်ကာ ပစ်ပေါက်တာပဲကောင်းမယ်' လို့ အကြံရလိုက်တယ်။

အဲဒီအကြံနဲ့ပဲ ' အရှင်ဂေါတမ အပြင်ထွက်ပါဦး ' ဟု ဆိုလိုက်တဲ့အခါမှာတော့ ဗုဒ္ဓရှင်တော်မြတ်က ' ငါမထွက်တော့ ပြီ ' ဟု မိန့်တော်မူလိုက်တယ်။

အာဠဝကလည်း ' အဘယ်ကြောင့်မထွက်ပါသလဲ ' ဟု မေးတဲ့အခါမှာ ဘုရားရှင်တော်မြတ်က ...

" သင်ဘီလူးဟာ ငါဘုရားရဲ့ခြေဖျားနှစ်ဖက်ကိုကိုင်ပြီး မြစ်တစ်ဖက်ကမ်းကို ပစ်လိုက်မယ်လို့ကြံစည်နေတဲ့အတွက် ငါ မထွက်နိုင် " ဟု မိန့်တော်မူလိုက်ပြန်တယ်။

ဒီအခါမှာ အာဠဝက ကလည်း ...

' ဒီရဟန်းဟာ တန်ခိုးကြီးရုံသာမက ငါ့ရဲ့စိတ်အကြံအစည်ကိုလည်း သိနေတယ်၊ ဒီလို ပညာရှိသူတော်မြတ်ကို ပြဿနာများမေးရရင် ကောင်းလိမ့်မယ်၊ ပြဿနာများ မဖြေနိုင်မှသာ ဝိတ္တဝိကျေပကိုပြုမယ်၊ သူ့ရဲ့အသက်ကိုသတ်မယ်၊ သမုဒ္ဒရာထဲကိုပစ်မယ် ' ဟု ကြံစည်ပြန်တယ်။

ဒီလိုကြံလိုက်တာဟာ အကြောင်းရှိတယ်။

အရင်တစ်ခါက ကောင်းကင်မှာသွားလာနေတဲ့ ဆဋ္ဌ တိသရသေ့တို့ဟာ အာဠဝကရဲ့ဗိမာန်ကိုမြင်ပြီး ' အသင်ဘယ်သူလဲ၊ သင့်ဗိမာန်က ရွှေလား၊ ငွေလား၊ ပတ္တမြားလားဆိုတာ ကျွန်ုပ်တို့ကြည့်ချင်တယ် 'ဟုအာဠဝကထံရောက်လာကြတယ်။

အာဠဝက ကလည်း အဲဒီရသေ့တွေကို ပြဿနာများ သိရှိလိုတဲ့အတွက် မေးမြန်းခဲ့တယ်။ ပြဿနာများ မဖြေနိုင်တဲ့ အခါ အာဠဝကဟာ ကြောက်မက်ဖွယ်ရုပ်သွင်ကို ဖန်ဆင်းလိုက်ပြီး ထိတ်လန့်စေတယ်၊ တန်ခိုးနဲ့ အလွန်သိမ်မွေ့တဲ့ကိုယ်ကို ဖန်ဆင်းပြီး ရင်အတွင်းကိုဝင်တယ်၊ ဟဒယဝတ္ထုရုပ်ကို ဆုပ်နယ်နှိပ်စက်ပြီး စိတ်ပျက်ရူးသွပ်စေတယ်၊ ခြေနှစ်ဖက်ကိုဆုပ်ကိုင်ပြီး မြစ်တစ်ဖက်ကိုပစ်ခဲ့တယ်။

အဲဒီရသေ့လိုပဲ မြတ်စွာဘုရားကို သတ်လိုတဲ့အတွက်

ပြဿနာအမေးတို့ကို မေးတော်မူခြင်းဖြစ်တယ်။

အဲဒီအကြံအစည်တွေကို သိတော်မူတဲ့မြတ်စွာဘုရားရှင်ဟာ " သဗ္ဗညုတ အသာရေဏ အညထပိသ ' အဖြစ် တရားအာနုဘော်ကိုပြတော်မူလိုတဲ့အတွက် ...

" အသင်အာဠာဝက နတ်ပြဟ္မာနဲ့တကွ လောကမှာ ဘယ်သူမှငါဘုရားကို ထိပါးနှိပ်စက် စိတ်တော်ကိုပျံ့လွင့်အောင် နှလုံးတော်ကိုလည်း ကွဲစေအောင် ခြေကိုကိုင်ပြီးပစ်နိုင်မယ့်သူဆိုတာ သုံးဆယ့်တစ်ဘုံတွင် တစ်စုံတစ်ယောက်ကိုမျှငါမမြင်မိ၊ ယခု သင်မေးလိုသမျှပြဿနာများကိုသာ မေးပေတော့ " ဟု မိန့်တော်မူလိုက်တယ်။

အာဠာဝက ကလည်း ...

' ရဟန်းဂေါတမ လောကသုံးပါးတွင် ယောကျာ်း၊ မိန်းမတို့ဟာ မြတ်လှဥစ္စာစေတနာကား ဘယ်လိုဟာလဲ၊ လေ့ကျက်ခြင်းတကာတွင် အဘယ်သောလေ့ကျက်ခြင်းက ချမ်းသာမှုကိုပေးပါသလဲ၊ အရသာတို့တွင် အဘယ်အရသာဟာ သာလွန်ကောင်းမြတ်ပါသလဲ၊ အသက်မွေးခြင်းတို့တွင် မည်သည့်အသက်မွေးခြင်းက မြတ်ပါသလဲ ' ဟု ပြဿနာပုစ္ဆာကို မေးလိုက်တယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ...

" ဒီပြဿနာကို အာဠာဝက အဘယ်မှရရှိသလဲ " ဟု မေးတော်မူလိုက်တယ်။

' ကဿပဘုရားရှင်လက်ထက်က ကျွန်ုပ်အမိအဖဖြစ်

တဲ့ ဘိလူးနှစ်ယောက်တို့ဟာ ဘုရားရှင်ထံမှာ အလုပ်အကျွေးပြု ဆည်းကပ်ရင်း ဒီပြဿနာများကို အဖြေနဲ့တကွသင်ကြားခဲ့ရပြီး ကျွန်ုပ်ငယ်စဉ်အခါကလည်း သင်ကြားခဲ့ပါတယ်။ နှစ်ကာလရှည် လာတော့ အဖြေများကိုမေ့နေပါပြီ၊ အမေးပုစ္ဆာများကိုတော့ မမေ့ရအောင် ရွှေပြားထက်မှာ ဆေးဒန်းမြင်းသီလာနဲ့ သေချာ စွာရေးကာ ဗိမာန်ဦးမှာထားရှိပါတယ် ' ဟု အာဠာဝက ကပြော ကြားလိုက်တယ်။

မြတ်စွာဘုရားလည်း အမေးပုစ္ဆာများကို ကဿပဘုရား ရှင်ဖြေဆိုတော်မူခဲ့တဲ့အတိုင်း မြွက်ကြားတော်မူခဲ့တယ်။

" အသင် အာဠာဝကဘီလူး၊ လူ့ပြည်လူ့ရွာတွင် ယောကျ်ားမိန်းမစတဲ့ သတ္တဝါဟာ ရတနာသုံးပါးဂုဏ်ကို ကြည် ညိုခဲ့တဲ့အတွက် လောကီလောကုတ္တရာ နှစ်ဖြာသောချမ်းသာကို ရရှိစေလို့ အလွန်မြတ်နိုးဖွယ်ရာ ဥစ္စာပင်ဖြစ်စေတယ် "

" ကောင်းမွန်စွာ လေ့လာကျင့်သုံးအပ်တဲ့ ကုသိုလ်ကမ္မ ပထတရားဆယ်ပါးဟာလည်း လူ့ပြည်နတ်ရွာတိုင်အောင် နိဗ္ဗာန် ဟု ချမ်းသာသုံးပါးကို မြဲခိုင်စွာပေးဆောင်စေတယ် "

" မှန်ကန်ဖြောင့်မတ်စွာပြောဆိုတဲ့စကားဟာ ချိုချဉ်စပ် ငန်ဖန်ခါး စတဲ့အရသာခြောက်ပါးတို့ထက် အလွန်ကောင်းမြတ် တဲ့အရသာပင်ဖြစ်ပေတယ် "

" အသက်မွေးမြူရာမှာ အတတ်ပညာနဲ့အသက်မွေး ခြင်းဟာ အမြတ်ဆုံးပင်ဖြစ်ပေတယ် " လို့ ဗုဒ္ဓမြတ်စွာဘုရား သခင်က ပြဿနာလေးပါးကိုဖြေလိုက်တဲ့အခါ အာဠာဝကဘမျာ

အလွန်ဂုမ်းမြောက် ပျော်ရွှင်သွားခဲ့ရှာတယ်။

အဲဒီအခါမှာ အာဠဝကလည်း ကျန်ရှိနေသေးတဲ့ ပြဿနာအမေးများကို မေးတော်မူပြန်တယ်။

' အရှင်ဂေါတမ၊ အဘယ်အကြောင်းအရာနဲ့ သံသရာ ဘည်းဟူသော ဝဲဩဃကို ကူးမြောက်နိုင်ပါသလဲ၊ အဘယ်မျှ သောအပြားနဲ့ ဝဋ်ဆင်းရဲဟူတဲ့သမုဒ္ဒရာကို ကောင်းစွာလွန် မြောက်နိုင်ပါသလဲ၊ အဘယ်အကြောင်းနဲ့ ဆင်းရဲအပေါင်းက ကောင်းစွာလွတ်ပါသလဲ၊ အဘယ်ရေအေးနဲ့ ကိလေသာအညစ် အကြေးကို ဆေးကြောစင်ကြယ်နိုင်ပါသလဲ ' ဟု အာဠဝက က မေးလိုက်ပြန်တယ်။

ဗုဒ္ဓမြတ်စွာဘုရားသခင်ကလည်း ...

" အသင်အာဠဝကဘီလူး၊ ပေးကမ်းလှူဒါန်းခြင်း၊ သဒ္ဓါတရားနဲ့ သံသရာဆိုတဲ့ ဝဲဩဃမီးမှလွတ်မြောက်နိုင်ပေ တယ် "

" ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းနဲ့ ပျော်မွေ့သူဟာ မမေ့ လျော့ဘဲ စေတနာသဒ္ဓါတရားရှိစွာဆောင်ရွက်ရင် သမုဒ္ဒရာ ထက်က ဝဋ်ဆင်းရဲကိုလွတ်မြောက်နိုင်ပေတယ် "

" ပါရမီဆယ်ပါးအခံရှိသူဟာ မြတ်နိုးလှစွာ တရားမြ တော်များအတိုင်း ဝီရိယတားပြီး ကြိုးစားအားထုတ်ပါက ဇာတိ ဇရာဗျာဓိမရဏစတဲ့ ဒုက္ခဆင်းရဲခြင်းက ညင်သာစွာခံစား လွတ်မြောက်နိုင်ပေတယ် "

" ဝိပဿနာပညာဆယ်ပါးကို ဉာဏ်တရားနဲ့ယှဉ်ပြီး

အားထုတ်ပါက ကိလေသာမြူမှေး အညစ်အကြေးမှ ကင်းဝေးကာ စိတ်ထားစင်ကြယ်ကြည်နူးနိုင်ပေတယ် " လို့ ဘုရားရှင်က ဖြေတော်မူလိုက်တယ်။

ဒီအခါမှာ ဘုရားရှင်ရဲ့တရားဒေသနာကို ကြားတော်မူပြီး အာဠာဝကဘီလူးဟာ ပါရမီသမ္ဘာရရှိထားသူ ဖြစ်တဲ့အတွက် ရှစ်ပါး၊ ဆယ်ပါး၊ တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းကင်းကွာခဲ့တာနဲ့ သောတာပတ္တိဖိုမှာ တည်လေတယ်။

အဲဒီလို သောတာပတ္တိဖိုလ်ဖြစ်မှပဲ ပညာယပရိသဗ္ဗတိရဲ့ အဓိပ္ပါယ်ကို မကျဉ်းမကျယ်သိလိုတဲ့အတွက် အာဠာဝကဘီလူးဟာ သူ့ပညာနဲ့ကြံစည်ကာ မေးလျှောက်ပြန်တယ်။

'မြတ်စွာဘုရား၊ အရှင်ဟာ အဘယ်ကြောင့် ထူးပြားတဲ့ပညာကို ရရှိပါသလဲ ' ဟု အာဠာဝက က မေးလျှောက်ပြန်တယ်။

ဘုရားရှင်မြတ်ကလည်း ...

" ချစ်သား အာဠာဝက၊ ပူဇော်ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါသာဝကတို့ရဲ့ 'ဟောပြတဲ့နိဗ္ဗာန်ရောက်ကြောင်းတရားကို ယုံကြည်နှစ်သက်မြတ်နိုးစွာ ကျင့်ဆောင်ခဲ့တာရယ်၊ မမေ့မလျော့ သတိရှိတာရယ်၊ စုံစမ်းတိုင်းထွာ ကြံစည်လေ့ရှိတာကြောင့် ထူးပြားတဲ့ပညာကို ရရှိခြင်းဖြစ်ပေတယ် " ဟု မိန့်တော်မူလိုက်တယ်။

အာဠာဝက ကလည်း ...

' အဘယ်အရေးနဲ့ အသက်မွေးကြောင်းဥစ္စာကိုရပါသ

လဲ၊ အဘယ်နည်းနဲ့ ကောင်းတဲ့သတင်းကျော်စောခြင်းကို ရောက်ပါသလဲ၊ မိတ်ဆွေကောင်းတို့ကို အဘယ်အခါမှာ ရှာဖွေပြုအပ်ပါသလဲ ' ဟု မေးလျှောက်လိုက်ပြန်တယ်။

ဘုရားရှင်ကလည်း ...

" အသင်အာဠာဝက၊ သင့်တင့်တဲ့အချိန်အခါမှာ ကောင်းမွန်တဲ့မိတ်ဆွေနဲ့ ပေါင်းသင်းပြီး ကောင်းမြတ်တဲ့အမှုကို လုံ့လပြုသောသူဟာ လောကီလောကုတ္တရာ နှစ်ဖြာရှိတဲ့ ဥစ္စာများကို ရစေပါတယ်။ မှန်ကန်တဲ့စကားနဲ့ သစ္စာဆိုခြင်းဟာ ကျေးဇူးသတင်းကျော်စောခြင်းဖြစ်ပေတယ်။ မိမိရဲ့စီးပွားရေးလို့ ထင်ပြီး လိုလားမျှတစွာနဲ့ ဆောင်ရွက်ပေးခြင်းဟာ အဆွေခင်ပွန်းကောင်းကို ပြန်လည်ပြီး ဥစ္စာပစ္စည်းများ စေတနာမေတ္တာ အပြည့်နဲ့ ဝေငှပေးရမှာဖြစ်တယ် " လို့ မိန့်တော်မူပြန်တယ်၊ အာဠာဝကလည်း ဘုရားရှင်ရဲ့အဖြေတော်များကို နာကြားရဟဲ့ အတွက် ဝမ်းသာမဆုံးဘူး၊ မေးခွန်းတွေမေးရတာ အားမရသေးတာနဲ့ နောက်ဆုံးမေးမိပြန်တယ်။

' အရှင်ဂေါတမ၊ မျက်မှောက်ဘဝက ခုလောကမှ တမလွန်သေဆုံးခြင်းဘဝကို သွားရတဲ့အခါမှာ အဘယ်အမှုမျိုးနဲ့ စိုးရိမ်ခြင်းကင်းရပါသလဲ ' ဟု လျှောက်လိုက်ပြန်တယ်။

ဘုရားရှင်ကလည်း ...

" အသင်အာဠာဝက၊ အကြင်သူဟာ ဖြောင့်မတ်မှန်ကန်တဲ့သစ္စာတရားရယ်၊ အပါယ်လေးပါး ဒုစရိုက်ကိုရှောင်တဲ့ ' ပုညကိရိယာဓမ္မ ' ဆယ်ပါးရယ်၊ စီးပွားရေးရာတွင် ဆည်းပူး

လေ့လာအပ်တဲ့ ' မိတိ 'တရားရယ်၊ သူများသူဌာတွေကို ပေးကမ်းစွန့်ကြဲဝေခွဲတတ်တဲ့ ' စာဂ 'တရား၊ စတဲ့အဲဒီတရားလေးပါးကို ကျင့်ကြံအားထုတ်သူတိုင်းဟာ အခုဘဝမှာ အိမ်ရာထောင်ထား သားမယားနဲ့ ပျော်ပါးနေပေမယ့် သေဆုံးလို့တမလွန်ဘဝရောက်သွားရင်လည်း စိုးရိမ်စရာမရှိဘူး၊ ယုတ်ညံ့တဲ့ ဘဝမှလွတ်မြောက်ပြီး လူ့ပြည်နတ်ပြည်ထိကို ဧကန်ရောက်တော်မူမှာပဲ " ဟု မိန့်တော်မူပြီး ...

" ကဲ ... အသင်အာဠာဝက၊ ငါမှတစ်ပါး ဘုရားရယ်လို့နေကြတဲ့ ' ပုရာဏကဿပ ' အစရှိတဲ့ ရဟန်းပုဏ္ဏားတို့ကိုလည်း လျှောက်ထားစုံစမ်း မေးမြန်းချေဦး " ဟု တိုက်တွန်းတော်မူလိုက်တယ်။

အဲဒီအခါမှာပဲ အာဠာဝကလည်း ယုံမှားသံသယနှစ်ခုသော ဝိစိကိစ္ဆာတို့ကို သောတာပတ္တိမဂ်နဲ့ပယ်ခွာပြီး နှစ်သွယ်သောအကျိုးကိုမြင်သူဖြစ်သောကြောင့် ...

' အရှင်ဘုရား၊ အကျွန်ုပ်ဟာ သူတစ်ပါးကို လျှောက်ထားခွင့်မရှိတော့ပါ။ တစ်သက်လုံး မှတ်သားထိုက်၊ အောက်မေ့ထိုက်တဲ့ ' သဒ္ဒရသ၊ အတ္တရသ ' ရှိလှတဲ့ ဓမ္မရတနာကို ကောင်းစွာသိရပါပြီ၊ အရှင်ဘုရားဟာ ကျွန်ုပ်ရဲ့အကျိုးစီးပွားကို ပေးတော်မူသူဖြစ်တယ်၊ အကျွန်ုပ်ရဲ့မျက်စိသဖွယ်ဖြစ်တယ်၊ သံသရာဝဋ်ခရီးလမ်းမှာ သေဆုံးရမယ့်အကျွန်ုပ်ကို ဟုတ်မှန်တဲ့ လမ်းမှန်ဆီ ညွှန်ပြကယ်တော်မူပေးခဲ့တယ်၊ အရှင်ဘုရားရဲ့ ကျေးဇူးတော်ကို တစ်ဗိမာန်မှတစ်ဗိမာန်သို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့

နတ်တို့စံရာ တစ်ဘုံမှတစ်ဘုံသို့တိုင်အောင် ပျံ့နှံ့သယ်ဆောင်ကာ အရှင်ဘုရားရှင်တော်မြတ်ရဲ့ ဂုဏ်တော်ကိုထုတ်ဖော် ချီးကျူးပါ့မယ် ' လို့ လျှောက်တင်တော်မူပြီး ရှိခိုးပူဇော်နေတော့တယ်။

ဒီအချိန်မှာပဲ ဘုရားရှင်ဟာ အာဠာဝကဘီလူးကို တရားဒေသနာ ဟောကြားပြီး ဆုံးမတော်မူပြန်တယ်။

နေအရှဏ်တက်လို့ မိုးသောက်တဲ့အချိန်လည်းဖြစ်တယ်။ တရားနာလာကြတဲ့ နတ်အပေါင်းတို့ရဲ့ ကောင်းချီးကြွေးကြော်သံတွေ ပေါ်ထွက်လာတာရယ် ...

အာဠာဝီပြည်က မှူးမတ်မင်းကြီးတွေဟာ ' အာဠာဝကကုမာရ ' မင်းသားလေးကို ဘီလူးစာကျွေးရန် လာပို့ကြလို့ ရောက်လာတဲ့အချိန်နဲ့ တစ်ပြိုင်နက်တိုက်ဆိုင်နေကြတယ်။

မင်းချင်းယောက်ျားတို့လည်း နတ်အပေါင်းတို့ ကောင်းချီးပေးသံကို ကြားလိုက်ရတဲ့အခါ ...

' ဘုရားရှင်မှတပါး တခြားသူရဲ့အကြောင်းကြောင့် ဒီလိုကောင်းချီးပေးသံ မဖြစ်နိုင်ရာ၊ ဘုရားရှင် ကြွလာလို့သာဖြစ်မယ် ' ဟု စဉ်းစားကြံဆပြီး ဘီလူးရဲ့ဗိမာန်ဆီကို ကြည့်လိုက်တဲ့အခါ ဘုရားရှင်ကို ဖူးမြင်ရတဲ့အတွက် အရင်နေ့တွေကကဲ့သို့ ထိတ်လန့်ခြင်းမရှိတော့ဘဲ ဗိမာန်ထဲကိုဝင်ခဲ့ကြတယ်။

ဘုရားရှင်ကို ရှိခိုးပြီးတော့မှ အာဠာဝကဘီလူးထံ ချဉ်းကပ်ကြတယ်၊ အရင်ဆက်သမြဲအတိုင်း ...

' ဘီလူးမင်း သင့်ရဲ့အလိုကျ ယူဆောင်လာခဲ့တဲ့ မင်း

သားလေး အာဠဝကကုမာရကို စားလိုကစား၊ ထားလိုကထား သင်အလိုရှိသလို ဆောင်ရွက်ပါလော့ ' ဟု မင်းချင်းတို့က ပြောကြားပြီး ကလေးငယ်မင်းသားလေးကို ဘီလူးလက်ထဲကို ထည့်လိုက်ကြတယ်။

အာဠဝကဘီလူးလည်း သောတာပန်အဖြစ်ကိုရောက်နေတာကြောင့်ရယ်၊ အကျိုးအပြစ်များကို ဟောကြားဆုံးမနေတဲ့ ဘုရားရှင်ရှေ့တော်မှောက်မှာဖြစ်တာကြောင့် အလွန်ရှက်မိပြီး မျက်နှာမထားတတ်ဖြစ်နေတယ်၊ ကလေးငယ်မင်းသားလေးကိုလည်း လက်နှစ်ဖက်နဲ့ချီပင့်ကာ ...

' အရှင်ဘုရား၊ ဒီသူငယ်မင်းသားလေးကို ကျွန်ုပ်အတွက် ပို့သခြင်းဖြစ်တယ်၊ ဒါ့ကြောင့်မို့ ကျွန်ုပ်ပိုင်တဲ့ ကလေးငယ်ကို ဘုရားအလိုရှိသလို ပြုတော်မူပါ၊ အရှင်ဘုရားထံ ဆက်ကပ်လှူဒါန်းပါတယ် ' ဟု အာဠဝကဘီလူးက လျှောက်တင်တော်မူပြီး ဘုရားရှင်တော်မြတ်ရဲ့လက်တော်ထဲကို ထည့်လိုက်တယ်။

ဘုရားရှင်တော်မြတ်ကလည်း အာဠဝကဘီလူးရဲ့ လက်မှအလှူခံလိုက်ပြီးတဲ့အခါ အာဠဝကကုမာရ မင်းသားလေးကို ချီယူတော်မူတယ်။

နတ်လူအပေါင်းတို့ ကြားသိမြင်စေကြပြီး ဘုရားရှင်က ကောင်းချီးပေးတော်မူလိုက်တယ်။

ဘုရားရှင်က ကောင်းချီးပေးတော်မူပြီးတော့မှ မင်းချင်းမှူးမတ်အပေါင်းတို့မှ ခေါ် လိုက်တယ်။

" အသင်မင်းချင်းတို့ ဒီကလေးငယ် မင်းသားလေးကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ပြီး အရွယ်ကြီးထွားလာတဲ့အချိန်ကျမှ ငါဘုရားထံခေါ်ဆောင်ခဲ့ကြပေတော့ " ဟု ဘုရားရှင်က မိန့်တော်မူပြီး မင်းချင်းတို့ရဲ့လက်ထဲကို မင်းသားလေး ပြန်လည်ပေးလိုက်တယ်။

ဒါကြောင့်လည်း အာဠာဝကကုမာရမင်းသားလေးဟာ မင်းချင်းတို့လက်ထဲမှ ဘီလူးလက်ထဲကိုပေးအပ်ခဲ့တယ်။ တစ်ခါ ဘီလူးကနေ ဘုရားရှင်ထံကို လှူဒါန်းလိုက်တယ်။ ဒီလို ကူးသိုလ်ထူးတဲ့ မင်းသားလေးရဲ့နာမည်ကိုလည်း ထပ်ဆင့်အမွှန်းတင်တဲ့အနေနဲ့ ' ဟတ္ထာဠာဝက ' မင်းသားရယ်လို့ ခေါ်ကြကုန်တော့တယ်။

မင်းချင်းယောကျာ်းတို့လည်း မင်းသားငယ်ကိုပွေ့ချီပြီး အာဠာဝီပြည်ကို ပြန်လာခဲ့ကြတယ်။ လမ်းခရီးတစ်လျှောက်မှာ တွေ့ရှိတဲ့ပြည်သူအများက မြင်တဲ့အခါမှာလည်း ' အရှင့်သားဟာ ငယ်လွန်းလှတာကြောင့် ဘီလူးကမစားတာလား ' ဟု တွေးတောပြီး မေးမြန်းကြတဲ့အခါ မင်းချင်းယောကျာ်းတို့က ...

' ဘုန်းတော်ကြီးမြတ်လှတဲ့ မြတ်စွာဘုရားကိုယ်တော်ဟာ ဘီလူးထံကြွလာတဲ့အတွက် အသက်ချမ်းသာရခဲ့တာပါ' ဟု ပြောကြားပြတဲ့အခါမှာ ပြည်သူအပေါင်းတို့က ကောင်းချီးသာဓုခေါ်သံတွေဟာ အုတ်အုတ်ကျက်ကျက်ဆူညံသွားတော့တယ်။

နေပြည်တော်ကို ဝင်ရောက်လာကြတဲ့ မင်းချင်း

ယောကျ်ားနဲ့ သားတော်ကိုမြင်လိုက်တဲ့ အာဠာဝီမင်းကြီးဟာ ဖုံ့ဖြိုတုန်လှုပ်သွားပြီး ...

" အချင်းတို့ အဘယ်ကြောင့် သားတော်ကိုပြန်ယူလာခဲ့ကြသလဲ၊ ငယ်တဲ့ကလေးမို့ ဘီလူးမစားတာလား " ဟု မေးလိုက်တယ်။

ဒီအခါမှာ မင်းချင်းတို့က ...

' အရှင်မင်းကြီး၊ လောကသင်းကျစ် ဓမ္မရာဇ်မြတ်စွာဘုရားကိုယ်တိုင် အာဠာဝကဘီလူးဗိမာန်ကို ကြွလာတော်မူပြီး ဘီလူးကို ဆုံးမချေချွတ်တော်မူတာကြောင့် ဥပါသကာအဖြစ်တည်သွားတယ်။ အဲဒီမှာပဲ အရှင့်သားတော်ကို မစားတော့ဘဲ မြတ်စွာဘုရားကို ကပ်လှူတဲ့အတွက် ဘုရားရှင်လက်တော်ကနေပြီးမှ ရခဲ့ပါတယ် ' ဟု သံတော်ဦးတင်လိုက်တဲ့အခါ အာဠာဝီမင်းကြီးလည်း အားရွှင်လန်းသွားတော့တယ်။

နောက်တစ်နေ့မှာတော့ ဘုရားရှင်ဟာ ကိုယ်တော်တွင်ပါရှိတဲ့ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစုံကို အာဠာဝကဘီလူးက ယူစေတော်မူပြီး ဆွမ်းခံကြွရန်အတွက် အာဠာဝကဘီလူးဗိမာန်က ထွက်တော်မူတယ်။

ဘုရားရှင်တော်မြတ်ကလည်း ဘီလူးနဲ့အတူ အာဠာဝီပြည်ကို ရှေးရှုထွက်လာတဲ့အခါ အာဠာဝကဘီလူးဟာ မြို့နဲ့နီးလာလို့ မြို့ထဲဝင်ရမှာကို ရှက်ရွံ့ကြောက်လန့်တာကြောင့် နောက်ချန်နေခဲ့တယ်။

အဲဒါကို ဘုရားရှင်က သိတော်မူတဲ့အတွက် အာဠာ

ဝက ဘီလူးကို ...

" ချစ်သား အာဠာဝက၊ မြို့တွင်းဝင်ရမှာကို အသင်ရှက်နေသလား " ဟု မေးတော်မူတဲ့အခါမှာ ...

' အရှင်ဘုရား၊ အကျွန်ုပ်ကို ပြည်သူအများကမြင်လိုက်တဲ့အခါ ငါတို့ရဲ့ အမိအဖ သားမြေးတို့ကို စားသောက်ခဲ့တဲ့ဘီလူး ယုတ်ပဲဆိုပြီး အမျက်ဒေါသထွက်စွာနဲ့ တုတ်၊ ဓားလက်နက်မျိုးစုံကိုင်ဆောင်ကာ နှင်ထုတ်ရိုက်နှက် သတ်ဖြတ်ကြမှာကို ကြောက်ရွံ့လှပါတယ် ' ဟု လျှောက်လိုက်တယ်။ ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်က ...

" ချစ်သား အာဠာဝက၊ ငါဘုရားနဲ့အတူတူ ပါနေမှတော့ ဘယ်သူကများ ပုတ်ခတ်သတ်ဖြတ်ပုံကြပ့်မလဲ၊ ဒါပေမယ့် အသင်အာဠာဝက ကရှက်နေတယ်ဆိုရင်လည်း ဒီနေရာကသာ စောင့်နေပေတော့ " ဟု မိန့်တော်မူလေရာ အာဠာဝကဘီလူးလည်း မြို့တံခါးအထိသာလိုက်ပြီး ခြေတော်စုံကို ဦးခိုက်လိုက်တယ်။

ဘုရားရှင်ကိုယ်တော်မြတ်လည်း အာဠာဝကဘီလူးနဲ့ ခွဲပြီး မြို့တွင်းသို့ဝင်ကာ အိမ်စဉ်အတိုင်း ဆွမ်းခံတော်မူတယ်။

ဆွမ်းပြည့်တဲ့အခါ မြို့အဝင်တံခါးမှပင် ပြန်ထွက်ခဲ့တယ်။ အရိပ်ကောင်းကောင်း သစ်ပင်အောက်မှာ သီတင်းသုံးပြီး ဆွမ်းဘုဉ်းပေးတော်မူနေတယ်။

ဒီအချိန်မှာ အာဠာဝီပြည်မင်းကြီးနဲ့ မှူးမတ်ပြည်သူအပေါင်းတို့က စုဝေးရောက်ရှိလာကြပြီး ဘုရားရှင်ထံတော်ပါးကို

ကြည်ညိုဝပ်တွားရှိခိုးကြတယ်။

အဲဒီအထဲမှာ အာဠာဝီမင်းကြီးကပဲ ...

' ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရား၊ အာဠာဝကဘီလူးကြီးကို အဘယ်သို့သော တရားဒေသနာတော်နဲ့ ဆုံးမတော်မူပါသလဲ' ဟု လျှောက်တင်တဲ့အခါ ...

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း အာဠာဝကဘီလူးနဲ့ စစ်ခင်းခဲ့ရတာကအစပြုပြီး ပြဿနာအမေးများကို ဖြေခဲ့ကြောင်း၊ အာဠာဝကသုတ် ဒေသနာတော်ကို ဟောကြားလိုက်တယ်၊ တရားဆုံးသောအခါ ရှစ်သောင်းလေးထောင်မျှသော ပရိသတ်အပေါင်းတို့ အကျွတ်တရားရကြကုန်တယ်။

အာဠဝီပြည်ရဲ့ မင်းနဲ့ပြည်သူပြည်သားအပေါင်းတို့ကလည်း အာဠာဝကဘီလူးကြီးကို မြို့အဝင်တွင်နေရာပေးပြီး ကြည်ညိုဝပ်တွား ပူဇော်ကြကုန်တော့တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း အာဠဝီမင်းကြီးရဲ့ ခွင့်တောင်းလျှောက်ထားတော်မူတဲ့အတွက် အာဠဝီမင်းကြီးရဲ့ ဆောက်လုပ်လှူဒါန်းတဲ့ကျောင်းတော်မှာ ' သောဠသစ 'ဝါကို ဆိုတော်မူတယ်။

အာဠာဝကဘီလူးကြီးကဲ့သို့ ကြမ်းတမ်းတဲ့စိတ်၊ ယုတ်ညံ့တဲ့အသိတို့ကို ကျွတ်လွတ်အောင် ဆောင်ရွက်နိုင်ခဲ့တဲ့ ဘုရားသခင်ဟာ အာဠဝီမင်းနဲ့ပြည်သူတို့ကိုလည်း ချွတ်ထိုက်သူကို ချွတ်တော်မူတယ်။

အာဠာဝကဘီလူးကြီးလည်း သူ့အသက်ကိုသတ်ဖြတ်

စားသောက်ခြင်းမှ အကျွတ်တရားရပြီး သီလဆောက်တည်နိုင်တဲ့ ဘီလူးဖြစ်လာတဲ့အတွက် အာဠာဝီပြည်ရဲ့အဝင်မှာပဲ မင်းနဲ့ပြည်သူပြည်သားအပေါင်းတို့က မြို့အဝင်တံခါးမှာ အာဠာဝကဘီလူးကြီးကို စံအိမ်တော်ဆောက်လုပ်ပေးပြီး နေတော်မူစေတယ်။

ဒီအချိန်ကစပြီး အာဠာဝီပြည်ရဲ့ ထိတ်လန့်စရာအဖြစ်အပျက်များကွယ်ပျောက်ကာ ငြိမ်းချမ်းသာယာတဲ့ တိုင်းပြည်တစ်ပြည်ဖြစ်လေတော့တယ်။

ညီ၊ ညီမငယ် ကလေးတို့တစ်တွေလည်း ဒီဇာတ်တော်ကို ဖတ်ရှုရပြီး သင်ခန်းစာများရယူနိုင်ကြမှာပါ။ ဘာကြောင့်လဲဆိုရင် ကြမ်းတမ်းယုတ်မာပြီး သူ့အသက်ကိုမှ စားသောက်တတ်တဲ့ ဘီလူးကြီးသော်မှ ဗုဒ္ဓမြတ်စွာဘုရားရှင်တော်မြတ်ရဲ့ တရားစကားဆုံးမဩဝါဒကို ကြားလိုက်ရတဲ့အတွက် လိမ္မာယဉ်ကျေးတဲ့အဖြစ်ကို ပြောင်းလဲလာနိုင်သေးတယ်ဆိုရင် အသိဉာဏ်ရှိတဲ့ ညီ၊ ညီမ ကလေးတို့တစ်တွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့စကားကို နားထောင်ကြရမယ်။

ဘုရားရှင်တော်မြတ် ဟောကြားဆုံးမတဲ့ မကောင်းမှုတွေကိုရှောင်ကြဉ်ကြမယ်၊ ကောင်းမှုတွေကို လိုက်နာပူဇော်ကြမယ်ဆိုရင် လိမ္မာရေးခြားလည်းရှိပြီး ကုသိုလ်လည်းရကြမယ်ဖြစ်ကြောင်း ရေးသားရပေတယ်။

(ဒိနတ္တပကာသနီကျမ်း၊ စာ-၄၀၀)

## သားငယ်ကိုစွန့်ခဲ့တဲ့ဝင့်ကြွေး
## (ယောသကသူဌေးဇာတ်တော်)

ရှေးအခါက ဇမ္ဗူဒီပါဆိုတဲ့ ကျွန်းတစ်ကျွန်းရှိတယ်။ အဲဒီကျွန်းရဲ့ မြောက်ဘက်မျက်နှာအရပ်မှာ မလ္လာတိုင်းပြည်တစ်ပြည်ရှိပြန်တယ်။ မလ္လာတိုင်းရှိ လူအပေါင်းတို့ဟာ ' ယဉ်းအနာ ကူးစက်တဲ့ရောဂါ နှိပ်စက်မှုကပ်ဘေးက တစ်ဦးကနေတစ်ဦးကို ကူးစက်ခဲ့တယ်။ အချို့ဆိုရင် အိမ်လုံးကျွတ်သေဆုံးကြတယ်။

အဲဒီမလ္လာတိုင်းပြည်မှာ တစ်နေ့တစ်နေ့ လူဆယ်ယောက်နဲ့ သုံးဆယ်ယောက်မျှ သေဆုံးကြတဲ့အတွက် မနေရဲကြတော့ဘူး။ မလ္လာတိုင်းက ထွက်ပြေးသွားရင်တော့ အသက်ဘေးကလွတ်မြောက်မယ်လို့ သိတဲ့လူတွေဟာ ထွက်ပြေးကုန်ကြ

တယ်။

အဲဒီအထဲမှာ တစ်ဦးသောယောကျ်ားက မယားနဲ့သားငယ်ကို ခေါ်ယူပြီး တခြားတိုင်းပြည်ကို ထွက်ပြေးကြတယ်။ စားစရာ ရိက္ခာအပြည့်အစုံယူဆောင်ခဲ့ပေမယ့် တောလမ်းခရီးက ရှည်လှတဲ့အတွက် လမ်းသွားရင်း စားစရာရိက္ခာက ပြတ်ကုန်ကြတယ်။

အဲဒီအခါ တောထဲမှာရှိတဲ့ သစ်ဥသစ်ဖုတွေကို ရှာဖွေစားသောက်ရင်း ခရီးဆက်ကြတယ်။ ဒီလိုစားသောက်ကြရပေမယ့် လင်မယားနှစ်ယောက်လုံးဟာ အားအင်ကုန်ခန်းပြီး ခရီးပန်းကြတဲ့ဒဏ်ကို ခံကြရတယ်။

အဲဒီလင်မယားမှာပါလာတဲ့ သားငယ်လေးကိုလည်း အမိတစ်လှည့် အဖတစ်လှည့်ချီပြီး တောလမ်းခရီးကို ဖြတ်သန်းကြရတယ်။ အဲဒီအခါ ဖခင်ချီရတဲ့အလှည့်ရောက်တော့ ဖခင်က အကြံတစ်ခုကို ကြံစည်လိုက်တယ်။

ဒီခရီးဟာ ရှည်လျားတယ်၊ ဘယ်လောက်ကြာမှ မြို့ရွာဒေသကို ရောက်မယ်ဆိုတာ မသိနိုင်ဘူး၊ ငါတို့မောင်နှံလည်း အားအင်မတွေကုန်နေကြပြီ၊ ဒီသားငယ်ကို သံယောဇဉ်တွယ်နေလို့ မဖြစ်တော့ဘူး၊ သားငယ်ကို တောလမ်းမှာပဲ ပစ်ထားခဲ့ရင် ကောင်းမယ်လို့ ဖခင်ကကြံစည်ကာ မယားဖြစ်သူရဲ့နောက်မှာ အသာလေးချန်နေရစ်ပြီး သားငယ်ကို ချုံကြီးတစ်ခုအောက်မှာ ပစ်ထားခဲ့တယ်။

မယားဖြစ်သူက ယောကျ်ားလက်ထဲမှာရှိတဲ့ သားငယ်

ကို မမြင်တဲ့အခါ " ငါ့သား ဘယ်မှာလဲ " လို့မေးလိုက်တယ်။ ယောကျ်ားဖြစ်သူကလည်း ' ချုံအောက်မှာ ပစ်ထားခဲ့တယ် ' လို့ ပြောလိုက်တယ်။

အဲဒီအခါမှာ သားငယ်မိခင်က သည်းစွာငိုယိုဟစ်ကြွေးလျက် " ငါ့သားကို ပြန်ယူပေး၊ သားကိုပြန်ယူပေး " လို့တောင်းဆိုတဲ့အခါ ယောကျ်ားဖြစ်သူက ...

' သားကိုပြန်ယူတာက ဟုတ်ပါတယ်၊ တို့အတွက် ဘာမှအကျိုးမရှိ၊ တို့မှာ အားအင်ကုန်ခန်းပြီး ခရီးလမ်းနှေးကွေးနေရတာသူ့ကြောင့်ပဲ၊ အသက်ရှည်လို့ တို့ချမ်းသာမှုရတဲ့တစ်နေ့မှာ သားတစ်ယောက်တော့ ရနိုင်ပါသေးတယ် ' လို့ပြောလိုက်တယ်။

အဲဒီတော့ မယားဖြစ်သူက " ရှင်ဟာ အလွန်စိမ်းကားရက်စက်တယ်၊ ကိုယ့်အသက်ကိုပဲ ခင်တွယ်တယ်၊ ကျုပ်ရဲ့သားကို ပြန်ယူပေးပါ၊ ကျုပ်ရဲ့သားငယ်နဲ့ သေအတူရှင်မကွာ နေထိုင်သွားမယ် "လို့ ပြောတယ်ဆိုရင်ပဲ ယောကျ်ားဖြစ်သူက သားငယ်ကို ချုံကြီးအောက်က ပြန်ယူပေးလိုက်ရတယ်။

အဲဒီလိုနဲ့ နှစ်ကြိမ်မက သုံးကြိမ်တိုင်အောင် သားငယ်ကို စွန့်ပစ်ထားခဲ့တဲ့ဖခင်ကြောင့် မိခင်ကခဏခဏ ပြန်ပြန်ယူနေရတယ်။

ဒီလိုနဲ့ လျှောက်လာလိုက်ကြတာ တောခရီးလမ်းက ထွက်ပေါက်ရလာပြီး နွားမွေးမြူတဲ့ ရွာတစ်ရွာကို ရောက်လာကြတယ်။

ခြောက်ပိန်ပြီး ဆာလောင်မွတ်သိပ်လာကြတဲ့ လင်မယားနှစ်ယောက်နဲ့ ကလေးငယ်လေးကိုကြည့်ပြီး ရွာသူရွာသားတွေက သနားချစ်ခင်ကြလို့ ရေမရောတဲ့နွားနို့ထမင်းကို ကျွေးမွေးကြတယ်။

မိခင်ဖြစ်သူက ဆာလောင်ပေမယ့် မျှတရုံသာ နို့ထမင်းကိုစားသုံးတယ်။ ယောကျ်ားဖြစ်သူကတော့ ဆာလောင်ခဲ့သမျှ အတိုးချပြီး များစွာသောနို့ထမင်းကို စားသုံးမိတယ်။ အဲဒီညမှာပဲ ယောကျ်ားဖြစ်သူဟာ အစာမကြေတဲ့ဒဏ်ကို အလူးအလဲခံရပြီး သေဆုံးသွားရှာတယ်။

မိန်းမနဲ့သားငယ်တို့ကျန်ရစ်ခဲ့ပြီး နွားခြံပိုင်ရှင်က သနားလို့ အိမ်မှာပဲ နေထိုင်စေတယ်။

သေဆုံးသွားတဲ့ ယောကျ်ားဟာ သူစားတဲ့အာဟာရအပေါ်မှာရယ်၊ သားမယားအပေါ်မှာရယ် တွယ်တာတဲ့ သံယောဇဉ်တပ်မက်မှုက ငြိနေတာကြောင့် မယားနဲ့သားနေထိုင်ရာ နွားခြံထဲမှာရှိတဲ့ ခွေးမကြီးရဲ့ဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေနေပြီး ခွေးအဖြစ်ဘဝပြောင်း မွေးဖွားခဲ့တယ်။

ခွေးဖြစ်ပေမယ့် ရုပ်သဏ္ဌာန်ကလည်းလှပ၊ ပြောဆိုသမျှလူစကားကိုလည်း နားလည်လို့ အိမ်ရှင်တွေက စုံမက်ပြီး ကောင်းစွာမွေးကြတယ်။

တစ်နေ့မှာ နွားခြံကိုပိုင်တဲ့ ခွေးရှင်ဟာ ပစ္စေကဗုဒ္ဓါရဟန်းတစ်ပါးကိုပင့်ပြီး ဆွမ်းကပ်တယ်။ မိမိနေတဲ့ရွာနဲ့ မနီးမဝေး တောအုပ်မှာ သီတင်းသုံးနေထိုင်ဖို့ကိုလည်း တောင်းပန်

လျှောက်ထားပြီး ကျောင်းဆောက်လှူဒါန်းထားတယ်။

ပစ္စေကဗုဒ္ဓါအရှင်ထံ တစ်ခါတစ်ရံသွားရင် ခွေးကိုလည်း ခေါ်သွားခဲ့တယ်။ လမ်းခရီးမှာ သားရဲမြွေကင်းတို့တွေ ရှိတဲ့အခါ ကျောက်ခဲ၊ လှံတံတို့နဲ့ ပစ်ခတ်ရှောင်သွားစေတယ်။

ခွေးကလည်း လူပြုလုပ်သမျှ အမူအရာများကို မှတ်သားထားတယ်။ နွားခြံပိုင်ရှင်က ပစ္စေကဗုဒ္ဓါထံ ရောက်တဲ့အခါ

' အရှင်ဘုရား၊ တပည့်တော်ဟာ အလွန်ကိစ္စများတဲ့အတွက် မလာရောက်နိုင်ဖြစ်တတ်ပါတယ်၊ အဲဒီအခါ ဟောဒီက ခွေးကို အရှင့်ထံလွှတ်လိုက်ပါ့မယ်ဘုရား၊ ဒီခွေးဟာ လူစကားကိုလည်း ကောင်းစွာနားလည်တဲ့အကောင်ပါဘုရား၊ အရှင်ဘုရားရဲ့ ကျောင်းတော်ဆီကို ဒီခွေးများရောက်လာခဲ့ရင် တပည့်တော်က ပင့်ဆောင်နိုင်းတယ်လို့မှတ်ယူပြီး တပည့်တော်အိမ်ကို ဆွမ်းစားကြွတော်မူပါဘုရား ' လို့ လျှောက်ထားတယ်။ အဲဒီအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း " ကောင်းပြီ " ဟု အသိအမှတ်ပြုလိုက်တယ်။

တစ်နေ့မှာတော့ နွားခြံပိုင်ရှင်က " အရှင်ပစ္စေကဗုဒ္ဓါကိုသွားပင့်ချေ " ဟု ခွေးကိုကျောင်းသခ်န်းရှိရာဆီ လွှတ်လိုက်တယ်။ ခွေးကလည်း အရှင်ပစ္စေကဗုဒ္ဓါရဲ့ ကျောင်းဝင်းသို့လာပြီး အရှင်ပစ္စေကဗုဒ္ဓါရဲ့ ခြေတော်ရင်းမှာ ဝပ်လိုက်တယ်။

အရှင်ပစ္စေကဗုဒ္ဓါမြတ်ကလည်း ...

' အင်း ... ဒီခွေးရောက်လာပုံထောက်ရင် နွားခြံပိုင်ရှင်က ငါ့ကိုဆွမ်းစားပင့်တာပဲ ' ဟု သတိရပြီး ပရိက္ခရာအစုံ

ကိုယူဆောင်ကာ ကြွလာခဲ့တယ်။

တောလမ်းခရီးရောက်တဲ့အခါမှာ ခွေးဟာသူ့သခင်ခြံပိုင်ရှင်နဲ့အတူ လာစဉ်ကကဲ့သို့ ကျားတို့ ကျားသစ်တို့စတဲ့ အန္တရာယ်ကောင်တွေရဲ့ရန်က ကင်းဝေးရန်ကျယ်လောင်တဲ့ အသံကိုပြုတယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း ခွေးရဲ့စိတ်ကိုစမ်းလိုတဲ့အတွက် ရွာလမ်းမဟုတ်တဲ့လမ်းမှားကို ကြွကြည့်တယ်။ အဲဒီအခါမှာ ခွေးက ပစ္စေကဗုဒ္ဓါရဲ့ရှေ့ကပြေးတက်ပြီး ရွာသို့ဝင်ရာလမ်းအမှန်ရောက်ခါမှ ပစ္စေကဗုဒ္ဓါရဲ့နောက်က လိုက်ပြန်တယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း ခွေးကိုသနားကရုဏာဖြစ်မိတယ်။ အဲဒါကြောင့်လည်း ခြံပိုင်ရှင် ဆွမ်းကပ်လို့ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ အရှင်မြတ်က ခွေးကိုခေါ် လိုက်တယ်၊ ကောင်းမွန်ပြီး အရသာပြည့်စုံတဲ့ ထမင်းဟင်းတွေကိုနယ်ပြီး ခွေးကိုကျွေးလိုက်တယ်။

အဲဒီအခါ ခွေးကလည်း အတိုင်းထက်အလွန် ကြည်နူးနေရတယ်။ အရှင်မြတ်ကိုလည်း အရိုအသေပြုတယ်။ အရှင်မြတ်ရဲ့ ပြောဆိုဆုံးမစကားသံကိုလည်း နာခံတတ်လာတယ်။

ဒီလိုနဲ့နေလာလိုက်တာ မိုးဥတုကုန်လို့ သီတင်းကျွတ်ရာသီကိုရောက်လာခဲ့တယ်။

ပစ္စေကဗုဒ္ဓါအရှင်ကလည်း ဝါကျွတ်ပြီဖြစ်တဲ့အတွက် တစ်ဝါသာဆိုလိုက်တယ်။ ဒီနေရာဒေသကို တစ်ခါသာတရားအားထုတ်နိုင်တဲ့အတွက် လူအများနဲ့ကင်းဝေးပြီး အေးချမ်းမယ့်

ဟိမဝန္တာသို့သွားတော့မယ်ဆိုတာ ခြံပိုင်ရှင်နဲ့ရွာသူရွာသားတွေကို အသိပေးနှုတ်ဆက်လိုက်တယ်။

ရွာသူရွာသားတွေကလည်း ပဉ္စကဗုဒ္ဓါအရှင်မြတ်ကို ကိုးကွယ်မြတ်နိုးတဲ့စိတ်များစွာနဲ့ပဲ သက်နှင်းအစရှိတဲ့ ရဟန်းအသုံးအဆောင် ပရိက္ခရာများကို လှူဒါန်းကြပြီး သင့်တော်တဲ့နေရာအထိ လိုက်လံပို့ကြကုန်တယ်။

အဲဒီ နွားမွေးမြူတဲ့ရွာတစ်ရွာလုံးက အရှင်မြတ်ကြွသွားတာကို နှမြောတသဖြစ်မိကြတယ်။ ဒီအထဲမှာ ခွေးကြီးလည်း ပါဝင်တယ်။ ခွေးကြီးရဲ့စိတ်ထဲမှာ ပဉ္စကဗုဒ္ဓါအရှင်မြတ်ဟာ ပြန်မလာတော့ဘူးဆိုတာ သိလိုက်တယ်။ ခွေးကြီးလည်း မူပင်လှိုက်မောတဲ့ဝေဒနာခံစားရပြီး ရင်ကွဲနာကျကာ သေဆုံးသွားတယ်။

ခွေးကြီးအသက်ထင်ရှားရှိစဉ်က ပဉ္စကဗုဒ္ဓါအရှင်မြတ်ကို အပါးတော်ကမခွာဘဲ စောင့်ရှောက်တဲ့အကျိုးကြောင့်လည်းပါမယ်၊ ပဉ္စကဗုဒ္ဓါအရှင်မြတ် လမ်းခရီးထွက်တိုင်း ခြသေ့်၊ ကျားကျားသစ်၊ ခွေးတို့ကို ကျယ်လောင်စွာအသံပေးပြီး ဖယ်ရှားစေတဲ့ ကုသိုလ်ကံတွေကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားဘဝကို ရရှိစေတယ်။ စကားပြောလိုက်တိုင်း တာဝတိံသာ နတ်ရွာတစ်ခုလုံး ကြားရှိစေတဲ့အတွက် ' ဃောသက ' နတ်သားအဖြစ် အမည်ကိုပိုင်ဆိုင်တယ်။

ဃောသကနတ်သားဟာ နတ်ပြည်မှာ အသက်အတိုင်းနေပြီး နတ်သက်ခြွေစုတေခဲ့ပြန်တယ်။

ယောသကနတ်သားဘဝမှနေပြီး ကောသမ္ဗပြည်မှာ တစ်ဦးတည်းသော ပြည့်တန်ဆာရဲ့ဝမ်းတွင်းမှာ ပဋိသန္ဓေနေရ တယ်။ ဆယ်လပြည့်လို့ သားငယ်ဖွားမြင်တဲ့အခါမှာ ပြည့်တန် ဆာမက စဉ်းစားမိတယ်။

' ငါဟာ သားတစ်ယောက်မွေးလို့ ဝမ်းသာမိပေမယ့် ဒီသားနဲ့ငါဟာ မသင့်လျော်အပ်ပါဘူး၊ သားကိုစွန့်ပစ်မှ ကောင်း မယ် ' လို့ အကြံရရှိပြီး လူတို့သွားရာလမ်းနံဘေးမှာ စွန့်ပစ်ထား ခဲ့တယ်။

အဲဒီအချိန်မှာပဲ ကောသမ္ဗီသူဌေးအိမ်မှာ အမှုလုပ်ကိုင် တဲ့ ယောကျ်ားတစ်ဦးက စောစောထပြီး မိမိအိမ်ကိုပြန်လာခဲ့ တယ်။ သူလာရာ လမ်းနံဘေးမှာလည်း ကျီးငှက်တို့ဝန်းရံနေတာ ကို တွေ့တာနဲ့ကြည့်လိုက်တော့ မွေးကင်းစကလေးငယ် ဖြစ်နေ တယ်။

ကလေးငယ်လေးကိုလည်း မြင်မြင်ချင်း ချစ်ခင်စုံမက် လာတဲ့အတွက် မိမိအိမ်ကိုယူလာခဲ့တယ်။ ကလေးငယ်ကို ကောင်းမွန်စွာထားပြီးမှ သူဌေးအိမ်ကို ပြန်လာခဲ့တော့တယ်။

ကောသမ္ဗီသူဌေးကြီးလည်း အဲဒီညဦးကပဲ မင်းထံ အခစားသွားခဲ့တယ်။ မင်းခစားရင်း မင်းရဲ့ဆရာ ပုရောဟိတ် ပုဏ္ဏားကိုတွေ့လို့ " ဒီနေ့ နက္ခတ်တာရာအခြေအနေ ဘယ်လို နေသလဲ ပုရောဟိတ်ကြီးရဲ့ " ဟု ကောသမ္ဗီသူဌေးကြီးက မေး တော့ ပုရောဟိတ်ပုဏ္ဏားကြီးက ...

' အင်း ... ဒီနေ့ နက္ခတ်ကောင်းလှပေတယ်၊ ဒီနေ့

ညဥ့်မှာဖွားတဲ့ သားယောက်ျားဟာ ငါတို့ကောသမ္ဗီပြည်မှာ သူများတွေမယှဉ်နိုင်အောင် သူဌေးကြီးဖြစ်လိမ့်မယ် ' ဟု ဆိုလိုက်တယ်။

ပုရောဟိတ်ပုဏ္ဏားကြီးရဲ့စကားကို ကောသမ္ဗီသူဌေးကြီး ကြားလိုက်ချိန်မှာ သူဌေးကြီးရဲ့စိတ်ထဲမှာ ဝမ်းသာနေတယ်။

" အင်း ... ဒီပုဏ္ဏားကြီးရဲ့စကားဟာ မှားယွင်းတယ်လို့ မရှိဘူး၊ ငါ့ရဲ့သူဌေးမမှာလည်း ရင့်မာတဲ့ကိုယ်ဝန်ရှိနေတယ်၊ ခုနေများ ဖွားနေပြီလော " ဟု တွေးရင်း အိမ်ကိုပြန်လာခဲ့တယ်။ အိမ်ကိုရောက်တော့ သူဌေးမရဲ့ကိုယ်ဝန်ကို ကြည့်လိုက်ပြီး ..

" ဟင် ... မဖွားသေးပါလား " ဟု ပင့်သက်ချကာ အိပ်ရာတော်ဝင်ခဲ့လေသည်။

နံနက်မိုးသောက် အလင်းရောက်တဲ့အခါ ကျေးကျွန်တော်များကိုခေါ်ယူပြီး " ညက ဘယ်သူ့အိမ်မှာ သားငယ်များ ဖွားမြင်ပါသလဲဆိုတာ လိုက်ရှာကြပါ " ဟု စေခိုင်းလိုက်တယ်။

ကျေးကျွန်တို့ရှာဖွေမေးမြန်းတဲ့အခါမှာ အမှုလုပ်အိမ်ကိုရောက်ရှိကြတယ်။ အမှုလုပ်အိမ်မှာ ညကမွေးဖွားတဲ့သားငယ်ကို တွေ့လိုက်ကြတယ်။ အဲဒီအခါမှာ ကျေးကျွန်တို့က သူဌေးကြီးထံ ပြောကြားတယ်။ သူဌေးကြီးကလည်း မိမိရဲ့အမှုလုပ်ကို " အသင်ရရှိတဲ့သားငယ်ကို ငါ့အားပေးပါ " ဟု တောင်းဆိုလိုက်တယ်။

အမှုလုပ်ကလည်း ကျွန်ုပ်မပေးနိုင်ပါဘူး ဟု ဆိုလိုက်တဲ့အတွက် ခဏာမျှစဉ်းစားနေမိတယ်။

အကြံရလာမှ " သင့်ကို ငွေအသပြာတစ်ထောင်သော ဥစ္စာကိုပေးမယ်၊ ငါ့ကို သင့်ရဲ့လက်ထဲက သားငယ်ကိုပေးပါ " ဟု သူဌေးကြီးက ဆိုလိုက်တော့မှ အမှုလုပ်သူက သဘောတူပြီး ကလေးငယ်ကို ရောင်းလိုက်တယ်။

ကောသမ္ဗီသူဌေးလည်း သားငယ်ကိုရလိုက်တာနဲ့ 'ဃောသက 'လို့ နာမည်ပေးလိုက်တယ်။ စိတ်ထဲမှာလည်း အကြံတစ်ခုနဲ့ အမိဌာန်ပြုလိုက်တယ်။

" ငါ့ရဲ့သူဌေးမ ကိုယ်ဝန်ကမွေးမယ့်ကလေးဟာ သမီးလေးဖြစ်ခဲ့ရင် ဒီသူငယ်နဲ့ ထိမ်းမြားလက်ထပ်ပေးပြီး သားသမက်ပြုမယ်၊ တကယ်လို့ သားယောကျ်ားလေး မွေးခဲ့ရင်တော့ ဒီသူငယ်ကို အိမ်မှာမထားဘဲ သေစေမယ် " လို့ အကြံဖြစ်ပေါ်စေတယ်။

အဲဒီလိုနဲ့ သူငယ်ယောကျ်ားရရှိပြီး လေးငါးရက်မျှအကြာမှာ သူဌေးမရဲ့ကိုယ်ဝန်မှ သားယောကျ်ားလေး တစ်ယောက်ကို ဖွားမြင်ခဲ့တော့တယ်။

ကောသမ္ဗီသူဌေးကြီးဟာ သူ့ရဲ့ရင်သွေးရင်းချာသားငယ်မွေးဖွားတဲ့အတွက် ဝမ်းသာကြည်နူးပျော်ရွှင်နေတယ်။ သားငယ်လေးကို မြင်လိုက်ကတည်းက မိဘရဲ့အချစ်တွေဟာ တဖွားဖွားဖြစ်ပေါ်လို့နေတယ်။

ဒီလိုခံစားနေရတာကိုက သူဌေးကြီးအနှစ်သက်ဆုံးပဲ။ အဲဒီအချိန်မှာပဲ သူဌေးကြီးအသိထဲဝင်လာတယ်။ သူငယ်ယောကျ်ားလေးအတွက် မလိုမုန်းတီးပြီး ဥပက္ခာပြုလိုတဲ့စိတ်က

ပေါ်လာတယ်။

သားအရင်းရှိဖို့တော့ ဒီသူငယ်ဟာ အလကားအပိုပဲ ဆိုပြီး ယောသကသူငယ်လေးကို စွန့်ပစ်ရန်ကြံစည်တော့တယ်။

သူဌေးကြီးဟာ အထိန်းတော်မိန်းမကို ခေါ်လိုက်ပြီး " ဒီ ယောသက သူငယ်ကို နွားတို့ထွက်ချိန်နီးတဲ့အခါ ခြံဝမှာ ထားချေ " ဟု ခိုင်းလိုက်တယ်။ အထိန်းမိန်းကလေးလည်း သူဌေးကြီး စေခိုင်းတဲ့အတိုင်း နွားများစွာထွက်မယ့် ခြံဝမှာထား လိုက်တယ်။

ခြံဝကိုထွက်လာတဲ့ ရှေ့ဆုံးကနွားကြီးက ကလေးငယ် ကိုမြင်တွေ့ရလို့ တခြားသောနွားတွေ မထိပါးစေရန်အတွက် ကာကွယ်စောင့်ရှောက်ပေးနေတယ်။ နွားအပေါင်းတို့ ခြံရုံထား တာကို နွားကျောင်းသားတို့ကမြင်တဲ့အခါ ' ဘုန်းကံနဲ့ပြည့်စုံတဲ့ ကလေးငယ်ပဝ်ဖြစ်ပေမယ် ' ဆိုကာ ကောက်ယူ၍မွေးစားလိုက် တယ်။

အဲဒီကို ကောသမ္ဗီသူဌေးကြီးကသိတဲ့အခါ နွားကျောင်း သားထံမှ အသပြာတစ်ထောင်နဲ့ဝယ်ယူလိုက်ပြန်တယ်။ နွား ကျောင်းသားလက်ထဲကဝယ်ယူပြီးတာနဲ့ သုသာန်တစပြင်မှာ သွားပစ်ထားစေတယ်။

ဒီအခါမှာ သုသာန်အနီးတစ်ဝိုက် မြက်ခင်းများမှာ ကျက်စားနေကြတဲ့ ဆိတ်များစွာထဲက ဆိတ်မကြီးတစ်ကောင် ဟာ ယောသကသူငယ်ဆီချဉ်းကပ်ပြီး မကြာမကြာနို့တိုက်ရှာ တယ်။

အဲဒီအပြုအမူကိုမြင်ရတဲ့ ဆိတ်ကျောင်းသားလေးဟာ " ဒီသူငယ်ဟာ ဘုဉ်းကံရှိတဲ့သူဖြစ်မယ်၊ ဓားရှည်ကိုင်ထားတဲ့ မြင်းစီးသူရဲတွေ ဝိုင်းရံစောင့်ရှောက်နေပြီး ထီးဖြူဆောင်းတဲ့ ရှင်ဘုရင်တွေ တောင် ကူညီရိုင်းပင်းတတ်မှတော့ ငါ့လိုလူသားအချင်းချင်းက လည်း ကယ်တင်ရပေမယ် " ဟု အသိတရားရှိတဲ့ ဆိတ်ကျောင်း သားက ကောက်သူမွေးစားထားလိုက်တယ်။

ဒီတစ်ခါလည်း ကောသမ္ဗီသူဌေးကြီးက သိလိုက်ပြီး ဆိတ်ကျောင်းသားထံမှ အသပြာတစ်ထောင်နဲ့ဝယ်ယူလိုက်ပြန် တယ်။

သူဌေးရဲ့အိမ်မှာ ဃောသကသူငယ်လေးရောက်နေ တာ သုံးရက်မြောက်ခဲ့ပြီ။ ဒီနေ့မှပဲ သတင်းတစ်ခုကို သူဌေးကြီး ကြားသိရတယ်။

လှည်းအစီးငါးရာတို့ဟာ ကုန်အရောင်းအဝယ်နဲ့ မြို့ကို ရောက်လိမ့်မယ်ဆိုတဲ့ သတင်းပဲ၊ ဒီသတင်းကို ကြားလိုက်တာ နဲ့ သူဌေးကြီးဟာ သူ့အကြံအစည်ကို စတင်လိုက်ပြန်တယ်။

" ဃောသကကို လှည်းသွားရာခရီးလမ်းမမှာ ပစ်ချ ထားချေ " ဟု ကျေးကျွန်ကို စေခိုင်းလိုက်တယ်။ ကျေးကျွန်က လည်း လှည်းလမ်းမမှာ သူငယ်ကိုပစ်ထားခဲ့တယ်။

ရှေ့မှဦးဆောင်လာတဲ့ လှည်းဟာ ဃောသကသူငယ် လေးအနီးရောက်တာနဲ့ နွားနှစ်ကောင်ဟာ တစ်ပြိုင်တည်း နောက်ကို အလန့်တကြားဆုတ်လိုက်ကြတယ်။ နွားများလန့်ရ တဲ့အကြောင်းကို လှည်းသမားက သိလိုတာမို့ လှည်းပေါ်က ဆင်းကြည့်လိုက်တယ်။

ဒီအခါမှာ ကလေးသူငယ်ကို တွေ့လိုက်ရတဲ့ လှည်းသမားဟာ ဘုန်းကံကြီးမား မွန်မြတ်တဲ့သူငယ်ပါလား လို့ချီးကျူးဩဘာပြုပြီး အားရဝမ်းသာကောက်ယူလိုက်တယ်။

ဒီအကြောင်းကိုလည်း သူဌေးကြီးက သိပြန်တဲ့အတွက် လှည်းသမားဆီက အသပြာတစ်ထောင်နဲ့ဝယ်လိုက်ပြန်တယ်။

ဃောသကသူငယ်ကို ပြန်လည်ဝယ်ယူပြီး သူဌေးကြီးက အကြံတစ်ခုထုတ်လိုက်တယ်။ မြို့နဲ့မနီးမဝေးမှာရှိတဲ့ တောင်ကမ်းပါးပြတ်ထဲကို ချပစ်စေတယ်။ သူဌေးကြီး ချပစ်စေတဲ့နေရာရဲ့အောက်မှာ ကျူထရုံသည်တို့ တည်းခိုနားနေရာဇရပ် တစ်ဆောင်ရှိတယ်။

အဲဒီဇရပ်အမိုးပေါ် ကျပေမယ့် ဃောသကသူငယ်ရဲ့ ဘုန်းကံကြောင့် ဇရပ်အမိုးဟာ အကြိမ်တစ်ရာမကပတ်ထားတဲ့ ဝါဂွမ်းဆိုင်ကဲ့သို့အရာနဲ့ အောက်ကခံနေတာမို့ သူငယ်လေးဟာ ဘာမှမဖြစ်ဘူး။

ဇရပ်အမိုးပေါ် ကို ကျသံကြားရလို့ ကျူထရုံသည်သားအဖဟာ ထကြည့်ကြတယ်။ ဒီအခါမှာ ကလေးသူငယ်လေးဖြစ်နေတာတွေ့ရလို့ 'လူတွင်အထူး မကြုံဖူးတဲ့သူငယ်လေးပါလား' ဟု အားရဝမ်းသာစွာနဲ့ ကလေးသူငယ်လေးကို ကောက်ယူလိုက်တယ်။

ဒီအကြောင်းကိုလည်း ကောသမ္ဘီသူဌေးကြီးက သိပြန်တဲ့အတွက် ကျူထရုံသားအဖထံမှ အသပြာတစ်ထောင်နဲ့ ဝယ်လိုက်ပြန်တယ်။

**မှတ်ချက်။** အဲဒီလိုနဲ့အကြိမ်ကြိမ် ပစ်ပယ်ခြင်းခံရတာဟာ ရှေးဘဝက သူ့သားငယ်ကိုလမ်းခရီးမှာ ပစ်ထားခဲ့ဖူးတဲ့ မကောင်းမှုအကျိုးကြောင့်ပဲ၊ စွန့်ပစ်ခဲ့တဲ့အခါ အန္တရာယ်မရှိဖြစ်ရခြင်းမှာ ခွေးဖြစ်စဉ်အခါက ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ လမ်းခရီးမှာ ကျရောက်မယ့်အန္တရာယ်ကို ကင်းဝေးစေတဲ့အကျိုးတရားကြောင့် အခုလိုအန္တရာယ်မရှိဘဲ အသက်ချမ်းသာရာရရှိခြင်းဖြစ်တယ်။

ကောသမ္ဗီသူဌေးကြီးလည်း လေးကြိမ်တိုင်အောင် စွန့်ပစ်ပေမယ့် မသေနိုင်တဲ့ဃောသကကို သားအရင်းနဲ့အတူ မွေးစားလိုက်တော့တယ်။

ကြီးထွားလာတဲ့အချိန်အထိ ညီအစ်ကိုအဖြစ် အသိအမှတ်ပြုလာပေမယ့် သားအရင်းကိုတော့ အတတ်ပညာများသင်စေတယ်။ ဃောသကကိုတော့ မသင်စေဘူး။

သားငယ်နှစ်ယောက် အရွယ်ရောက်လာတဲ့အခါ ကောသမ္ဗီသူဌေးဟာ အကြံအစည်တစ်ခုကို ထပ်မံကြံစည်ပြန်တယ်။

" ငါ့သားဟာ ပျက်စီးတတ်တဲ့အန္တရာယ်ကို ရှောင်နိုင်ပေမယ့် အရွယ်ရောက်နေပြီ၊ ဒီအချိန်မှာ ဃောသကသူငယ်ကို အသက်ရှင်စွာထားပါက ငါ့သားဟာ သူဌေးကြီးဖြစ်မှာမဟုတ်ဘူး၊ အဲဒီတော့ ဃောသကကို သေစေမှဖြစ်မယ် " ဟု ကြံစည်တဲ့အမှုကို စတင်ဆောင်ရွက်ပြန်တယ်။

ကောသမ္ဗီသူဌေးကြီးဟာ သူ့ရဲ့အိုးထိန်းသည်ထံကို သွားရောက်ပြီး အကူအညီတောင်းလိုက်တယ်။

" အမောင် အိုးထိန်းသည်၊ ငါ့ရဲ့အိမ်မှာဖွားတဲ့ သား တစ်ဦးဟာ အထူးယုတ်မာပြီး ငါတို့ရဲ့ရန်သူဖြစ်လိမ့်မယ်လို့ ပညာရှိအမတ်တို့က ပြောဆိုကြတယ်။ အဲဒီသားကို သင့်ထံစေ လွှတ်လိုက်ပါ့မယ်၊ ကျေးဇူးပြုပြီး သင်ဖျောက်ဖျက်ပေးပါ " ဟု ဆိုလိုက်တဲ့အခါ အိုးထိန်းသည်ယောကျ်ားက နားနှစ်ဖက်ကို အုပ်လိုက်တယ်။

ကြောက်ရွံ့စိုးထိတ်တဲ့အမူအရာနဲ့ပဲ ' အကျွန်ုပ်မသတ်ဝံ့ ပါ ' ဟု အိုးထိန်းသည်က ငြင်းဆိုလိုက်တယ်။

အဲဒီအခါမှာ ကောသမ္ဗီသူဌေးကြီးကလည်း စဉ်းစား လိုက်တယ်။

" လောကမှာ တံစိုးလက်ဆောင်တို့ဟာ ချစ်လှတဲ့လင် ယောကျ်ားကိုတောင်မှ ကွဲစေတတ်တာပဲ၊ အဲဒီတော့ အိုးထိန်း သည်ကို တံစိုးလက်ဆောင်ပေးမှ ငါ့ကိစ္စပြီးပြတ်တော့မှာပဲ " ဟု အကြံရလာပြီး " အသင်အိုးထိန်းသည် ငါ့ရဲ့ရန်သူကို ဖယ် ရှားရှင်းလင်းပေးပါက သင့်အားအသပြာတစ်ထောင် ပေးပါ မယ် " ဟု ဆိုလိုက်တယ်။

ဒီအခါကျမှ အိုးထိန်းသည်လည်း ကြည်နူးစွာသဘော တူလိုက်ပြီး ' ကောင်းပါပြီ၊ သူဌေးမင်းသားတော်ကို အခါအခွင့် ကြုံတဲ့တစ်နေ့မှာ အကျွန်ုပ်ထံကို လွှတ်လိုက်ပါတော့ ' ဟု အသပြာတစ်ထောင်ကိုယူဆောင်ပြီး ကတိပြုလိုက်တယ်။

ကောသမ္ဗီသူဌေးလည်း ဝမ်းသာစွာနဲ့ အိမ်ကိုပြန်လာခဲ့တယ်။ တစ်နေ့မှာတော့ ကောသမ္ဗီသူဌေးကြီးဟာ ယောသကကိုခေါ်လိုက်ပြီး " ချစ်သား ယောသက၊ အဖေတို့မှာ အိုးများစွာလိုအပ်နေတယ်၊ အဖေတို့လက်စွဲတော် အိုးထိန်းသည်ထံသွားပြီး အဖေမှာထားတဲ့အတိုင်း မြုလုပ်ပေးပါလို့ပြောပြချေ " ဟု ပြောပြီး အိုးထိန်းသည်ထံကို လွှတ်လိုက်တယ်။

ယောသကလည်း မိဘစကားကိုနားထောင်သူဖြစ်တဲ့အတွက် မဆိုင်းမတွပင် ထွက်ခဲ့လေတယ်။ ခရီးသွားရာလမ်းနံဘေးရှိအိမ်တစ်အိမ်မှာ ကောသမ္ဗီသူဌေးကြီးရဲ့ သားအရင်းဖြစ်သူဟာ ဂုံညင်းကစားနေတယ်။

သူဟာများစွာ ဆုံးရှုံးနေတဲ့အတွက် အခက်ကြုံနေခိုက် ယောသကကို လှမ်းမြင်ရလို့ ခေါ်လိုက်ပြီး " အစ်ကိုကြီး ကျွန်တော့်ဘက်က ကူညီပါ "လို့ ဆိုလိုက်တယ်။

ယောသကအနေနဲ့ တာဝန်ကိုထမ်းဆောင်ရမှာမို့ ' ညီငယ် ခွင့်လွှတ်ကွာ၊ အစ်ကိုမကူညီအားသေးဘူး။ အရေးကိစ္စတစ်ခုနဲ့ အဖေကလွှတ်လိုက်တယ်၊ အဖေ့ရဲ့အိုးထိန်းသည်အိမ်ကို သွားရဦးမယ် ' ဆိုတဲ့အခါ ...

သူဌေးကြီးရဲ့သားအရင်းက " အစ်ကို၊ အဖေမှာတဲ့ကိစ္စကို ညီငယ်သွားရောက်ယူဆောင်မယ်၊ ညီငယ်ရှုံးထားသမျှငွေတွေပြန်ရအောင် ဂုံညင်းထိုးပေးပါ " ဟု အကူအညီတောင်းရာ ညီးငယ်နေတဲ့အတွက် ယောသကလည်း အဖေမှာလိုက်တဲ့စကားကို ညီငယ်အားပြောပြလိုက်တယ်။

ယောသကလည်း ဂုံညင်းကစားဝိုင်းကို ဝင်လိုက်တယ်။

သူဌေးသားအရင်းဟာ အိုးထိန်းသည်ဖခင်ကိုသွားပြီး ဖခင်မှာတဲ့စကားကို ပြောလိုက်တယ်။ အိုးထိန်းသည်ကလည်း အိမ်ထဲကိုခေါ်ယူပြီး သူဌေးသားအရင်းကို ဓားနဲ့ခုတ်သတ်လိုက်တယ်။ အပိုင်းပိုင်းဖြတ်တောက်ကာ အိုးဖုတ်တဲ့မီးဖိုထဲကိုထည့်ပြီး မီးဖုတ်ပစ်လိုက်တယ်။

အဲဒီအချိန်မှာ ယောသကတစ်ယောက်ကတော့ ကစားရာမှာ များပြားလှတဲ့ငွေတွေ အနိုင်ရလိုက်တာကြောင့် " ငါ့ညီငယ်လည်း သွားတာကြာလှချည်လား " ဆိုပြီး ယောသကဟာ အိုးထိန်းသည်အိမ်ကို လိုက်သွားတယ်။

ညီငယ်ရှိမရှိ ရှာဖွေကြည့်တဲ့အခါ မမြင်ရတာနဲ့ အိမ်ကို အပြေးပြန်လာခဲ့တယ်။

အိမ်ကိုပြန်လာတဲ့ ယောသကကို ကောသမ္ဗီသူဌေးက ဆီးကြိုပြီး ' ချစ်သား အိုးထိန်းသည်အိမ်ကို မသွားဘူးလား ' ဟု မေးလိုက်တယ်။

" ဖခင် ကျွန်ုပ်သွားရာလမ်းမှာ ညီငယ်ကိုတွေ့ပါတယ်၊ ညီငယ်က ကိုယ်စားသွားပါရစေလို့ပြောတာကြောင့် လွှတ်လိုက်ပါတယ် " ဟု ယောသကမှ အကြောင်းစုံပြန်ပြောပြရှာတယ်။

ကောသမ္ဗီသူဌေးကလည်း ယောသကရဲ့စကားကို ကြားလိုက်တဲ့အခါ ရင်ထဲကဆူတက်လာပြီး ဦးခေါင်းထက်မှာ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးနဲ့ ဖိထားသကဲ့သို့ တင်းကျပ်မှုကိုခံစားနေရာမှ အမြန်ထပြီး အိုးထိန်းသည်

အိမ်ကို ပြေးတော့တယ်။

သူဌေးက အရေးတကြီးပင် အိုးထိန်းသည်အိမ်ကိုဝင်ရောက်ကာ " အသင် ဆိုင်းလင့်ပါဦး ... ဆိုင်းပါဦး ... " ဟု အော်ဟစ်ပြောကြားနေပေမယ့် သူဌေးကြီးလာတာကိုမြင်တဲ့ အိုးထိန်းသည်ကလည်း ' အရှင်သူဌေးမှာတဲ့ကိစ္စအားလုံးပြီးစီးသွားပါပြီ ' ဟု ပြောသံကြားလိုက်တဲ့အခါ သူဌေးကြီးခမျာ ကြီးမားလှတဲ့ စိတ်ဒုက္ခဖြစ်ရပါတော့တယ်။

အဲဒီနေ့ကစပြီး သူဌေးကြီးဟာ ယောသကနဲ့ ထမင်းလည်းအတူမစား၊ ခရီးလည်းအတူမသွားတော့ဘဲ " ငါ့သားဟာ မင်းကြောင့်သေရတာ၊ ငါမကျေဘူး " ဟု ရန်ငြိုးထားပြီး သတ်ခွင့်ကြုံတဲ့ရက်ကို ကြံစည်နေတော့တယ်။

တစ်နေ့မှာတော့ သူဌေးကြီးဟာ ကမ္ပည်းစာတစ်စောင်ရေးပြီး ယောသကကိုခေါ်လိုက်တယ်။

" ချစ်သား (က)မည်တဲ့ရွာမှာ ဖခင်ရဲ့အမှုလုပ်သူတစ်ဦးရှိတယ်၊ အဲဒီလူကို ဒီစာသွားပေးချေ၊ ခရီးလမ်းအကြားမှာ (ခ)မည်တဲ့ရွာတွေ့လိမ့်မယ်၊ ဖခင်ရဲ့မိတ်ဆွေ သူဌေးတစ်ယောက်ပဲ၊ အဲဒီအိမ်ကိုဝင်ပြီး ထမင်းစား၊ ညအိပ်တည်းခိုပါ၊ နောက်တစ်နေ့မှ ခရီးဆက်ပါ၊ စာကိုတော့ ဘယ်သူ့ကိုမှမပြလေနဲ့ " ဟု ပြောဆိုပြီး စာပေးကာစေလွှတ်လိုက်တယ်။

ယောသကလည်း ဖခင်ညွှန်လိုက်တဲ့အတိုင်း သွားခဲ့ရာ (ခ)ရွာတွင် နေထိုင်သောသူဌေးအိမ်ကိုရောက်တော့တယ်။

အဲဒီသူဌေးက ' လုလင်ဘယ်ကလာသလဲ၊ အသင်ဟာ

ဘယ်သူ့ရဲ့သားဆိုတာပြောပြပါ ' ဟု မေးလိုက်တယ်။

ယောသကလည်း မဆိုင်းမတွပင် ...

" ကျွန်ုပ်ဟာ ကောသမ္ဗီပြည်သူဌေးကြီးရဲ့သားပါ။ ဖခင်စေလွှတ်လိုက်တဲ့ကိစ္စကြောင့် ရောက်လာရခြင်းဖြစ်ပါတယ် " ဟုပြောလိုက်တော့မှ သူဌေးကလည်း ' ငါ့အဆွေရဲ့သားဖြစ်ပေတယ် ' ဟု အသိအမှတ်ပြုပြီး သမီးရဲ့အလုပ်အကျွေးဖြစ်တဲ့ မိန်းမကိုခေါ်ကာ ခြေဆေးခြင်း၊ ခြေဆုပ်နယ်ခြင်းကိစ္စကို ပြုစေပြီးမှ ထမင်းကိုကျွေးတယ်၊ ကောင်းမွန်စွာအိပ်ရာခင်းပေးပြီး အိပ်စေတယ်။

အဲဒီအလုပ်အကျွေးပြုတဲ့မိန်းမဟာ ဧည့်သည်ကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပြီးမှ သူဌေးသမီးထံသွားတဲ့ အခါ " ရှင်မဟာ အဘယ့်ကြောင့် ပြင်ပမှာကြာမြင့်နေပါသလဲ" ဟု သူဌေးသမီးကမေးလိုက်တော့ ...

' အရှင်သခင်မဖခင်က ကောသမ္ဗီသူဌေးကြီးရဲ့သားကို ဧည့်ဝတ်ပြုခိုင်းနေလို့ ကြာမြင့်ရခြင်းဖြစ်ပါတယ်။ ယောကျ်ားတကာတို့ထဲမှာ ဒီလုလင်လောက်ယဉ်ကျေးလှပတာ တစ်ခါမှ မမြင်ဖူးပါ ' ဟု အလုပ်အကျွေးပြုတဲ့မိန်းမက ပြောလိုက်တယ်။

သူဌေးသမီးလည်း အရင်ဘဝက လုလင်ရဲ့ဇနီးဖြစ်ခဲ့ဖူးတဲ့ အတိတ်ကံကြောင့် သူဌေးသားလေးရဲ့သတင်းကိုကြားလိုက်ရချိန်မှစပြီး တွေ့ချင်မြင်ချင်တဲ့ဆန္ဒ၊ စွဲလမ်းတဲ့ဝေဒနာတွေ ထက်သန်လာတဲ့အတွက် အလုပ်အကျွေးပြုစုတဲ့ကျွန်မနဲ့အတူ အိပ်ပျော်နေတဲ့လုလင်သူဌေးသားအနီးကို လာရောက်ကြတယ်။

အဲဒီအခါမှာ သူဌေးသားလုလင်ရဲ့ပုဆိုးမှာ ညပ်ထားတဲ့ စာခေါက်ကလေးကို လုလင်မနိုးစေအောင်ယူကာ စာခေါက်ကို ဖြေဖတ်လိုက်တယ်။ စာထဲမှာပါတဲ့အကြောင်းအရာတွေက လုလင်သူဌေးသားလေးကို သတ်စေခိုင်းလိုက်တဲ့ စာဖြစ်နေတယ်။

အဲဒီတော့ သူဌေးသမီးလေးဟာ စိုးရိမ်တုန်လှုပ်သွားမိတယ်။ အဲဒီစာခေါက်ကလေးကို သိမ်းဆည်းဝှက်ယူထားလိုက်ပြီး စာတစ်စောင်ကို ထပ်မံရေးသားလိုက်တယ်။

( ကျွန်ုပ်မှာကြားလိုက်တယ် အမှုလုပ်၊ (ခ)ရွာမှာနေထိုင်တဲ့ ငါ့အဆွေသူဌေးအိမ်မှာ အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးတစ်ယောက်ရှိတယ်ဆိုတာ ငါကြားသိရတယ်၊ အဲဒါကြောင့် ငါ့ရဲ့သားရတနာကို စေလွှတ်လိုက်တယ်၊ ရောက်လာခဲ့တာနဲ့ သင်ဟာ ငါ့ရဲ့ကိုယ်စားသွားရောက်ပြီး အဲဒီသူဌေးသမီးနဲ့ ထိမ်းမြားလက်ထပ်ခွင့်တောင်းပါ။ ငါအစိုးရတဲ့မြို့ရွာမှ တစ်ရာ၊ တစ်ရာစီရှိတဲ့ ဆင်မြင်းကျွဲနွား၊ ရွှေငွေတွေကိုစုရုံးပြီး ချီးမြှောက်ပါ။ ထိမ်းမြားမင်္ဂလာပြုပြီးတဲ့အချိန်ကျမှ ငါ့ထံကိုစာပြန်ပါ။ အမှုလုပ်ကိုအားကိုးလိုက်ပါတယ်) ဟု စာကိုပြင်ဆင်ရေးသားပြီး ပုံမပျက် ပုဆိုးစမှာ ပြန်ချည်ထားလိုက်တယ်။

ယောသကလည်း မိုးလင်းလို့အိပ်ရာမှထပြီး သူဌေးကို ခွင့်ပန်ကာ (က)ရွာမှာရှိတဲ့ အမှုလုပ်ထံကိုဆက်ရပြန်တယ်။

အမှုလုပ်ထံရောက်တဲ့အခါ ဖခင်ပေးလိုက်တဲ့စာကို ပြလိုက်တယ်။ အမှုလုပ်ကလည်း စာကိုဖတ်ရှုပြီး " ငါ့အရှင်သူဌေး

ဟာ ရင်သွေးသားကြီးကို ခိုးမြှောက်လိုတဲ့အတွက် ငှါထံစေလွှတ် လိုက်တာပဲ၊ ငါ့ဆောင်ရွက်ပေးလေမှ " ဟု စိတ်ပိုင်းဖြတ်ပြီး ကျေးရွာသားတို့အပေါ် ရထိုက်တဲ့ဘဏ္ဍာငွေများစုစည်းပြီး (ခ) ရွာမှ သူဌေးကိုအကြောင်းကြားလိုက်တယ်။ စာခေါက်ကို ပြင် ရေးပေးလိုက်တဲ့ သူဌေးသမီးနဲ့ လက်ထပ်ထိမ်းမြားပေးလိုက်ကြ တယ်။ အားလုံးပြီးစီးတဲ့အခါမှ ကောသမ္ဘီသူဌေးကြီးထံကို သဝဏ်လွှာရေးပို့လိုက်ကြတယ်။

စာကိုဖတ်လိုက်ရတဲ့ ကောသမ္ဘီသူဌေးကြီးဟာ သူ့စေ ခိုင်းသလိုဖြစ်မလာဘဲ ဃောသကကိုသူဌေးသမီးနဲ့ ထိမ်းမြား လက်ထပ်လိုက်ပြီလို့ သတင်းကြားရတဲ့အချိန်မှာ ရင်ထဲက ပူလောင်ပြင်းထန်မှုဝေဒနာတွေခံစားရပြီး ခံတွင်းမှသွေးများ အန်ထွက်လာတယ်။

အဲဒီအချိန်မှာ သူဌေးကြီးဟာ သွေးအန်တဲ့ဝေဒနာနဲ့ သေရတော့မယ်ဆိုတာ သိနေတယ်။ သူ့ရဲ့ဥစ္စာပစ္စည်းတွေကို လည်း ဃောသကမရရှိလေအောင် လူပုံအလယ်မှာပြောပြမယ် ဟု ကြံစည်ပြီး ...

" ချစ်သား ဃောသက၊ ဖခင်မှာ ပြင်းထန်တဲ့ရောဂါ ဝေဒနာခံစားနေရတဲ့အတွက် အမြန်ပြန်လာခဲ့ပါ " ဟု စာရေး မှာလိုက်တယ်။ ဃောသကလည်း ဖခင်မကျန်းမမာဖြစ်နေ ကြောင်း ကြားသိရတဲ့အချိန်မှာ အမြန်သွားရန်ပြင်ဆင်လိုက် တယ်။ အဲဒီအခါ အိမ်ရှင်မဖြစ်တဲ့ သူဌေးသမီးက စဉ်းစားလိုက် တယ်။

'ငါ့ရဲ့လင်ဟာ ငါ့ကြောင့်အသက်ချမ်းသာရာရတာကို မသိသေးဘူး၊ အသင်မောင်ကြီးရဲ့အဖေက ငါ့ကိုပေးစားထိမ်းမြားတာမဟုတ်၊ ဒါတွေမသိသေးတဲ့ မောင်ကြီးဟာ အဖေထံကို ပြန်ချင်နေပြီ၊ မပြန်ဖြစ်အောင် တားမြစ်ကြံစည်မှပဲ 'ဟု အကြံရပြီး သူဌေးသမီးက ယောသကကို ပြောလိုက်တယ် ...

'မောင်ကြီး ယောသကပြန်ရင် နှမလည်းလိုက်ချင်တယ်၊ အဲဒါ ရှေ့လမှသွားရအောင် စောင့်တော်မူပါ ' လို့ဆိုပြီး သွေးဆောင်လှည့်ဖျားကာ အချိန်ဆွဲထားလိုက်တယ်။

ကောသမ္ဗီသူဌေးကလည်း " ငါ့သား ကြာမြင့်လှချည်လား၊ ဖခင် အသက်ရှင်စဉ် သားတို့ဇနီးမောင်နှံကို တွေ့မြင်ချင်လှပါတယ်၊ လျင်မြန်စွာလာကြပါ " ဟု ထပ်မံကာမှာကြားလိုက်တယ်။

ဒီတစ်ခါတော့ ယောသကဟာ တကယ်သွားမယ်ကြံစည်ပြင်ဆင်နေခိုက်မှာ သူဌေးသမီးက အပါးကပ်လာတယ်။

'မောင်ကြီး ယောသက၊ ကောသမ္ဗီသူဌေးဟာ မောင်ကြီးရဲ့ ဖခင်အရင်းမဟုတ်ပါ၊ မောင်ကြီးကို သတ်ရန်အတွက် အမှုလုပ်ထံကို စေလွှတ်လိုက်တာပါ၊ အဲဒီနေ့က မောင်ကြီးဟာ နှမတို့အိမ်မှာဝင်ပြီး တည်းခိုနားနေတယ်လေ၊ မောင်ကြီးရဲ့ဖခင်က အမှုလုပ်ထံကို သတ်ပစ်ရန်စေလွှတ်လိုက်တဲ့စာကို နှမက ဝှက်ယူသိမ်းထားလိုက်ပြီး နောက်ထပ်စာတစ်စောင်ကို နှမကိုယ်တိုင်ရေးလိုက်တယ်၊ မောင်ကြီးရဲ့ပုဆိုးစမှာ ဖလှယ်ပြီးထည့်လိုက်တာပါ။ စည်းစိမ်ချမ်းသာနဲ့ နှမကိုမောင်ကြီးပိုင်ဆိုင်တာ ဖခင်က

ဆောင်ရွက်ပေးလို့မဟုတ်ပါဘူး။မောင်ကြီးဖခင်ပေးလိုက်တဲ့စာဟာ ဒီစာပဲဖြစ်ပါတယ် ' ဟု ပြောလိုက်ပြီး ...

' အခုလို မောင်ကြီးကိုသားအစစ်မဟုတ်ဘူးဆိုတာ သေခါနီးပြောချင်လို့ရယ်၊ သူ့ပစ္စည်းတွေ ပိုင်ဆိုင်သွားမှာ စိုးရိမ်နေလို့ လှမ်းခေါ်တာပဲ၊ အခု မသွားပါနဲ့ဦး၊ သေချိန်နီးမှ မောင်ကြီးနဲ့ နှမတို့သွားကြတာပေါ့ ' လို့ သူဌေးသမီးက ပြောဆိုတားဆီးလိုက်တယ်။

မကြာမီရက်ပိုင်းအချိန်လေးမှာပဲ ကောသမ္ဗီသူဌေးကြီးလည်း ရောဂါကြီးထွားလာပြီဖြစ်လို့ ' ကောသမ္ဗီသူဌေးကြီးတော့ သေဖို့နီးနေပြီ ' ဆိုတဲ့သတင်းကြားရမှ ဃောသကတို့ဇနီးမောင်နှံဟာ ကောသမ္ဗီပြည်ကြီးကို သွားတော့တယ်။

ကောသမ္ဗီသူဌေးကြီးလည်း သေလုမြောပါးဖြစ်နေတဲ့အချိန်မှာ ဃောသကတို့ဇနီးမောင်နှံက ယုယကြင်နာစွာပြုစုနေကြတယ်။ သူဌေးကြီးလည်း ရောဂါရဲ့ဖိစီးမှုဒဏ်ကြောင့် စကားပင်မပြောနိုင်တော့ဘဲ အားအင်ယဲ့ယဲ့လေးနဲ့ အသက်ရှူလို့မဝသလိုဖြစ်ပြီး သေဆုံးသွားရှာတော့တယ်။

ကောသမ္ဗီသူဌေးကြီး သေဆုံးသွားတဲ့အခါ သရီရဈာပနကို စီမံဆောင်ရွက်သဂြိုလ်ပြီး သူဌေးကြီးအပါးမှာနေကြတဲ့သူတွေကို တံစိုးလက်ဆောင်များပေးဝေကာ ဃောသကဟာ သူဌေးကြီးရဲ့သားအရင်းဖြစ်တယ်ဆိုတာ ပြောဆိုကြစေတယ်။

ကောသမ္ဗီပြည်မှာ အုပ်ချုပ်နေတဲ့ဘုရင်မင်းမြတ်က ဃောသကကို ဖခင်ရဲ့စည်းစိမ်များ ပိုင်ဆိုင်စေတဲ့အတွက်

သူဌေးကြီးအဖြစ် အသိအမှတ်ပြုလိုက်တယ်ဆိုရင်ပဲ ယောသက တို့ဇနီးမောင်နှံဟာ ပျော်ရွှင်ဝမ်းမြောက်လို့နေကြတယ်။ အဲဒီ အခါမှာ သူဌေးမကလေးက …

" မောင်ကြီး ယောသက၊ ဒီဘဝမှာ မောင်ကြီးလည်း အတိဇာတဖြစ်ခဲ့တယ်၊ နှမတော်လည်း ဥစ္စာနည်းတဲ့အမျိုးမှာ ဖြစ်ခဲ့ရတယ်၊ ရှေးကပြုခဲ့ဖူးတဲ့ကောင်းမှုကြောင့်သာ အခုလိုချမ်း သာရတာပဲ၊ နောက်နောင် အခုလိုဘဝဆိုးတွေနဲ့မကြုံရအောင် ဒါန၊ သီလစတဲ့ ပေးကမ်းစွန့်ကြဲဆောက်တည်ခြင်း ကောင်းမှု ကုသိုလ်တွေကို ပြုကြရအောင် " ဟု တိုင်ပင်လိုက်တယ်။

ယောသကသူဌေးလေးကလည်း …

' ကောင်းလှပေတယ် နှမတော် ' ဟု သဘောတူကြည် ဖြူလျက် နေ့စဉ်နေ့တိုင်း တစ်ထောင်စီနဲ့ညီတဲ့ ဥစ္စာပစ္စည်းတို့ကို စွန့်လွှတ်လှူဒါန်းပေးကမ်းပြီး ကောသမ္ဗီပြည်မှာ ယောသကဇနီး မောင်နှံရယ်လို့ သတင်းပေါက်ကြား လူချင်လူခင်များကာ ပျော် ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြပါတော့တယ်။

ကလေးတို့ရေ… ဒီဇာတ်တော်ကို ဖတ်ရှုလိုက်ရခြင်း ကြောင့် ရရှိလာတဲ့အသိလေးတွေကတော့ မဟုတ်မမှန်ကြံစည် ခဲ့တဲ့ ယောကျ်ားရဲ့သားငယ်ကို စွန့်ပစ်ခဲ့တဲ့ဝဋ်ကြွေးဟာ ပြုလုပ် ခဲ့သူနောက်ကို ကပ်ပါစမြဲပဲ၊ ဝဋ်မှာအမြဲ ငရဲမှာအပဆိုသလို ပေါ့၊ ငရဲကျတယ်ဆိုတာကလေး ပျောက်သွားနိုင်သေးတယ်။ ဝဋ်လည်ခြင်းဆိုတာက သံသရာနောက်ကို ကပ်ပါနေမှာပဲ၊ အဲဒါ ကြောင့် ကလေးတို့တစ်တွေ မကောင်းတဲ့စိတ်ထားတွေကို မမွေး

မျှကြဖို့ရယ်၊ စေတနာမှန်တဲ့ မေတ္တာနှလုံးသား ထားတတ်ကြဖို့ လိုတယ်။

ကောင်းမြတ်တဲ့စိတ်ထားရှိသူတွေအဖို့ ကူညီရိုင်းပင်းစောင့်ရှောက်မယ့် သူတွေဟာပေါ်လာကတတ်ကြောင်း၊ ကလေးတို့ရဲ့ အသိဉာဏ်နှလုံးသားမှာ သိမ်းထားကြပါလို့ ဇာတ်တော်လာ သင်ခန်းစာနဲ့ ညွှန်ပြရေးသားရပေတယ်။

(ဒိနတ္တပကာသနီကျမ်း၊ စာ-၃၄၀)

# ကြွက်သေတစ်ခုအရင်းပြု
## (စူဠသေဋ္ဌိဝါသိကသူဌေးဇာတ်တော်)

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုအုပ်ချုပ်ခဲ့တယ်။ အဲဒီအခါက ဗုဒ္ဓဘုရားရှင်ဟာ ဘုရားလောင်းဘဝနဲ့ ဥစ္စာကြွယ်ဝတဲ့ စူဠကသူဌေးကြီးဖြစ်တယ်။ လိမ္မာပါးနပ်ပြီး ဗဟုသုတကလည်း ကြွယ်ဝတယ်။ အလုံးစုံသော နက္ခနိမိတ် အတိတ်တပေါင်တို့ကိုလည်း တတ်ကျွမ်းတဲ့သူဖြစ်တယ်။

တစ်နေ့မှာ မင်းနေပြည်တော်က အခစားပြန်လာတဲ့အခါမှာ လမ်းမပေါ်မှာ ကြွက်သေတစ်ကောင်ကို မြင်တွေ့ရတယ်။ အဲဒီအခါ စူဠသူဌေးကြီးက နက္ခတ်ဂြိုလ်သွားဂြိုလ်လာနဲ့ တွက်ချက်ရှုမြင်ပြီး ကြည့်လိုက်တယ်။

" အင်း ...ပညာမျက်စိရှိတဲ့ အမျိုးကောင်းသားတို့ဟာ ဒီကြွက်သေတစ်ကောင်ကိုအရင်းထားပြီး စီးပွားရှာအသက်မွေးတတ်ခဲ့ရင်တော့ ပြည့်စုံကြွယ်ဝတဲ့ သူဌေးတစ်ယောက်တော့ဖြစ်လာမှာ ဧကန်မလွဲဘဲ " ဟု စူဠသူဌေးကြီးက အသံထွက်မြည်ကြွေးလိုက်တယ်။ အဲဒီစကားကို မနီးမဝေးမှာရှိနေတဲ့ သူဆင်းရဲတစ်ယောက်က ကြားလိုက်တယ်။

' ဟုတ်မယ်၊ သူဌေးမင်းက ပညာကြွယ်ဝသူလည်းဖြစ်တယ်။ အကြောင်းမရှိဘဲ ဒီစကားကိုမပြောတန်ရာ၊ ငါ့ရဲ့ဉာဏ်နဲ့ ဝီရိယကိုသုံးပြီး ဒီကြွက်သေကိုအရင်းပြု ဆောင်ရွက်မှဖြစ်မယ် ' ဟုအကြံရပြီး ကြွက်သေကိုကောက်ယူကာ လမ်းလျှောက်လာခဲ့တယ်။

တစ်နေ့ရာရောက်တဲ့အခါမှာ အိမ်တစ်အိမ်မှနေ၍ ကြွက်သေကို ကြောင်စာကျွေးရန်အတွက် အသပြာတစ်ချင်ရွှေနဲ့ဝယ်လိုက်တယ်။

သူဆင်းရဲဟာ အသပြာတစ်ချင်ရွှေနဲ့ပဲ တင်လဲ(ပျစ်ခဲပြီးချိုဆိမ့်သောစားစရာ) အနည်းငယ်ကို ဝယ်လိုက်တယ်။ အဲဒီတင်လဲနဲ့ရေအေးကို ရောစပ်တယ်။ ကျေးတောရွာကနေ မြို့တက်ပြီး ပန်းလာရောင်းကြတဲ့ဈေးသည်တွေကို အမောပြေစေရန် တင်လဲရည်နဲ့ရေအေးအေးလေးကို တိုက်ကျွေးဒါနပြုတယ်။

အဲဒီအခါမှာ ပန်းသည်တွေကနေပြီး တင်လဲရည်နဲ့ရေအေးအေးလေးသောက်ရလို့ အမောပြေစေတဲ့အတွက် ကျေးဇူးတင်ကြတယ်။ ပန်းသည်တွေကလည်း သူဆင်းရဲကို ပြန်လည်ပြီး

ပန်းတစ်ဆုပ်စီ ပြန်လည်ပေးခဲ့ကြတယ်။ သူဆင်းရဲကလည်း ပန်းသည်တွေပေးသွားတဲ့ ပန်းအချို့ကို ဈေးမှာသွားရောင်းလိုက်တယ်။ အဲဒီအခါမှာ သူဆင်းရဲလက်ထဲကို တစ်အသပြာဥစ္စာကို ရရှိခဲ့တယ်။

အဲဒီတစ်အသပြာဥစ္စာနဲ့ပဲ ထပ်မံပြီး တင်လဲရည်ကို ဝယ်ပြန်တယ်။ လမ်းခရီးမောပန်းလာတဲ့ ပန်းသည်တွေကို တိုက်ကျွေးပြန်တယ်။ ပန်းသည်တွေကလည်း ပေးမြဲအတိုင်း ပန်းတစ်ဆုပ်စီမျှ ပေးခဲ့ကြပြန်တယ်။ ရရှိသမျှပန်းတွေကို ဈေးမှာ သွားရောင်းလိုက်ရာ ရှစ်အသပြာဥစ္စာပစ္စည်းကို ရရှိလာတယ်။

သူဆင်းရဲလေးဟာ စူဠကသူဌေးကြီးရဲ့စကားကို အမှီပြု၍ အကြံအစည်များပြုလုပ်အောင်မြင်ခဲ့တာမို့ သူ့နာမည်ကိုလည်း 'စူဠန္တေဝါသိက ' လို့ အမည်ပေးလိုက်တယ်။

စူဠန္တေဝါသိကအမည်ခံ သူဆင်းရဲလေးဟာ ရှစ်အသပြာသောဥစ္စာငွေကို ရရှိလာလို့ များစွာသောတင်လဲရည်ကို ဝယ်ပြန်တယ်။ တွေ့ကြုံသမျှ ခရီးသွားများနဲ့ ဆိတ်ကျောင်းသား၊ နွားကျောင်းသားတို့ကို တင်လဲရည်တိုက်ကျွေးပြီး မိတ်ဆွေဖွဲ့တယ်။ သူတို့အားလုံးကလည်း မောပန်းနေတဲ့အခါ ကာလမှာ သောက်သုံးရတဲ့အတွက် ကျေးဇူးတင်ကြတယ်။

သူတို့တစ်တွေရဲ့တုန့်ပြန်မှုကတော့ ' အကြောင်းကိစ္စအရေးကြုံခဲ့ရင် ကျွန်ုပ်တို့ကိုအကူအညီတောင်းပါ၊ ကူညီပါရစေ ' လို့ ပြောဆိုနှုတ်ဆက်ကြတယ်။

တစ်နေ့မှာတော့ လေပြင်းမုန်တိုင်းက သည်းထန်စွာ

တိုက်ခတ်တယ်။ အဲဒီအခါမှာ မင်းနေပြည်တော်က ဥယျာဉ်ခြံ တစ်ခုလုံးဟာ ရစရာမရှိအောင် ကျိုးပြတ်ပြိုလဲကုန်ကြတယ်။ ဥယျာဉ်တော်ကြီးတစ်ခုလုံးဟာ ရှုပ်ပွနေတော့တယ်။

ဒီအခါမှာ စူဠဓနွေဝါသိကဟာ ဥယျာဉ်မှူးထံကိုသွားပြီး ' သစ်ပင်သစ်ခက်အားလုံးကို ကျွန်ုပ်ရှင်းလင်းပါ့မယ်၊ ထင်းကို တော့ယူခွင့်ပြုပါ ' လို့ တောင်းဆိုလိုက်တယ်။

ဒီအခါမှာ ဥယျာဉ်မှူးက " ကောင်းပြီ၊ သင့်စိတ်တိုင်း ကျဆောင်ရွက်ပါ။ ဥယျာဉ်တော်သန့်ရှင်းသွားရင် တော်ပြီ " ဟု ခွင့်ပေးလိုက်တဲ့အတွက် စူဠဓနွေဝါသိကဟာ ပျော်ရွှင်သွားတယ်။ အရေးကြုံလာပြီဖြစ်လို့ စူဠဓနွေဝါသိကဟာ မြို့ပြင်ကိုအပြေး ထွက်သွားတယ်။ မြို့ပြင်ရဲ့ကွင်းတွေမှာ ဆော့ကစားနေကြတဲ့ ဆိတ်ကျောင်းသား၊ နွားကျောင်းသားတွေကို ဥယျာဉ်တော်မှာ ရှိတဲ့ သစ်ခက်သစ်ရွက်တွေကို ဝိုင်းကူရှင်းလင်းပေးဖို့ အကူအညီ တောင်းရာတယ်။ ဆိတ်ကျောင်းသား၊ နွားကျောင်းသားတွေက လည်း ဝမ်းပန်းတသာ ကူညီဆောင်ရွက်ပေးကြလို့ ရရှိလာတဲ့ သစ်ကိုင်းသစ်ခက်တွေကို ဖြတ်တောက်ပြီး ထင်းအဖြစ်ကောင်း မွန်စွာ သိမ်းဆည်း စုရုံးထားလိုက်ကြတယ်။

သုံးရက်ကြတဲ့အခါ ပြည့်ရှင်မင်းကြီးထံ ဆက်သရတဲ့ အိုးတော်လုပ်က အိုးများမီးဖုတ်ရန်အတွက် ထင်းများကိုလာ ရောက်ဝယ်ယူတယ်။ ထင်းများကိုရောင်းလိုက်တဲ့အခါမှာ တစ် ဆယ့်ခြောက်အသပြာကို ရရှိလိုက်တယ်။ ယခင်ကရှိပြီးသား အရင်းရှစ်အသပြာနဲ့ပေါင်းလိုက်ရင် နှစ်ဆယ့်လေးအသပြာကို

ပိုင်ဆိုင်လာတယ်။

ဒီအခါမှာ ရှင်မွေ့ဝါသိကလေးဟာ နှစ်ဆယ့်လေးအသပြာနဲ့ပဲ တင်လဲရည်ကိုဝယ်ယူပြန်တယ်။

မြို့တံခါးလေးမျက်နှာတိုင်းမှာ ကြီးမားတဲ့တင်လဲရည်အိုးကြီးကိုထားပြီး ရောင်းဝယ်ဖောက်ကားသွားလာ သူအားလုံးကို စေတနာဒီသာတိုက်ကျွေးဒါနပြုတယ်။ ငါးရာမျှရှိတဲ့ မြက်ထမ်းသမားယောကျ်ားတွေကိုလည်း အမောပြေစေရန် တိုက်ကျွေးတယ်။ တစ်ချို့က ပြန်လည်ရှိလက်ဆောင်ပေးကြတယ်။

အဲဒီထဲက မြက်ထမ်းသမားအားလုံးကလည်း ' ကျွန်ုပ်တို့ရဲ့ မောပန်းမှုကိုပြေစေတဲ့အတွက် အရှင်ဟာကျွန်ုပ်တို့ရဲ့ ကျေးဇူးရှင်ဖြစ်ပေတယ်၊ အရှင်အလိုရှိတဲ့အခါ ကျွန်ုပ်တို့ကို ခေါ်ယူအကြောင်းကြားပါ၊ ကူညီပါရစေ ' ဟု ပြောဆိုနှုတ်ဆက်ကြတယ်။

တစ်နေ့မှာတော့ ခရီးသွားမိတ်ဆွေတွေ ပြောဆိုနေကြတဲ့စကားကိုကြားလိုက်ရတယ်။

" ဥတ္တရပဝသတိုင်းက မြင်းကုန်သည်ငါးရာဟာ မြင်းအရောင်းလာကြလိမ့်မယ် " ဆိုတဲ့သတင်းကို ကြားလိုက်တာနဲ့ ရှင်မွေ့ပါသိကဟာ မြက်ထမ်းသမားငါးရာဆီကိုပြေးပြီး အကူအညီတောင်းလိုက်တယ်။

စူဠမွေ့ဝါသိကမှ ' အသင်မြက်ထမ်းသမားတို့၊ မနက်ဖြန်တွင် သူများတွေထံရောင်းမယ့်မြက်အားလုံးကို ကျွန်ုပ်ထံမှာ ရောင်းကြပါ၊ ကျွန်ုပ်မြက်အားလုံးကို ဝယ်ယူပါမယ် ' ဟု တောင်း

ဆိုလိုက်တဲ့အခါ မြက်ထမ်းသမားငါးရာကလည်း ကျေးဇူးရှိခဲ့ဖူးသူဖြစ်တဲ့အတွက် မြက်အားလုံးကို တခြားသူများထံမရောင်းဘဲ စူဠန္တေဝါသိကထံမှာ ရောင်းကြတယ်။

နောက်တစ်နေ့မှာပဲ မြင်းကုန်သည်တွေရောက်လာကြတယ်။ မြင်းတွေရဲ့အစာအတွက် မြင်းကုန်သည်တွေဟာ မြက်ရောင်းတဲ့နေရာကို ရှာကြတယ်။ တခြား ဘယ်နေရာမှာမှ မရလို့ စူဠန္တေဝါသိကထံမှာပဲ မြက်များကိုဝယ်ကြရတယ်။ အဲဒီအခါမှာ စူဠန္တေဝါသိကဟာ မြက်အားလုံးကို အမြတ်တင်ရောင်းလိုက်ရတဲ့အတွက် အသပြာငွေတစ်ထောင်ကိုရလိုက်တယ်။

တစ်ရက်နှစ်ရက်ကြာပြန်တဲ့အခါ သတင်းတစ်ခုကြားရတဲ့အတွက် စူဠန္တေဝါသိကဟာ အကြံတစ်ခုထုတ်ရပြန်တယ်။ ကြားရတဲ့သတင်းကတော့ ပင်လယ်သမုဒ္ဒရာလမ်း ကူးသန်းသွားလာနေတဲ့ ကုန်သင်္ဘောတစ်စင်းဟာ မနက်ဖြန်ဆိုရင် မိမိတို့ရဲ့တိုင်းပြည်ဆိပ်ကမ်းမှာ ဆိုက်ကပ်မယ်ဆိုတဲ့သတင်းပါပဲ။ အဲဒီကို သိလိုက်ရတဲ့ စူဠန္တေဝါသိကဟာ ဒီသင်္ဘောမှာပါလာမယ့် ကုန်ပစ္စည်းအားလုံးကို ဝယ်နိုင်အောင်ကြိုးစားမှပဲလို့ အကြံအစည်သစ်ရလာတယ်။

စူဠန္တေဝါသိကဟာ အဖိုးတန်လက်စွပ်တစ်ကွင်းကို ဝယ်လိုက်တယ်။ သင်္ဘောသူကြီးရဲ့မိန်းမထံကို လက်ဆောင်အဖြစ်ပေးပြီး “ သင်္ဘောနဲ့ပါလာမယ့် ကုန်ပစ္စည်းဥစ္စာများကို ကျွန်ုပ်တစ်ဦးတည်း ဝယ်ယူပါရစေ ” ဟု စူဠန္တေကခွင့်တောင်းလိုက်တယ်။

အဲဒီအခါမှာ သင်္ဘောသူကြီးရဲ့မိန်းမက ' ကောင်းပြီ၊ ဝယ်ယူနိုင်ပါတယ် ' ဟု ခွင့်ပေးလိုက်တယ်။

ကုန်ပစ္စည်းသင်္ဘောဆိုက်လာတဲ့အခါမှာ တခြားသော များပြားလှတဲ့ သူဌေးကုန်သည်တွေက ကုန်သင်္ဘောထံအဝယ် လာကြတယ်။ များပြားလှတဲ့ ကုန်သည်တွေအဝယ်လာကြပေ မယ့် သင်္ဘောသူကြီးက ကုန်များကိုဝယ်ယူခွင့်မပေးဘူး။

သင်္ဘောသူကြီးက " ဒီကုန်ပစ္စည်းတွေဟာ စူဠန္တေ ဝါသိက နဲ့ချိန်းထားတယ်၊ သူ့ကိုသာ ကျွန်ုပ်ရောင်းမှာဖြစ်တယ်။ သင်တို့အလိုရှိပါက စူဠန္တေဝါသိကနဲ့ ဆက်သွယ်ဝယ်ယူကြ ပါ " လို့ ပြောလိုက်တယ်။

စူဠန္တေဝါသိကလည်း မြစ်ကမ်းဝမှာချမ်းမြသာယာစွာနဲ့ နေရာဆိပ်ကမ်းတည်ဆောက်ပြီး မဟာသာလသူဌေးလို တင့် တယ်စွာနေထိုင်တယ်။ အဲဒီအခါမှာပဲ တစ်ရာကျော်သော ကုန် သည်အပေါင်းတို့က စူဠန္တေဝါသိကကို အသပြာတစ်ထောင်စီ လက်ဆောင်ပေးပြီး ' ကျွန်ုပ်အား ကုန်ပစ္စည်းပဏ္ဏာအချို့အား ဝယ်ယူပါရစေ ' ဟု ခွင့်တောင်းကြတယ်။

စူဠန္တေဝါသိကလည်း တစ်ထောင်စီမှရလာတဲ့ ငွေအသ ပြာတစ်သိန်းကိုဝါ ပေါင်းစပ်ပြီး သင်္ဘောပေါ်မှာပါလာတဲ့ ကုန် ပစ္စည်းများကိုဝယ်ယူ ရောင်းချရာ ကြေးကောင်းအမြတ်ရရှိတဲ့ အတွက် ငွေးကြေးနှစ်သိန်းမျှ ရရှိလာခဲ့တယ်။

စူဠန္တေဝါသိကဟာ ကြွက်သေကောင်လေးတစ်ခုကို အရင်းပြုပြီး လဲလှယ်လာခဲ့ရာ လေးလနဲ့ပင် အသပြာနှစ်သိန်း

ကိုရလာခဲ့လို့ ဘဝအစကို ပြန်လည်အောက်မေ့သတိရလိုက်တယ်။

" အင်း ... ငါဟာ ဒီလောကဉစ္စာအသပြာတွေကို ရရှိလာတာဟာ စူဠကသူဌေးကြောင့်ဖြစ်တယ်၊ သူဌေးရဲ့ပြောစကားကိုမှီပြီး လုပ်ဆောင်ခဲ့လို့ ရလာတဲ့အတွက် ငါဟာသူဌေးကို ကျေးဇူးတင်ရမယ် " လို့ စူဠဗန္တေဝါသိကဟာ သတိဝင်လာတယ်။

အဲဒါနဲ့ပဲ ငွေအသပြာတစ်သိန်းယူဆောင်ကာ စူဠကသူဌေးထံသွားရောက်ပြီး " အရှင်သူဌေးမင်း၊ ကျွန်ုပ်၏အသပြာတစ်သိန်းကို အလိုရှိရာသုံးတော်မူပါ " ဟု လျှောက်တင်တဲ့အခါ စူဠကသူဌေးက ' အသင်ဘယ်ကရရှိ၍ ငါ့အားလာပေးသလဲ' ဟု မေးလိုက်တယ်။

အဲဒီအခါ စူဠဗန္တေဝါသိကလည်း သူဌေးကြီးရဲ့ပြောစကားကိုကြားမိရာမှ အမှီပြုပြီး ကြွက်သေတစ်ကောင်ကို ရောင်းခဲ့ရာမှစ၍ အသပြာနှစ်သိန်းရလာတဲ့အထိ အလုံးစုံကိုပြောပြလိုက်တယ်။

စူဠကသူဌေးကြီးကလည်း အကြောင်းစုံကိုသိရှိလိုက်တဲ့အခါမှာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားတယ်။ နှုတ်ခွန်းတော်မှလည်းထုတ်၍ အများသူတို့ကြားသိအောင် ပြောဆိုချီးမွမ်းလိုက်တယ်။

" သင်ကဲ့သို့ ပညာ၊ သတိ၊ ဝီရိယရှိတဲ့ ယောက်ျားမျိုးကား အလွန်မှရှားပေတယ်။ ပညာ၊ သတိ၊ ဝီရိယရှိရုံလည်း

မဟုတ်သေး၊ သူတစ်ပါးရဲ့ကျေးဇူးကိုလည်း သိတတ်တဲ့ ကတညုတ ကတဝေဒီဂုဏ်နဲ့လည်း ပြည့်စုံသူဖြစ်တယ်။ အမြော်အမြင်ကြံ့ခိုင်တတ်တဲ့ စိတ်ကူးဉာဏ်လည်း ရှိသူဖြစ်ပေတယ်။ သင်ဟာ တစ်ချိန်က လူဆင်းရဲတစ်ယောက်ဖြစ်ခဲ့ပေမယ့် လိမ္မာပါးနပ်စွာ ဘဝကိုအောင်နိုင်ခဲ့လို့ အခုတော့လူချမ်းသာဘဝရောက်နေပြီ၊ တော်ပေစွ ' ဟု သူဌေးကချီးမွမ်းစကားပြောလိုက်တယ်။

အဲဒီလို ချီးမွမ်းစကားဆိုရုံမကဘဲ စူဠကမှာအရွယ်ရောက်နေတဲ့ သမီးငယ်နဲ့ စူဠန္တေဝါသိကကို ထိမ်းမြားလက်ထပ်ပေးပြီး သူနဲ့အတူ သူဌေးဂုဏ်ကိုခံယူစေတယ်။

တစ်နေ့မှာတော့ စူဠကသူဌေးကြီးကွယ်လွန်သွားတယ်၊ အဲဒီအခါမှာ စူဠကသူဌေးရဲ့အရိုက်အရာကို စူဠန္တေဝါသိက ရရှိလိုက်ပြီး ကြီးကျယ်တဲ့စည်းစိမ်ဥစ္စာတို့နဲ့ စူဠန္တေဝါသိကသူဌေးလင်မယားဟာ အေးချမ်းစွာနေထိုင်သွားကြတော့တယ်။

ကဲ... ကလေးတို့ရေ ဒီဇာတ်တော်ကို ဖတ်ရှုရပြန်တော့လည်း တစ်မျိုးအကျိုးရှိလာတယ်မဟုတ်လား။

လူဆိုတာ အသိဉာဏ်၊ အတွေးအခေါ်၊ ပညာ၊ ဗဟုသုတ၊ ဥာဏ်၊ လုံ့လ၊ ဝီရိယစတဲ့ မိတ်ဆွေကောင်းတွေကို အဖော်ပြုပြီး မိမိရဲ့အကျိုးစီးပွားကို ရှာကြံဆောင်ရွက်ကြရမယ်၊

ငွေကြေးဥစ္စာ တစ်ပြားမှမရှိတဲ့ သူဆင်းရဲတစ်ယောက်သော်မှ သိန်းဂဏန်းထိ တိုးပွားလာအောင် ကြိုးစားရှာဖွေနိုင်တဲ့လုပ်ရပ်ကို အတုယူပြီး ကလေးတို့လည်း ဆောင်ရွက်နိုင်ကြရမယ်။

အခုချိန်ကစလို့ ပညာဆိုတဲ့ဥစ္စာကိုလည်း တစ်နေ့နည်း နည်းချင်းအားပြုပြီး ကျက်မှတ်လေ့လာမှတ်သားကြမယ်ဆိုရင် စာမေးပွဲကြီးဆိုတဲ့ပန်းတိုင်ကို မပင်မပန်းဘဲ အောင်မြင်နိုင်တယ် ဆိုတာ အခုဖတ်လာတဲ့ ဇာတ်တော်က ပညာပေးရေးသားထား ခြင်းဖြစ်ပေတယ်။

(ဒိနေ္တပကာသနီကျမ်း၊ စာ-၁၉၅)

## မေတ္တာဖြင့်အနိုင်ယူသူ
## (မင်းသားလေးဒီဃာဝုကုမာရဇာတ်တော်)

ရှေးအခါက ဗာရဏသီပြည်ကိုအစိုးရတဲ့ ဗြဟ္မဒတ်မင်းကြီးဟာ ကောသလတိုင်းကိုအစိုးရတဲ့ ဒီဃီတိမင်းကြီးကို စစ်ဆင်တိုက်ခိုက်တယ်။

ကောသလမင်းကြီးဟာ ဆင်မြင်း၊ စစ်သည်ဗိုလ်ပါ အင်အားနည်းတဲ့အတွက် တိုက်ခိုက်ရာမှာ မခုခံနိုင်ဖြစ်ခဲ့ရတယ်။ စစ်ရှုံးတဲ့အတွက်လည်း နိုင်ငံရဲ့ထီးနန်းကိုစွန့်ခွာပြီး မိဖုရားကိုခေါ်ဆောင်ကာ ထွက်ပြေးလွတ်မြောက်ခဲ့ရတယ်။ မထင်ပေါ်စေရအောင်လည်း ပုရိုဇ် (ယခုခေတ် ရသေ့အသွင်)တို့ ဝတ်ဆင်တဲ့အဝတ်ကိုဝတ်ပြီး ဗာရာဏသီပြည့်ရဲ့အစွန်အဖျားမှာရှိတဲ့ တောရွာလေးက အိုးထိန်းသည်တို့ထံမှာ ဝင်ရောက်ခိုလှုံနေကြရတယ်။

ဗာရာဏသီပြည်ကို အုပ်ချုပ်တဲ့ ဗြဟ္မဒတ်မင်းဟာ ကောသလတိုင်းမှာ ရှိသမျှဆင်၊ မြင်း၊ ဥစ္စာများကိုသိမ်းပိုက်ယူ

ဆောင်ပြီး လက်ဝေခံအုပ်ချုပ်နိုင်သူတစ်ယောက်ကို ထားခဲ့ပါတယ်။ ဗြဟ္မဒတ်မင်းကတော့ ကိုယ့်တိုင်းပြည်ဖြစ်တဲ့ ဗာရာဏသီပြည်ကို ပြန်လည်ကြွချီတော်မူတယ်။

စစ်ရေးများ အေးငြိမ်းပြီးဆုံးတဲ့အခါကာလတစ်နေ့မှာ စစ်ပြေးဖြစ်ခဲ့ရတဲ့ ဒီဃိတိကောသလမင်းကြီးရဲ့ မိဖုရားဟာ ဝမ်းတွင်းသန္ဓေတည်လို့ ချင်ခြင်းတပ်မှုတွေဖြစ်ပေါ်လာတယ်။

မိဖုရားကြီးရဲ့ ချင်ခြင်းဖြစ်တဲ့ဆန္ဒကတော့ အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ စစ်သည်တော်အပေါင်းကို ရှုမြင်ချင်တာရယ်၊ သန်လျက်ဆေးတဲ့ရေကိုသောက်သုံးချင်တာရယ်၊ အဲဒီ ချင်ခြင်းနှစ်မျိုးကိုရလိုကြောင်း ကောသလမင်းကြီးထံ မိဖုရားကြီးက တောင်းဆိုရှာတယ်။

ကောသလမင်းကြီးကလည်း ' မိဖုရား၊ ငါတို့ဟာ ဆင်းရဲနွမ်းပါးတဲ့အချိန်ဖြစ်လို့ အဲဒါတွေကို ဘယ်လိုတတ်နိုင်ပါအံ့ ' ဟု ငြင်းပယ်လိုက်တယ်။

အဲဒါကို မိဖုရားကြီးက မကျေနပ်ဘူး၊ ထပ်ပြီးတောင်းဆိုပြန်တယ်။

" ကျေးဇူးတော်ရှင်ကြီးရယ်၊ အဲဒီ ချင်ခြင်းတွေကိုမှ မရရင် နှမတော်သေရပါလိမ့်မယ် " ဟု မိဖုရားကြီးက ငိုကြွေးကာပြောရှာတယ်။ ကောသလမင်းကြီးကလည်း ' ငါကြံဆောင်ကြည့်ပါဦးမည် ' ဟု ဆိုသောအခါ မိဖုရားကြီးက ဝမ်းသာသွားတယ်။

ကောသလမင်းကြီးဟာ ကြာရှည်စွာစဉ်းစားနေတယ်၊

ခရောမျှကြာတဲ့အခါမှာ သတိဝင်လာတယ်။

ထိုစဉ်အခါ အတူဆောင်ရွက်အုပ်ချုပ်ခဲ့ဖူးတဲ့ ပုရောဟိတ်ပုဏ္ဏား၊ ပညာရှိအမတ်ကြီးကို တိတ်တဆိတ်ခေါ်ယူတွေ့ဆုံပြီး မိဖုရားကြီးရဲ့ခံစားနေရတဲ့ ချင်ခြင်းနှစ်မျိုးကို ပြောပြလိုက်တယ်။

အဲဒီအခါမှာ ပရောဟိတ်ပုဏ္ဏားကာ ' မိဖုရားကြီးကို တွေ့လိုပါတယ် ' ဟု ဆိုလာတဲ့အတွက် ကောသလမင်းဟာ မိဖုရားကြီးနဲ့ ပရောဟိတ်ပုဏ္ဏားကို တွေ့ဆုံပေးလိုက်တယ်။

ပုရောဟိတ်ပုဏ္ဏားဟာ တစ်ချိန်ကအတူတကွ ဆွေးနွေးတိုင်ပင်ဖော်ဖြစ်ခဲ့တဲ့ မိဖုရားကြီးကိုမြင်လိုက်ချိန်မှာပဲ ဒူးတုပ်ဦးညွှတ်ကာ ရှိသေမှုပြုလိုက်တယ်။

ပုရောဟိတ်ပုဏ္ဏားဟာ မိဖုရားကြီးရဲ့ဝမ်းဗိုက်တော်ကို ကြည့်ရှုတော်မူလိုက်တဲ့အခါ ' ဤဝမ်း၌တည်သောသူကား သူငယ်ယောကျ်ားလေးဖြစ်ပေတယ်၊ ဘုန်းပညာကြီးမားပြီး ဘိုးဘွားမိဘတို့ရဲ့ အရိုက်အရာဖြစ်တဲ့ ကောသလနိုင်ငံကြီးရဲ့ထီးနန်းကို စိုးစံ၍ ကေန်မင်းပြုရမည့်သူဖြစ်ပေတယ်၊ အရှင်မိဖုရားကြီးရဲ့ ချင်ခြင်းတပ်ဆန္ဒတွေကိုပြည့်စေရန် ကျွန်တော်မျိုးကြံဆောင်တော်မူနိုင်ပါတယ် ' ဟု ရဲတံ့ပြတ်သားစွာဖြင့် ဒိဃီတိမင်းကြီးအား ဝန်ခံကတိပြုလျက် ဗာရာဏသီပြည်တွင်းကို ပြန်သွားတော့တယ်။

နောက်တစ်နေ့ရောက်တဲ့အခါ ပုရောဟိတ်ပုဏ္ဏားပညာရှိအမတ်ကြီးက ဗာရာဏသီပြည်ရဲ့ထီးနန်းရှင် ဗြဟ္မဒတ်မင်းထံ

ချဉ်းကပ်ခဲ့တယ်။ တိုးတိုးတိတ်တိတ် လျှောက်တင်တော်မူတယ်။

'အရှင်ဖြူဟ္ဗဒတ်မင်းတရားကြီး၊ မင်းကြီးရဲ့စစ်သည်ဗိုလ်ပါတို့ကို စစ်ရေးလေ့ကျင့်မှု မပေါ့လျော့ပါစေနဲ့၊ ရန်သူများကြောက်ရွံ့ထိတ်လန့်စေရန်အတွက် စစ်သည်ဗိုလ်ပါတို့ကို အစဉ်မပြတ်စစ်ရေးလေ့ကျင့်စေပါ၊ စစ်လက်နက် သန်လျက်တို့ကိုလည်း ထက်စွာသွေး၍ ဂင်္ဂါမြစ်ရေနဲ့ဆေးကြောသုတ်သင်ရပါမယ်' ဟု ပုရောဟိတ်ပုဏ္ဏားက လျှောက်တင်တဲ့အခါမှာ ဖြူဟ္ဗဒတ်မင်းကြီးက 'ဆရာပင်စိတ်တိုင်းကျ စီရင်ဆောင်ရွက်စေ' ဟု ပုရောဟိတ်ပုဏ္ဏားကို ခွင့်ပြုတော်မူလိုက်တယ်။

ဖြူဟ္ဗဒတ်မင်းကြီးရဲ့ ခွင့်တော်ပေးခြင်းကို ခံလိုက်ရတာနဲ့ ပုရောဟိတ်ပုဏ္ဏားကြီးက ဦးဆောင်ပြီး စစ်သည်ဗိုလ်ပါတို့ကို စစ်ဝတ်တန်ဆာ အင်္ဂါလေးပါးတို့ဝတ်ဆင်စေတယ်။ မြို့တွင်းမြို့ပြင်မကျန်ရအောင် လှည့်လည်စေတယ်၊ အားလုံးပြီးပြည့်စုံတဲ့အခါမှာ စစ်လက်နဲ့ သန်လျက်တော်တို့ကို ဂင်္ဂါမြစ်ရေမှာ ဆေးကြောသန့်စင်စေတယ်။

ပုရဗိုဇ်တို့လိုဝတ်ဆင်ထားတဲ့ ကောသလတိုင်း ဒိဃီတိမင်းကြီးရဲ့မိဖုရားဟာ စစ်သည်ဗိုလ်ပါတို့ကို ရှုမြင်ရတယ်။ သန်လျက်ဆေးရည်ကိုလည်း သောက်သုံးလိုက်ရတဲ့အခါမှာ ဝမ်းတွင်းက ချင်ခြင်းတတ်တာတွေ ပျောက်သွားတော့တယ်။

မိဖုရားကြီးရဲ့ ကိုယ်ဝန်တော်ဟာ ဆယ်လစေ့လို့ဖွားမြင်လာတဲ့အခါ သားတော်လေးဖြစ်ပြီး ဘုန်းပညာနဲ့ပြည့်စုံနေသူမို့ 'ဒီဃာဝု' ဆိုတဲ့အမည်ကို ကင်ပွန်းတပ်စေတယ်။ မင်းသား

လေး ဒီဃာဝုအရွယ်ရောက်လာတဲ့အခါမှာ ဒိဃိတိမင်းကြီးဟာ အကြံတစ်ခုပေါ်လာတယ်။

" အင်း ... ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကြီးဟာ ငါတို့ပိုင်ဆိုင်တဲ့ ကောသလနိုင်ငံတော်နဲ့ အပြစ်မရှိပါဘဲ ငါတို့ရဲ့ စည်းစိမ်ဥစ္စာ ချမ်းသာမှုတွေကို လုယူဖျက်ဆီးခဲ့တယ်။ အခုလဲ ဗာရာဏသီပြည်ထဲမှာ ငါတို့နေတဲ့အကြောင်းများ ဗြဟ္မဒတ်မင်း သိခဲ့ရင် သတ်မှာသေချာတယ်။ မဖြစ်သေးဘူး၊ ငါတို့သားတော် လေးကို တစ်ခြားနေရာမှာ ထားမှသင့်တော်မယ်၊ အတူနေထိုင် ကြလို့ ငါတို့ကိုတွေ့သွားရင် သားတော်လေးအသက်ပါ စိုးရိမ် ရတယ် ' ဆိုတဲ့အကြံက ဒိဃိတိမင်းရဲ့စိတ်မှာ ပေါ်လာလို့ ဗာရာ ဏသီပြည်ရဲ့ မြို့ပြင်တစ်နေရာက ဆရာတစ်ဦးထံမှာ ဒီဃာဝု မင်းသားလေးကို ပို့ထားလိုက်ကြတယ်။

တစ်နေ့မှာတော့ ကောသလပြည်က ဆတ္တာသည်တစ် ယောက်ဟာ ဗြဟ္မဒတ်မင်းထံ အခစားဝင်ရောက်ပြီး ကုန်းချော ကုန်းတိုက်၍ မလိုတမာစကားများကို လျှောက်တင်နေတယ်။

' အရှင်ဗြဟ္မဒတ်မင်းကြီး၊ ဗာရာဏသီပြည်ရဲ့ တစ်နေ ရာမှာရှိတဲ့ အိုးထိန်းသည်အိမ်မှာ စစ်ရှုံး၍ထွက်ခွာပြေးကြတဲ့ ကောသလတိုင်းရဲ့ဘုရင် ဒိဃိတိမင်းနဲ့မိဖုရားတို့ဟာ ပုရိပ်ဖိ အသွင်နဲ့ နေထိုင်တာကိုတွေ့ရပါတယ်။ စစ်သည်အင်အား ပြည့် စုံလာတဲ့တစ်နေ့ ကောသလတိုင်းသူပြည်သားတို့နဲ့အတူ ဒိဃိတိ မင်းကြီးဟာ အရှင်ဗြဟ္မဒတ်မင်းကြီးကို ပြန်လှန်တိုက်ခိုက်လာ ဖွယ်ရှိကြောင်း ကြိုတင်ဦးတင်လျှောက်ရခြင်းဖြစ်ပါတယ် ' ဟု

ကြားသိလိုက်ရတဲ့စကားကြောင့် ဖြဟ္မဒတ်မင်းကြီးဟာ ချက်ချင်း ပင် မဆိုင်းလင့်တော့ဘဲ အိုးထိန်းသည်တို့ထံမှ ဒိဃီတိမင်းနဲ့ မိဖုရားကိုခေါ်ယူစေတယ်။

ခရီးလမ်းတစ်လျှောက်မှာလည်း ကြိုးဖြင့်ချည်နှောင်လာ ခဲ့ကြတယ်။ ဆူးတို့နဲ့ပြည့်နေတဲ့ ကြိမ်လုံးဖြင့်ရိုက်နှက်ကာ ခေါ် ဆောင်ခဲ့ကြတယ်။ လူသတ်သမားတို့ရဲ့လက်ထဲကိုအပ်နှံပြီး သုသာန်မှာသတ်စေပြန်တယ်။ သုသာန်ကိုသွားရာလမ်း တစ် လျှောက်မှာလည်း ပြည်သူတို့က ကြည့်ရှုဝမ်းနည်းနေကြတာကို တွေ့ရတယ်။

အဲဒီအချိန်မှာပဲ ဒီဃာဝုသတိုးသားလေးဟာ ဖခင် ဒိဃီတိမင်းနဲ့မိခင်ကို တွေ့ဆုံချင်တာမို့ မြို့ကိုတက်လာခဲ့တယ်။

မမျှော်လင့်ပါဘဲ မိခင်ဖခင်တို့ဟာ ရာဇဝတ်သားများ ဖြစ်နေတာကို မြင်လိုက်ရလို့ အံ့ဩသွားမိတယ်။

ဒီဃာဝုသတိုးသားလေးဟာ မိဘတို့ရဲ့ခံစားနေရတဲ့ ဝေ ဒနာကိုမြင်မိပြီး အပူမီးတောက်လောင်နေတာကို အာဏာပါး ကွက်သားတို့နဲ့ အခြားသူများသိမှာစိုးရိမ်တဲ့အတွက် ဣန္ဒြေ မပျက် မိဘနှစ်ပါးဆီးသို့က တိတ်ဆိတ်စွာလိုက်ပါလာခဲ့တယ်။

အဲဒီလိုလိုက်ပါလာတဲ့ ဒီဃာဝုသတိုးသားလေးကို မြင် လိုက်ရတဲ့ဖခင်ကြီးဟာ သားတော်ကြားသိလိုက်နာရန် ဩဝါဒ စကားများ ပြောကြားလိုက်တယ်။

" ချစ်သား ဒီဃာဝု၊ နောင်အရှည်ကိုသာရှုမြင်လော့၊ အတိုကိုမရှုသင့်၊ ဤလူ့ဘောင်တွင် ရန်စောင်တတ်တဲ့ရန်သူတို့

ရန်တုံ့ပြန်နေပါက ငြိမ်းချမ်းသောလက္ခဏာတွေ့ရမည်မဟုတ်၊ ဒီမိကို ရန်ပြုလိုတဲ့ရန်သူကို စိတ်ထားဖြူစင်စွာနဲ့ မေတ္တာပေးဝေပါ။ ဒါမှ မေတ္တာရဲ့တန်ခိုးတော်ကြောင့် ရန်တို့ပြေငြိမ်းစေတယ်" လို့ ဒိဃီတိမင်းမည်တဲ့ဖခင်က သားတော် ဒီဃာဝုသတိုးသားလေးကို ဆုံးမတော်မူလိုက်တယ်။

အဲဒီဆုံးမစကားကိုကြားလိုက်ကြတဲ့ လူသတ်အာဏာပါးကွက်သားတွေက ' ကောသလတိုင်းက ဒိဃီတိမင်းဟာ သေခြင်းတရားနဲ့ ရင်ဆိုင်တွေ့တော့မှာမို့ ကြောက်လန့်ပြီး ရူးသွားပြီဟေ့ ' လို့ ဆိုကြတဲ့အခါ ဒိဃီတိမင်းက ပြန်လည်ပြောကြားလိုက်တယ်။

" ဟေ့ . . . ငါမရူးဘူးကွ၊ ပညာရှိတဲ့သိစိမ့်သောငှာ ပြောကြားနေခြင်းဖြစ်တယ် " ဟု အာဏာပါးကွက်သားတို့ကို ပြန်လည်ပြောကြားလိုက်တယ်။

အဲဒီလိုပြောရင်းဆိုရင်းနဲ့ပဲ သုသာန်တစပြင်ကို ရောက်လာကြတယ်။ အာဏာပါးကွက်သား လူသတ်သမားတွေက ဒီဃာဝုသတိုးသားရဲ့ မိဘနှစ်ပါးကို ဓားနဲ့လေးပိုင်းခုတ်သတ်လိုက်ကြပြီး အစောင့်အကြပ်များထားကာ လူသတ်သမားတို့ပြန်သွားကြတယ်။

ဒီဃာဝုမင်းသားလေးဟာ အစောင့်များကို အရက်များတိုက်ကျွေးတယ်။ အမူးလွန်ပြီး မေ့လျော့အိပ်ပျော်သွားကြတော့မှ မိဘနှစ်ပါးကို ကောင်းမွန်စွာသဂြိုလ်လိုက်တယ်။

ဒီဃာဝုသတိုးသားလေးဟာ မိဘနှစ်ပါးရဲ့အသေဆိုး

ကို ကြုံတွေ့ရတဲ့အတွက် ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းကို ရန်ငြိုးထားကာ တုံ့ပြန်ရန်ကြံစည်လေတော့တယ်။

မိဘနှစ်ပါးကို သတ်စေတဲ့အတွက် ဗြဟ္မဒတ်မင်းကို ပြန်လည်သတ်ရန်ဆိုပြီး ဒီဃာဝုသတိုးသားလေးဟာ ဗာရာဏသီပြည်ထဲကိုဝင်ခဲ့တယ်။

ပထမဦးဆုံး ဗြဟ္မဒတ်မင်းရဲ့ စီးတော်ဆင်ထိန်းသိမ်းရာဖြစ်တဲ့ ဆင်ထိန်းထံမှာ အလုပ်တောင်းကြည့်တယ်။ ဆင်ထိန်းထံမှာအလုပ်ရလို့ လုပ်ကိုင်ဆောင်ရွက်လေတယ်။ ဒီဃာဝုသတိုးသားလေးဟာ ညအခါရောက်တိုင်း သာယာတဲ့အသံနဲ့သီချင်းသီဆိုရင်း စောင်းကိုတီးခတ်တယ်။

ဒီဃာဝုသတိုးသားလေးရဲ့စောင်းသံက နန်းတွင်းတစ်ခုလုံးကို ဖုံးလွှမ်းနေတယ်။ အဲဒီအချိန်မှာပဲ ဗြဟ္မဒတ်မင်းကြီးက စောင်းသံထွက်ပေါ်လာရာကို နားစွင့်လိုက်တဲ့အခါမှာ ဆင်ထိန်းထံမှဆိုတာကိုသိရလို့ ဆင်ထိန်းကိုခေါ်ကာ မေးမြန်းစစ်ဆေးတော့တယ်။

ဆင်ထိန်းကြီးရဲ့ ဖြေကြားချက်ကြောင့် ဒီဃာဝုသတိုးသားလေးဆိုတာ မင်းကြီးသိသွားတယ်။ သိလိုက်တာနဲ့တစ်ပြိုင်နက်တည်း ဗြဟ္မဒတ်မင်းက သူ့ရဲ့အပါးတော်ကို အခစားဝင်စေတယ်။ အနုပညာတတ်မြောက်တဲ့ပညာရှင်ကို ဆင်တင်းကုပ်နဲ့မအပ်စပ်တဲ့အတွက် မင်းကြီးဟာ သူ့ရဲ့အပါးတော်မှာ အမြဲတမ်းခစားစေတယ်။

ဒီဃာဝုသတိုးသားလေးကလည်း မင်းရဲ့အလိုတော်ကျ

လိမ္မာယဉ်ကျေးစွာ အမှုတော်ကိုထမ်းဆောင်တယ်။ တာဝန်ကျေပွန်စွာ အမှုတော်ထမ်းတဲ့အတွက်ကြောင့် မကြာခင်မှာပဲ တဆင့်တိုးပြီး လူယုံသူကောင်းဖြစ်ခြင်းခံရပြန်တယ်။

တစ်နေ့မှာတော့ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးဟာ တောကစားထွက်ရခြင်းကို ဆန္ဒပြင်းပြလာတဲ့အတွက် ဒီဃာဝု သတိုးသားကိုတိုင်ပင်တယ်။

ဒီဃာဝုသတိုးသားကလည်း မြင်းရထားကိုပြင်ဆင်ပြီး မင်းကြီးကိုတင်ဆောင်ကာ အခြွေအရံများနဲ့အတူ တောကစားထွက်တော်မူတယ်။ မင်းချင်းမှူးမတ်တွေလည်း မလိုက်နိုင်တော့တဲ့အတွက် နောက်မှာပဲကျန်ရစ်ခဲ့ကြတယ်။

အဲဒီလိုနဲ့ အပြေးနှင်လာခဲ့ကြရာ တောအုပ်တစ်ခုကို ရောက်ကြတော့တယ်။ မင်းကြီးလည်း ခရီးပန်းနွမ်းနယ်လာတဲ့အတွက် ခဏမျှနားနေအိပ်စက်ရန် ရထားကိုရပ်တန့်စေတယ်။

" ချစ်သား ဒီဃာဝု၊ ရထားကိုရပ်လိုက်ပါ၊ ခရီးပန်းတဲ့အတွက် အပန်းပြေရုံမျှ ငါအိပ်စက်ချင်သေးတယ် " ဟု ဗြဟ္မဒတ်မင်းကြီးက ပြောဆိုရင်း ဒီဃာဝုသတိုးသားလေးရဲ့ ရင်ခွင်ကို ခေါင်းမှီကာ အိပ်ပျော်လို့သွားတော့တယ်။

အဲဒီအခါမှာပဲ ဒီဃာဝုသတိုးသားလေးရဲ့ အကြံအစည်ဟာ အောင်မြင်လာပြီမို့ သန်လျက်တော်ကိုဆွဲလိုက်ရင်း စဉ်းစားနေမိတယ်။

' အသင်မင်းဟာ ငါတို့ရဲ့တိုင်းနိုင်ငံနဲ့ စည်းစိမ်ဥစ္စာများကိုလုယက်ဖျက်ဆီးရုံမကဘဲ ငါ့ရဲ့အဖ၊ ငါ့ရဲ့အမိနှစ်ပါးကိုလည်း

သတ်ခဲ့ကြတယ်။ အခုချိန်မှာ ငါ့ရဲ့အလှည့်ရောက်ပြီ၊ အသင်မင်းကိုသတ်ကာ တိုင်းရပ်ထီးနန်းနဲ့ဥစ္စာပစ္စည်းများကို ပြန်လည်ရယူရမယ် ' လို့ကြိမ်းဝါးလိုက်ပြီး သန်လျက်တော်နဲ့ ခုတ်ပိုင်းရန်ချိန်ရွယ်လိုက်တယ်။

ဒီဃာဝုသတိုးသားလေးရဲ့ အသိစိတ်ထဲမှာ ဆင်ခြင်ဉာဏ်များဝင်ရောက်လာတယ်။

" ချစ်သား ဒီဃာဝု၊ နှောင်အရှည်ကိုရှုလော့၊ အတိုကိုမရှုလင့်၊ သူပြုသောရန်ကို တုန့်ပြန်ပြုသဖြင့် ရန်မငြိမ်းနိုင်ရာ" ဟု မှာကြားခဲ့တဲ့ ဖခင်ရဲ့စကားကို ပြန်လည်ကြားမိတဲ့အတွက် ' အင်း... အသင်မင်းကို ငါသတ်လိုက်ပါက ဖခင်မြတ်ရဲ့စကားကို ကျော်နင်းရာရောက်လိမ့်မယ် ' ဟုအသိဝင်လာတယ်။ အဲဒီအခါမှာ ဒီဃာဝုသတိုးသားလေးဟာ သန်လျက်တော်ကို ရုပ်သိမ်းလိုက်တယ်။

အဲဒီလိုနဲ့ သုံးကြိမ်တိုင်အောင် ဆွဲကိုင်တဲ့သန်လျက်ဟာ ခုတ်တုံ့ ရပ်တုံ့ပြုလုပ်နေတဲ့အချိန်မှာပဲ ဗြဟ္မဒတ်မင်းကြီးက ချက်ချင်းအိပ်ရာမှလန့်ကာ ထလိုက်တယ်။

ဒီဃာဝုသတိုးသားက " အရှင်မင်းကြီး အဘယ်ကြောင့် ရုတ်တရက်ထရသလဲ " ဟုမေးလိုက်တဲ့အခါမှာ ဗြဟ္မဒတ်မင်းကြီးက ' ငါ့ရဲ့ရန်သူဖြစ်တဲ့ ကောသလမင်းရဲ့သားတော်က ငါ့ကို သတ်လို၍ သန်လျက်ချီကာလာတယ်လို့ အိပ်မက်မှာမြင်တာမို့ ထရခြင်းဖြစ်တယ် ' ဟု ပြောလိုက်ဟယ်။

အဲဒီအခါမှာ ဒီဃာဝုသတိုးသားက မတ်တပ်ရပ်ပြီး မင်း

ကြီးရဲ့ဦးခေါင်းကို လက်တစ်ဖက်နဲ့နှိမ်ကာ ကျန်လက်တစ်ဖက်က သန်လျက်ဆွဲ၍ ချိန်ရွယ်လိုက်တယ်။ နှုတ်ကလည်း “ ဒိဃီတိ ကောသလမင်းရဲ့သားတော်ဖြစ်တဲ့ ဒီဃာဝုဟာ အကျွန်ုပ်ပဲ၊ အသင်မင်းကြီးဟာ ကျွန်ုပ်ရဲ့ထီးနန်းတိုင်းပြည်ကို လုယက်ရုံမျှမက ကျွန်ုပ်ရဲ့အမိအဖတို့အသက်ကိုပါ နှိပ်စက်သတ်ဖြတ်ခဲ့တယ်၊ အဲဒီအတိုင်း အသင်မင်းကြီးလည်း ခံရပေမယ် ” ဟု ဒီဃာဝုသတိုးသားလေးက ခြိမ်းခြောက်လိုက်တယ်။

ဗြဟ္မဒတ်မင်းကြီးလည်း ကြောက်လန့်ပြီး ‘ ချစ်သား ဒီဃာဝု ငါ့ပြုမိတဲ့အပြစ်ကိုသည်းခံ၍ ငါ့အသက်ကိုချမ်းသာပေးပါ ’ ဟု အသနားခံကာ တောင်းပန်လိုက်တယ်။

ဒီဃာဝုသတိုးသားက “ အသင်မင်းကြီးအား မသတ်ဘဲထားပါက ကျွန်ုပ်အားအသင်ကသတ်လိမ့်မယ်၊ သတ္တဝါတို့ရဲ့ ခမ္မတာဟာ သူ့အသက်ထက်ကိုယ့်အသက်ကို စုံမက်ကြစမြဲမို့ အသင်မင်းကြီးရဲ့အသက်ကို ချမ်းသာပေးလို့မရပါ ” ဟု ပြောလိုက်တယ်။

အဲဒီတော့ ဗြဟ္မဒတ်မင်းကြီးက ‘ ချစ်သားဒီဃာဝု၊ ငါပြုတဲ့ကံ ငါသာခံရပေမယ်၊ ချစ်သားနဲ့မဆိုင်ပေ၊ ခုချိန်မှာ ငါ့ကို အသေမသတ်ဘဲ လွှတ်ပေးပါက ချစ်သားတို့ကောသလပြည်ရဲ့ ထီးနန်းနဲ့ပစ္စည်းဉစ္စာတို့ကို ပြန်ပေးပါ့မယ်၊ ဒီတစ်သက်မှာ ချစ်သားဟာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်လို့ထင်ပါတယ် ’ ဟု ပြောလာတဲ့အတွက် နှစ်ဦးသဘောတူ သစ္စာပြုကြတယ်။

ဒီဃာဝုမင်းသားလည်း သစ္စာစကားကြားရတဲ့အတွက်

သန်လျက်တော်ကိုချလိုက်ပြီး ကြံစည်ခဲ့သမျှအလုံးစုံကို ဖွင့်ပြော လိုက်တယ်။

ဒီလိုနဲ့ နှစ်ဦးသဘောတူသစ္စာပြုပြီးတော့မှ ဗြဟ္မဒတ် မင်းကြီးနဲ့အတူ ဒီဃာဝုမင်းသားလေးတို့ဟာ နန်းတော်ကိုပြန် လာခဲ့ကြတယ်။

နန်းတော်ကိုရောက်တဲ့အခါမှာ ဒီဃာဝုမင်းသားလေးနဲ့ သမီးတော်ကို ထိမ်းမြားလက်ထပ်ပေးလိုက်တယ်။ နန်းတွင်းတစ် ခုလုံးကလည်း အဲဒီအခါမှာ ဒီဃာဝုမင်းသားလေးဟာ ကော သလတိုင်းရဲ့ မင်းသားလေးမှန်းသိကြတော့တယ်။ ဒီဃာဝုဟာ မင်းသားလေးတစ်ပါးမှန်း အရင်ကမသိကြဘူး။

လက်ထပ်ထိမ်းမြားမင်္ဂလာပြုလုပ်ပြီးတဲ့အခါမှာ ဒီဃာဝု မင်းသားလေးဟာ ဗြဟ္မဒတ်မင်းကြီးရဲ့ သမီးတော်ကိုခေါ်ဆောင် ပြီး ဘိုးဘွားတို့ရဲ့အရိုက်အရာဖြစ်တဲ့ ကောသလတိုင်းပြည် ထီး နန်းစိုးစံအုပ်ချုပ်ဖို့ ဘုရင်အဖြစ်နဲ့ကြွချီသွားတော့တယ်။

ကဲ ... ကလေးတို့ရေ ဒီဇာတ်လမ်းလေးကို ဖတ်လိုက် ရတဲ့အတွက် အသိဉာဏ်တိုးတက်လာတယ်မဟုတ်လား။

အဲဒါကတော့ လူတစ်ယောက်ကို မုန်းတီးလို့ ကလဲ့စား ချေတာထက် သည်းခံတတ်ဖို့လိုတယ်။ မေတ္တာစိတ်ထားပြီး နှလုံး သားလှပမယ်ဆိုရင် မိမိမျှော်လင့်နေတဲ့ အောင်မြင်ဖို့လမ်းဟာ မလွဲမသွေရရှိလိမ့်မယ်ဆိုတာ ပညာပေးထားကြောင်း ရေးသား ရပေတယ်။

(ဝိနယပိဋကသနိကျမ်း၊ စာ-၃၆၁)

## စိတ်ထားကောင်းမှ ချမ်းသာရ
## (မဟာဗောဓိမင်းသားဇာတ်တော်)

ရှေးသရောအခါက သံသုမာရဂီရိတိုင်းမှာ မြတ်စွာဘုရားသီတင်းသုံးနေထိုင်တော်မူစဉ် အခါကာလဖြစ်တယ်။

သံသုမာရဂီရိပြည်ကို အစိုးရတော်မူတဲ့ ဗောဓိမင်းသားဟာ သူ့ရဲ့နန်းတော်ကိုမြူပြင်ရန်အတွက် လက်သမားကောင်းတစ်ယောက်ကိုရှာစေတယ်။

အဲဒီအခါမှာ စိတြဝကီဆိုတဲ့ လက်သမားကိုရရှိလာတယ်။ ဒီလက်သမားဟာ ဆန်းကြယ်တဲ့အကြံဉာဏ်ရှိသူလည်းဖြစ်ပြီး အဆောက်အအုံဆောက်လုပ်တဲ့အခါ ပုံစံကောင်းမွန်တာမို့ နာမည်ကြီးတဲ့လက်သမားလို့ခေါ်ကြတယ်။

ဗောဓိမင်းသားဟာ စိတြဝကီလက်သမားကို နန်းပြသာဒ်တစ်ဆောင်တည်ဆောက်စေတယ်။ လိုအပ်သမျှပစ္စည်းအင်အားကိုလည်း ထုတ်ပေးတော်မူတယ်။

မကြာမီမှာပဲ စီတြဝကီလက်သမားရဲ့ အကြံဉာဏ် စိတ်ကူးစွမ်းရည်ကြောင့် တခြားတိုင်းနိုင်ငံတွေမှာ မငေ့ဖူးမမြင်ဖူးသေးတဲ့ ထူးဆန်းလှပပြီး အာကာတိမ်ညွန့်ပျံတက်နေဟန် အံ့ဩဖွယ်ဆောက်လုပ်ထားတာကိုတွေ့ရလို့ ဗောဓိမင်းသားလေးဟာ ကြည်နူးဝမ်းသာနေတယ်။

သူမတူအောင်ဆန်းကြယ်လှပတဲ့အတွက် နန်းပြသာဒ်ကို ' ကောကနဒ ' အမည်ရယ်လို့ သမုတ်လိုက်တယ်။

ဗောဓိမင်းသားလည်း ကောကနဒနန်းပြသာဒ်ကို တစိမ့်စိမ့်ကြည့်နေရင်းက " ဆရာလက်သမား၊ သင်ဟာ တခြားတိုင်းပြည်မြို့ရွာမှာရှိတဲ့ မင်းတို့ရဲ့အလိုကျ ငါကဲ့သို့ဆန်းကြယ်ကောင်းမြတ်တဲ့ နန်းပြသာဒ်ကြီးကို ဆောက်လုပ်ပေးခဲ့ဖူးပါသေးလား၊ ဒီပြသာဒ်ကို အစွမ်းကုန်ဉာဏ်ထုတ်ခဲ့တာဟာ လက်ဦးအတတ်ပညာပဲလား " ဟု မေးတော်မူလိုက်တယ်။

စီတြဝကီလက်သမားကလည်း ' တခြားတိုင်းပြည်မြို့ရွာတွေမှာ မဆောက်လုပ်သေးဖူးပါ၊ ဒီဉာဏ်စွမ်းရည်အတတ်ပညာဟာ လက်ဦးအတတ်ပင်ဖြစ်ပါတယ်အရှင် ' ဟုလျှောက်တင်လိုက်တဲ့အခါမှာ ဗောဓိမင်းသားဟာ အကြံတစ်ခုကို ချက်ချင်းကြံစည်စိတ်ကူးရလိုက်တယ်။

" အင်း ... ဒီလက်သမားရှိနေသရွေ့ တခြားတိုင်းပြည်က မင်းတွေဟာ ငါ့ရဲ့နန်းပြသာဒ်ဆောင်လို ပြုလုပ်စေခိုင်းကြလိမ့်မယ်၊ အဲဒီအခါမှာ ငါ့ရဲ့နန်းပြသာဒ်ဆောင်ထက် ကောင်းမွန်တဲ့ပုံစံနဲ့ဆောက်လုပ်လိုက်ရင် ငါ့ရဲ့နန်းပြသာဒ်ဆောင်ဟာ

ထူးမြတ်အံ့ဖွယ်ဖြစ်တော့မှာမဟုတ်ဘူး၊ ဒီပြဿဒ်ပြီးဆုံးရင်တော့ လက်သမားဆရာကို သတ်လိုက်မှကောင်းမယ်၊ ဒါမှမဟုတ်ရင်လည်း လက်တွေကိုဖြတ်ပစ်ရမလား၊ မျက်စိကိုပဲဖောက်ပစ်ရမလား၊ တစ်ခုခုတော့လုပ်မှဖြစ်တော့မယ် " ဟုအကြံဖြစ်ပေါ်လာပြီး ဗောမိမင်းသားဟာ သူ့ရဲ့အပါးမှာခစားနေတဲ့ ' သိဋ္ဌဝလုလင် ' ကို ပြောကြားတိုင်ပင်လိုက်တယ်။

သိဋ္ဌဝလုလင်လည်း ဗောမိမင်းသားရဲ့စကားကိုကြားလိုက်တဲ့အခါ ....

' ငါတို့ရဲ့မင်းသားဟာ မှားယွင်းတဲ့အကြံအစည်ကို ကြံစည်နေချေပြီ၊ မဖြစ်ချေတော့ဘူး၊ ဇမ္ဗူဒိပ်ကျွန်းမှာ စိတြဝကီလိုလက်သမားနဲ့ ယှဉ်နိုင်မယ့်သူဘယ်သူမှမရှိပြီ၊ အတတ်ပညာများဟာ အဖိုးအနဂ္ဃထိုက်တန်လှပေတယ်။ ဒါကြောင့်မို့ လက်သမားဆရာမသေရအောင် ငါကြံဆောင်ရပေမယ် ' ဟု အကြံရပြီး လက်သမားဆရာထံ ဗောမိမင်းသားမသိရလေအောင် တွေ့ဆုံခဲ့တော့တယ်။

သိဋ္ဌဝလုလင်ဟာ စိတြဝကီလက်သမားကို တွေ့တဲ့အခါ ...

' ဆရာ ... ငါတို့ရဲ့မင်းသားဟာ သူလိုချင်တာကိုသာ လက်ငင်းအမြင်ရှိပြီး မသင့်လျော်တဲ့အမှုကို ပြုလိမ့်မယ်၊ နန်းပြဿဒ်ကိစ္စ ပြီးပြီလားလို့မေးတဲ့အခါမှာ မပြီးသေးပါဟု လျှောက်တင်ပြီး ဆရာ့ရဲ့အသက်ချမ်းသာရာရကြောင်းကို ရှာကြံပေတော့ ' ပြောပြတဲ့အခါမှာ လက်သမားဆရာကလည်း

"ကောင်းပါပြီ အသင်လုလင်၊ ကျေးဇူးတော်ကြီးမြတ်လှပေစွ" ဟု ဝန်ခံဖြေကြားလိုက်တယ်။

မကြာမီမှာပင် ဗောဓိမင်းသားလေးဟာ လက်သမားဆရာထံရောက်လာပြီး ...

" နန်းပြာသာဒ်ဆောက်လုပ်၍ ပြီးဆုံးပြီလား " ဟု မေးလိုက်တယ်။ လက်သမားဆရာကလည်း ...

' မပြီးသေးပါအရှင်၊ ပြုဖွယ်ဆောင်ရွက်စရာများက ကျန်ရှိနေပါသေးတယ်၊ ရှေးအစဉ်အဆက်က မင်းတို့ပင်မစိုးစံခဲ့ရဖူးတဲ့နန်းမှာ အရှင်ခံစားရအောင် ကျွန်ုပ်ပြုလုပ်ဆောင်ရွက်နေပါတယ်။ သစ်သားများလောက်အောင် ပေးတော်မူပါ၊ လူသူအကြည့်အလာများပြားတဲ့အတွက် လုပ်ငန်းကိစ္စလုပ်ရတာ မလွတ်လပ်ပါ၊ ထမင်းပို့တဲ့ ကျွန်ုပ်မိန်းမမှတစ်ပါး တခြားဘယ်သူမှ မဝင်ရအောင် ပိတ်ပင်တားမြစ်ပေးတော်မူပါအရှင် ' ဟု လက်သမားဆရာက ရလိုတဲ့ပစ္စည်းများနဲ့ အခွင့်အရေးကို တောင်းဆိုလိုက်တယ်။

ဗောဓိမင်းသားကလည်း ...

" ကောင်းပြီ၊ ပြည့်စုံစွာပေးတော်မူမယ်၊ ဆရာဉာဏ်စွမ်းရှိတဲ့အတိုင်းသာ ဆောင်ရွက်စေ " လို့ ခွင့်ပေးတော်မူတယ်။

ဗောဓိမင်းသားရဲ့အကြံအစည်ကို သိထားတဲ့လက်သမားဆရာဟာလည်း သေတွင်းမှလွတ်မြောက်အောင် ကြံစည်တော့တယ်။

အဲဒီနေ့ကစပြီး လက်သမားဆရာဟာ ပို့လာသမျှသစ်

သားတို့ကို မိမိရဲ့မိသားစုနေလောက်ရုံ ဂျုန်ရုပ်ကိုပြုလုပ်လိုက်တယ်။ စက်ယန္တရားတို့ကိုလည်း တပ်ဆင်လိုက်တဲ့အတွက် ဂျုန်ရုပ်ဟာ ငှက်ကဲ့သို့ပျံသန်းလို့ရစေတယ်။

အားလုံးပြီးပြည့်စုံတဲ့အခါ ' အိမ်မှာရှိသမျှ ပစ္စည်းဥစ္စာရွှေငွေဘဏ္ဍာရဲ့သားသမီးတွေကို ခေါ်ယူလာခဲ့ ' ဟု မယားဖြစ်သူကိုမှာလိုက်တယ်။

ဂျုန်ရုပ်ထဲကို ပစ္စည်းဥစ္စာများနဲ့ စားသောက်ဖွယ်ရာ စုံစုံလင်လင်ထည့်လို့ လက်သမားဆရာ မိသားစုဟာ ဂျုန်ရုပ်ကို ငှက်အသွင်နဲ့ကောင်းကင်ပြင်ကိုပျံတက်စေပြီး ဗောဓိမင်းသားရဲ့ တိုင်းပြည်က ထွက်ခွာသွားကြတော့တယ်။

အဲဒီအခါမှာ များပြားလှတဲ့ပြည်သူအပေါင်းတို့ဟာ ..

' လက်သမားဆရာ ပြေးပြီဟေ့၊ ပြေးပြီ ' ရယ်လို့ အုတ်အော်သောင်းနင်း ကြွေးကြော်သံတွေနဲ့အတူ အထက်ကိုကြည့်ကြတယ်။ အကြောင်းစုံကိုသိကြတဲ့ လက်သမားတိုင်းဟာလည်း ဗောဓိမင်းသားရဲ့တိုင်းပြည်က ထွက်ခွာသွားကြပြီး စိတြဝကီ လက်သမားဆရာနောက်ကို လိုက်သွားကြတယ်။

စိတြဝကီလက်သမားဆရာရောက်နေတဲ့ ဟိမဝန္တာအနီးရှိ တောအုပ်မှာပဲ ' ကဋ္ဌဝါဟန ' အမည်ရှိတဲ့မြို့ကို တည်ဆောက်ပြီးတစ်စုတစ်ဝေး ပျော်ရွှင်စွာနေထိုင်သွားကြတော့တယ်။

သံသုမာရဂိရိပြည်မှာ ဗောဓိမင်းသားဟာ လက်သမားဆရာ ဆောက်သွားတဲ့နန်းပြာသာဒ်ကို သိမ်းမြန်းစံပယ်တော့မှာ

ဖြစ်တဲ့အတွက် နန်းပြာသာဒ်ကို ကောင်းမွန်တင့်တယ်စွာ တန်ဆာဆင်တယ်။ အမျိုးစုံတဲ့ နံ့သာဆိုင်း၊ ပန်းဆိုင်းတို့ကိုလည်း ချိတ်ဆွဲထားတယ်။

အားလုံးပြည့်စုံတဲ့အခါ မြတ်စွာဘုရားကို ပင့်ဆောင်တော်မူပြီး ဆွမ်းကပ်ဖို့ပြင်ဆင်ကြပြန်တယ်။

အဲဒီအခါမှာ များပြားလှတဲ့ မိဖုရားမောင်းမတော်တို့နဲ့အတူ ဗောဓိမင်းသားလည်း နန်းပြာသာဒ်ထဲမှာရှိနေတယ်။

" ငါ့မှာ သားသမီးရလိုပေတယ်၊ ငါ့ရဲ့မိဖုရားတွေမှာ သားသမီးရရှိမရှိ သိရအောင် ငါသိလိုတယ်၊ အဲဒါကြောင့် မြတ်စွာဘုရား ကြွလာတဲ့အခါ ပုဆိုးစများကို ခင်းကျင်းကြမယ်၊ သားသမီးရမယ်ဆိုရင် ပုဆိုးစများကို ဘုရားရှင်က နင်းပြီးကြွတော်မူပါ၊ သားသမီးမရရှိဘူးဆိုက ပုဆိုးစများကိုမနင်းဘဲ ကျော်ပြီးကြွတော်မူပါ " ဟု ဗောဓိမင်းသားနဲ့တကွ ရည်မှန်းကာ အဓိဋ္ဌာန်ပြုကြပြီး တံခါးဝမှနန်းပြာသာဒ်အပြင်အထိ ပုဆိုးစများကိုခင်းထားလိုက်ကြတယ်။

ဘုရားရှင်တော်မြတ်ကလည်း နန်းတော်သို့အဝင် များပြားလှတဲ့ ပုဆိုးအခင်းများကိုမြင်တဲ့အတွက် နန်းပြာသာဒ်အတွင်းသို့ ဝင်တော်မမူဘဲ ရပ်တန့်ကာနေတော်မူတယ်။

ဗောဓိမင်းသားလည်း ဘုရားရှင်တော်မြတ်ကို ခရီးဦးကြိုဆိုကာ ' ဝင်တော်မူပါ မြတ်စွာဘုရား ' ဟု လျှောက်ထားပေမယ့် ဘုရားသခင်ဟာ ဝင်တော်မမူဘဲ အရှင်အာနန္ဒာကိုသာ လှမ်းကြည့်တော်မူတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက " ဒကာတော် ဗောဓိ
င်းသား၊ ပြာသာဒ်အပြင်မှာ ခင်းထားတဲ့ပုဆိုးစတွေကို ရုပ်သိမ်း
ိုက်ပေတော့ " ဟု ဆိုလိုက်တယ်။

အဲဒီအခါမှာ ပုဆိုးအားလုံးကို သိမ်းဆည်းလိုက်ကြရ
ယ်။ အားလုံးသိမ်းပြီးမှသာ မြတ်စွာဘုရားသခင်ကလည်း နန်း
ှင်းကိုဝင်တော်မူတယ်။ နန်းရင်ပြင်မှာရှိတဲ့ ပလ္လင်ထက်ဝယ်
ခွေနေတော်မူလိုက်တယ်။

မဟာဗောဓိမင်းသားလေးနဲ့တကွ မိဖုရားမောင်းမတို့က
တ်စွာဘုရားသခင်ကို ရိုသေညွတ်ကျိုးပူဇော်ရှိခိုးကြပြီး
ရုံဇာကုံပဥ္စသီငါးပါးကို ခံယူခဲ့တယ်။ ခဲဖွယ်ဘောဇဉ်တို့ကို
ည်း ဆက်ကပ်လှူဒါန်းကြတယ်။ အားလုံးပြီးဆုံးတဲ့အခါကျမှ
ဟာဗောဓိမင်းသားဟာ ဘုရားသခင်ကိုမေးတော်မူတယ်။

' ဘုရားသခင်ကိုယ်တော်မြတ်ဘုရား၊ တပည့်တော်ခင်း
ျင်းထားတဲ့ ပုဆိုးနေရာခင်းများကို အဘယ့်ကြောင့်နင်းတော်
ူပါသလဲဘုရား ' ဟု လျှောက်တော်မူတယ်။

ဘုရားသခင်ကလည်း " အသင်မင်းသားနဲ့တကွ မိ
ရားမောင်းမအပေါင်းတို့ဟာ တကယ်လို့ ငါတို့မှာသားကိုဖြစ်
စ၊ သမီးကိုဖြစ်စေ ရရှိမယ်ဆိုရင် ခင်းထားတဲ့ပုဆိုးစများကို
င်းဖြတ်ကာသွားပါ၊ သားသမီးမရဘူးဆိုရင် မနင်းဘဲကျော်ဖြတ်
ွားပါဆိုတဲ့ အဓိဋ္ဌာန်ကိုစိမ်ဆောင်ရွက်ပြီးမှ ပုဆိုးစများကို ခင်း
ားတယ်မဟုတ်လား " ဟု မေးလိုက်တယ်။

ဗောဓိမင်းသားကလည်း ...

'မှန်ကန်ကြောင်းပါဘုရား ' လျှောက်ထားလိုက်တယ်။

အဲဒီအခါမှာ ဘုရားသခင်က ...

" ဇောမိမင်းသားမှာ သားသမီးမရနိုင်ကြောင်း သိစေခြင်းငှာ ငါဘုရားမနင်းတာပဲ " ဟု မိန့်တော်မူလိုက်တယ်။

ဇောမိမင်းသားကလည်း ...

' အရှင်ဘုရား၊ တပည့်တော်မှာ ဘယ်လိုအပြစ်ကံများ ရှိနေလို့ သားသမီးမရနိုင်ပါသလဲဘုရား ' ဟု ဗုဒ္ဓမြတ်စွာကို လျှောက်တင်လိုက်ပြန်တယ်။

မြတ်စွာဘုရားသခင်ကနေပြီး ...

" အဆင်မင်းသားနဲ့ မိဖုရားတွေဟာ အတိတ်ဘဝကမြူ ခဲ့ဖူးတဲ့ကံရယ်၊ အခု အနာဂတ်ကာလမှာလည်း ပြုနေဆဲမကောင်းမှုကံတရားတွေက အားကြီးနေလို့ပဲ " ဟု မိန့်တော်မူတယ်။

' ဘယ်လိုမကောင်းမှုလဲဆိုတာ ရှင်းပြတော်မူပါ အရှင်မြတ်ဘုရား ' ဟု ဇောမိမင်းသားက လျှောက်တော်မူတဲ့အခါ မြတ်စွာဘုရားသခင်က ...

" အသင်မင်းကြီးဟာ ရှေးဘဝက ခုနစ်ရာရှိတဲ့လူများစွာကို စုဆောင်းပြီး သင်္ဘောခရီးထွက်ခဲ့ကြတယ်၊ တစ်နေ့မှာတော့ ပြင်းထန်တဲ့လေမုန်တိုင်းကြီးနဲ့ ရင်ဆိုင်တွေ့ပြီး သင်္ဘောပျက်ခဲ့ရတယ်၊ လူအချို့လည်း သေကြေပျက်စီးကုန်ကြတယ်။ အဲဒီအခါက အသင်မင်းသားနဲ့ မိဖုရားလောင်း သင်္ဘောသူကြီးကတော်တို့နှစ်ဦးဟာ ကံထူးပြီးပျဉ်တစ်ချပ်ကို အမှီရလို့ကျွန်း

ငယ်တစ်ခုပေါ် ရောက်ခဲ့ရတယ်၊ အဲဒီကျွန်းငယ်ဟာလည်း ငှက် အပေါင်းတို့နေထိုင်ကြတဲ့အတွက် သစ်ပင်ကမ်းပါးချုံတွေကြား မှာ ငှက်သိုက်ငှက်ဥတွေရှိကြတယ်။ အရှင်မင်းသားနဲ့ မိဖုရား လောင်း သဘော်သူကြီးကတော်တို့ဟာ များလှတဲ့ငှက်ဥတွေ တွေ့ရလို့ ဝမ်းသာရွှင်ပျစွာ စားသောက်ခဲ့တယ်၊ အဲဒါကို ငှက် အပေါင်းတို့က ပူဆွေးဝမ်းနည်းစွာ ခံစားကြရတယ်ဆိုတာ အသင်တို့မသိကြဘူး၊ ဒါကြောင့် ရှေးဘဝကသားဥတွေကို စား သုံးခဲ့ကြတဲ့ မကောင်းမှုကုသိုလ်ကံကြောင့် အခုဘဝမှာ ဝဋ်ကြွေး အဖြစ်ခံရပေမယ် မင်းသား " လို့ မြတ်စွာဘုရားသခင်က မိန့် တော်မူလိုက်တယ်။

ဗောဓိမင်းသားလည်း မြတ်စွာဘုရားရဲ့တရားတော်ကို နာကြားရတဲ့အတွက် စိတ်နှလုံးကိုအေးချမ်းသွားခဲ့ရတယ်။ မြတ်ဗုဒ္ဓရှင်တော်ကလည်း ဗောဓိမင်းသားကိုထပ်မံပြီး တရားပြ တော်မူတယ်။

" အသင်မင်းသား ရှေးဘဝကပြုခဲ့တဲ့ ကံတရားက တောင်မှ အခုဘဝထိခံစားနေရသေးတယ်ဆိုရင် အခုဘဝမှာ ပြုလုပ်တဲ့မကောင်းမှုကံက ပိုဆိုးလိမ့်မယ်၊ အရွယ်သုံးပါးမှာ ပထမအရွယ်ကစပြီး ပါဏာတိပါတ စတဲ့မကောင်းမှုကို ပြုတဲ့သူ ဟာ ရောဂါဘေးကပ်ငြိခြင်း၊ အသက်တိုခြင်း၊ ချို့တဲ့ခြင်းတို့ဖြစ် စေတယ်၊ ဒုတိယအရွယ်ရောက်မှ ပြုလုပ်ခဲ့ရင်လည်း လုပ်ငန်း များ အဆင်မပြေဖြစ်ခြင်း၊ မယားမှသားသမီးမမွေးဖွားဘဲ ချို့တဲ့ မှုတွေဖြစ်စေတတ်တယ်၊ အဲဒီ ချို့တဲ့မှုတွေ မလိုလားဘူးဆိုရင်

တော့ အရွယ်သုံးပါးတိုင်အောင် မကောင်းမှုကာယဒုစရိုက်တရားကို ဆောင်ရွက်ခြင်းမှကင်းအောင် ရှောင်ရှားရမယ်။ အဲဒီလိုမှမဟုတ် ပထမအရွယ်ကမသိခဲ့လို့ ဒုတိယအရွယ်ကျပြန်တော့လည်း မေ့လျော့ခဲ့လို့ပဲထား၊ အခုလက်ရှိ တတိယအရွယ်မှာ ဒုစရိုက်တရားများကို ကောင်းစွာစောင့်စည်းလိုက်ရင် အကုသိုလ်ကံဝဋ်ကြွေးက လွတ်နိုင်သေးတာပဲ အသင်မင်းသား " စတဲ့ တရားတော်ကို ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူလိုက်တယ်။ ဗောဓိမင်းသားလည်း ကြောက်စရာကောင်းတဲ့ ဒုစရိုက်တရားများကို ဗုဒ္ဓမြတ်စွာဘုရားသခင်ထံမှ ကြားနာတော်မူလိုက်တဲ့အခါတွင် ကြက်သီးမွေးညင်းတို့ကို တစိမ့်စိမ့်ဖြစ်ပေါ်လာခဲ့တယ်။

'ပါဏာတိပါတာဝေရမဏီ၊ သူ့အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ တရားတော်ကို ငါကျူးလွန်မိတော့ မလို့ဘဲ၊ တကယ်လို့များ လက်သမားဆရာသာ ထွက်ပြေးမသွားခဲ့ရင် ငါ့အတွက် ဒုစရိုက်တရားကို ထပ်မံဆောင်ရွက်မိမှာပဲ၊ ငါမှားပြီ၊ ဗုဒ္ဓမြတ်စွာဘုရား တရားတော်ရဲ့ကောင်းကျိုးကြောင့် ငါဟာအသိဝင်လာပြီး အကုသိုလ်ကံတွေပြေပျောက်အောင် ကုသိုလ်တရားတွေရှာမှပဲ' ဟု ဗောဓိမင်းသားလေးဟာ အမြင်မှန်တဲ့တရားကို ရရှိလိုက်တယ်။

ဗုဒ္ဓမြတ်စွာဘုရားသခင်လည်း နန်းပြသာဒ်ရင်ပြင်မှ ဆင်းတော်မူပြီး ကျောင်းတော်ကိုပြန်ကြွခဲ့တော့တယ်။

မဟာဗောဓိမင်းသားလည်း ဗုဒ္ဓမြတ်စွာတရားတော်ကြောင့် တရားဆုံးတာနဲ့သောတပန်တည်တော့တယ်။ ကျန်ရှိ

တဲ့ နန်းတွင်းပရိသတ်လည်း မြတ်စွာဘုရားရဲ့ တရားတော်ကို ရှုမြင်နှလုံးသွင်းကြတဲ့အတွက် ငြိမ်းအေးခြင်းတရားကို တွေ့ကြကုန်တော့တယ်။

ကဲ... ကလေးတို့ရေ အခု ဖတ်လိုက်ရတဲ့ ဇာတ်တော်က ဘာတွေများအသိပညာပေးလိုက်သလဲဆိုတာ သိလိုက်ကြရဲ့လား၊ မကောင်းတဲ့စိတ်နဲ့ အကောက်ကြံမိတဲ့လုပ်ရပ်ရယ်၊ အတိတ်ဘဝကပြုခဲ့တဲ့ သူ့အသက်သတ်မိခြင်းကြောင့် အခုဘဝမှာ သားသမီးမရနိုင်ဘဲ ဆုံးရှုံးမှုလာဘ်တိတ်တာပဲ၊ အဲဒါကြောင့် ကလေးတို့တစ်တွေဟာ သူ့အသက်သတ်ခြင်း၊ ငှက်ကလေးတွေရဲ့ အသိုက်အမြုံကို ဖျက်ဆီးတာမလုပ်မိကြဖို့ ဇာတ်တော်က ပညာပေးထားပါတယ်။

(ဇိနတ္တပကာသနီကျမ်း၊ စာ-၃၃၅)

## လူလုတ်ခွာကိုတယ်မိတဲ့
## ဒုက္ခမှလွတ်မြောက်သူ
## (ကုဏ္ဍလကေသီထေရီမဇာတ်တော်)

ဗုဒ္ဓဘုရားရှင်တော်မြတ်လက်ထက် ရာဇဂြိုလ်ပြည်မှာ သူဌေးသမီးတစ်ယောက်ရှိတယ်။ သူဟာ အလွန်လှ အလွန်ချောပြီး တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်တဲ့အခါမှာ မိဘတို့က စိုးရိမ်လာကြတယ်။

ယောကျ်ားတွေကိုမြင်ပြီး စိတ်ကစားလိမ့်မယ်လို့ မိဘနှစ်ပါးက အတတ်သိတဲ့အတွက် ဘုံခုနစ်ဆင့်ပြာသာဒ်ရဲ့ အထက်ဆုံးထပ်က ကျက်သရေတိုက်ခန်းမှာထားကြတယ်။

သူဌေးသမီးလေးအပါးမှာလည်း တစ်ယောက်တည်းသော ကျွန်မကိုအလုပ်အကျွေးပြုစေတယ်။

တစ်နေ့မှာတော့ ရာဇဂြိုလ်ပြည်တွင်းက အိမ်များကိုဖောက်ထွင်းခိုးယူနေတဲ့ ခိုးသားလူငယ်တစ်ယောက်ဟာ ရာဇဝတ်ပြစ်ဒဏ်ခံရလို့ လက်ပြန်ကြိုးတွေတုပ်နှောင်ပြီး ကြိမ်တို့နဲ့

ရိုက်နှက်ကာ မြို့တွင်းလေးရပ် လမ်းဆုံလမ်းခွကိုဖြတ်လျက် လူသတ်တောင်ကို ခေါ်လာခဲ့ကြတယ်။

မြို့သူမြို့သားတွေက နိုးသားလူငယ်လေးကို ကြိမ်ဒဏ်ပေးပြီး ခေါ်ဆောင်သွားတာကို အုတ်အုတ်ကျက်ကျက် လိုက်လံကြည့်ရှုကြတယ်။

အဲဒီအသံတွေကို သူဌေးသမီးလေးကကြားရတော့ ဘာသံတွေပါလိမ့် ဆိုပြီး ပြသာဒ်အထက်လှမ်းမျှော်ကြည့်လိုက်တဲ့အခါ နိုးသားလူငယ်လေးကိုမြင်ရတယ်။

အဲဒီအခါ သူဌေးသမီးလေးရဲ့ရင်ထဲမှာ သနားကရုဏာဖြစ်ပြီး တပ်မက်စိတ်တွေ ပြင်းထန်လာတယ်။

သူဌေးသမီးလေးရဲ့ မေတ္တာစိတ်က " ဒီနိုးသားကိုမှ လင်အဖြစ် မရရင်တော့ အသေပဲခံတော့မယ် " ဟု ဆိုပြီး အစာလည်းမစားနိုင်၊ ထလိုက် ထိုင်လိုက်နဲ့ အိပ်ရာထဲဗုန်းဗုန်းလဲတော့တယ်။

အဲဒီအဖြစ်ကိုသိရတဲ့ မိခင်ဖြစ်သူဟာ သမီးအနားကို အပြေးအလွှားရောက်လာပြီး ချော့မော့ဖြေသိမ့်ရှာတယ်။ ' ဒီလိုမလုပ်နဲ့သမီးရယ်၊ အမေတို့နဲ့ မျိုးနွယ်တူ အဆင့်တန်းရှိပြီး စည်းစိမ်ချမ်းသာရှိတဲ့ သူဌေးသားတစ်ယောက်ကို ရှာဖွေလက်ထပ်ပေးစားပါ့မယ်ကွယ် ' လို့ ပြောရှာတယ်။

သမီးလုပ်သူကလည်း " အမေရယ် တခြားယောကျ်ားတွေကို မလိုချင်ပါဘူး၊ သူ့ကိုမှမရရင် သမီးအသက်ပဲ အသေခံတော့မယ် " ဟု ဇွတ်အတင်းပူဆာနေတဲ့အတွက် မိခင်ခမျာ

စိတ်ဆင်းရဲနေရပြီ။

သမီးရဲ့အဖြစ်ကို မမြင်ရက်လို့ နောက်ဆုံးတော့ မိခင်ဟာ ဖခင်သူဌေးကြီးကိုဖွင့်ပြောတိုင်ပင်လိုက်ရတယ်။

ဖခင်သူဌေးကြီးဟာ တစ်ဦးတည်းသာရှိတဲ့ သမီးလေးမို့ အလွန်ချစ်ရှာတယ်။ အဲဒါကြောင့် သမီးရဲ့အသက်တော့ အသေမခံနိုင်ဘဲ အသက်ရှင်စွာနေနိုင်ဖို့ ဖခင်သူဌေးကြီးက အကြံထုတ်တော့တယ်။

မင်းမှုထမ်းအာဏာသားတို့ခေါ် ဆောင်သွားတဲ့ ခိုးသားယောက်ျားကို သတ်ရန်နေရာဆီကို အပြေးလိုက်သွားပြီး အာဏာသားတို့ကို အသာပြာတစ်ထောင်ပေးကာ ခိုးသားလုလင်ကို လွှတ်ပေးပါရန် တောင်းပန်ရှာတယ်။

အာဏာသားတွေကလည်း ငွေတစ်ထောင်ကိုယူပြီး ဘုရင့်ထံတော်ကိုဝင်ကြတယ်။ ဘုရင့်ရှေ့တော်မှောက်ရောက်တဲ့အခါ ခိုးသားယောက်ျားကို သတ်ပြီးတဲ့အကြောင်း သံတော်ဦးတင်လိုက်ကြတယ်။

အဲဒီလိုနဲ့ ခိုးသားလုလင်ဟာ ကံကောင်းထောက်မစွာ အသက်ဘေးမှ ချမ်းသာလည်းရပြီး သူဌေးသမီးနဲ့ပါ လက်ထပ်လိုက်ရတယ်။

သူဌေးသမီးကလည်း သူချစ်လှပါတဲ့ ခိုးသားလုလင်ကို လက်ထပ်ခွင့်ရတဲ့အတွက် ပျော်ရွှင်ဝမ်းမြောက်နေရှာတယ်။

သူဌေးသမီးဟာ မိမိစုံမက်နှစ်သက်သူကို ရရှိထားလို့ လင်ယောက်ျားကို ကိုယ်တိုင်ချက်ပြုတ် လုပ်ကိုင်ကျွေးမွေးတယ်။

သူဌေးသမီးဟာ ပျော်ရွှင်ကြည်နူးနေတဲ့အပြင် လင်ယောက်ျား အတွက် အလှအပများလိမ်းကျံတယ်။ ရွှေငွေ အဝတ်တန်ဆာ တို့ကိုလည်း ဝတ်ဆင်ပြီး သွားလာထင်ပေါ်စေတယ်။ သူဌေး သမီးကတော့ ပီတိတွေနဲ့ပျော်နေရှာတယ်။

သူဌေးသမီးလေးဟာ သူ့ရဲ့ခိုးသားယော..ကျ်ား လင် တော်မောင်အဖို့ သူမအပေါ် ချစ်ခင်စုံမက်ပါစေတော့ဆိုပြီး ရွှေ ငွေတန်ဆာတွေကို ဝတ်ဆင်ပြပေမယ့် ခိုးသားလင်ယောက်ျားရဲ့ စိတ်ထဲမှာတော့ သူဌေးသမီးကို မျက်စိမကျဘူး၊ သူဌေးဝတ်ထား တဲ့ ရွှေတွေ၊ စိန်တွေကိုသာ မျက်စိကျနေတာကို သူဌေးသမီး လေးက မသိရှာဘူး။

မကောင်းမှုကိုကြံစည်နေတဲ့ ခိုးသားလင်ယောကျ်ားဟာ ဘယ်အချိန်မှာ စီဥစ္စာပစ္စည်းတွေကို ယူရပါ့မလဲ လို့ အမြဲတွေး တောကြံဆနေတယ်။

တစ်နေ့မှာတော့ ခိုးသားလင်ယောကျ်ားက သူ့ရဲ့အကြံ ကို စတင်အကောင်အထည်ဖော်တော့တယ်။

ခိုးသားလင်ယောကျ်ားဟာ 'ငါအကြံရပြီ၊ ဒီနေ့ပဲစမ့်' ဟု စိတ်ကူးနဲ့ အစားအသောက်မစားတော့ဘဲ အိပ်ရာထဲခွေ ပြီး အိပ်နေတော့တယ်။

အဲဒီအခါမှာ သူဌေးသမီးက " အမောင် အဘယ်ဝေ ဒနာဖြစ်လို့လဲ၊ ပြောပြပါဦး " ဟု မေးလိုက်တယ်။

ခိုးသားယောကျ်ားကလည်း ' ငါ့မှာ ဘာဝေဒနာမှမရှိ ပါဘူး ' ဟု ပြောလိုက်တဲ့အခါ ...

သူဌေးသမီးလေးက " ဘယ်လိုဖြစ်တာလဲအမောင်ရယ် ကြေနှ ကျွန်မရဲ့မိဘတွေက စိတ်ထိခိုက်စရာများပြောကြလို့ လား" ဟု စိုးရိမ်စိတ်နဲ့မေးရှာတယ်။

ခိုးသားလင်ယောကျ်ားက ...

' ဒီလိုပါနှမရယ်၊ ဟိုတစ်နေ့က မောင်ကြီးဖမ်းသွားတဲ့ အချိန် ခိုးသားတိုင်းသတ်ရာဌာနအရောက် တောင်စောင့်နတ် မင်းကို မောင်ကြီးတိုင်တည်သစ္စာပြုခဲ့တယ်လေ၊ အဲဒါကြောင့် နတ်မင်းကစောင်မလို့ အသက်ချမ်းသာရခဲ့တယ်၊ နှမလည်း နတ် မင်းတန်ခိုးကြောင့်ပဲ ရခဲ့တာပေါ့၊ အဲဒီအကျိုးများရတဲ့အခါမှာ နတ်မင်းကိုပူဇော်ပသရမယ်ဆိုတဲ့ တိုင်တည်သစ္စာကတိရှိနေ တယ်၊ ဒါကြောင့်မို့ နတ်မင်းကို ဗလိနတ်စာဘယ်လိုများကျွေးရ ပါ့မလဲဆိုတာ စဉ်းစားရင်း ဟိုတွေးဒီတွေးနဲ့ စိတ်လေးနေပြီး စားချင်စိတ်လည်းမရှိတော့လို့ အိပ်ရာထဲခွေနေမိတော့တာပါပဲ' ဟု ခိုးသားလင်ယောကျ်ားက မယားဖြစ်တဲ့သူဌေးသမီးလေးကို ချွဲနွဲ့လိမ်လည်ပြောပြလိုက်တယ်။

အဲဒီလိုပြောပြတာကို သူဌေးသမီးလေးက အဟုတ်ထင် ပြီး ...

" ဒီကိစ္စလောက်နဲ့များ စိုးရိမ်မထားပါနဲ့ မောင်ကြီးရယ်၊ ဗလိနတ်စာကို ချစ်နှမစီရင်ပေးပါ့မယ်၊ ဘာတွေလိုတယ် ဆိုတာ ကိုသာပြောပြပါ " ဟု ရွှင်လန်းအားရ စွာ မေးလိုက်တယ်။

အဲဒီအခါ ခိုးသားလင်ယောကျ်ားက ' ရေမပါတဲ့နို့ချိုချို နဲ့ပေါက်ပေါက်ပွင့်ပါတဲ့ ပန်းငါးမျိုးရရင် တော်ပါပြီ ' ဟု အကြံ

သမားပီပီ ဇာချဲ့ပြောလိုက်တယ်။

သူဌေးသမီးလည်း သူလင်စိတ်ချမ်းသာစေဖို့ " ကောင်းပါပြီ မောင်ကြီးရယ်၊ နှမစီစဉ်လိုက်ပါ့မယ် " ဟု နှုတ်ချိုစွာနဲ့ ကတိပြုပြီး စီမံဆောင်ရွက်ရန် ပြင်ဆင်တော့တယ်။

သူဌေးသမီးလည်း အမြန်ကမန်းကတန်း စီစဉ်လို့ပြီးတဲ့အခါ အားလုံးပြီးပြည့်စုံတဲ့အတွက် သွားကြပါစို့မောင်ကြီး ဆိုပြီး ပြောလိုက်တယ်။

အဲဒီအခါမှာ အကြံသမားခိုးသားလင်ယောကျ်ားက 'ချစ်နှမ နတ်မင်းထံသွားတဲ့အခါမှာ အမွှေးနံ့သာလိမ်းလို့ ဝတ်ကောင်းစားလှလဲဝတ်၊ ဘယက်တန်ဆာ၊ စိန်၊ ရွှေ၊ ငွေ ရတနာအစုံတို့ကိုဝတ်ပြီး သွားကန်တော့ကြမှ ရှိသေရာရောက်မယ်၊ ရတနာတန်ဆာ အစုံအလင်ကို ဆင်ယင်ပါချေဦး ' ဟု ဆိုပြန်တဲ့အခါ သူဌေးသမီးလည်း ချစ်လင်ယောကျ်ားရဲ့အလိုကျဖြစ်စေဖို့ ရှိသမျှရတနာတို့ကိုဝတ်ဆင်ပြီး ထွက်လာခဲ့ကြတယ်။

သူဌေးသမီးလည်း အခြွေအရံများနဲ့အတူ ဗလိနတ်စာများစုံလင်စွာပါရှိဖို့ အသေအချာဆောင်ရွက်စေပြီး ခိုးသားလင်ယောကျ်ားနဲ့အတူ ရာဇဝတ်သားတို့သတ်ရာ တောင်ဆီသို့ထွက်လာကြတော့တယ်။

တောင်ခြေသို့ရောက်တဲ့အခါ အကြံသမားခိုးသားလင်ယောကျ်ားဟာ ' ချစ်နှမ ဒီနေရာကစပြီး တောင်ပေါ်ကိုငါတို့နှစ်ယောက်တည်းသာ သွားကြရမယ်၊ ဒါကြောင့်မို့ ကျန်တဲ့သူတွေနဲ့ ယာဉ်ရထားကိုပြန်လွှတ်လိုက်ပါ ' လို့ ပြောလိုက်တယ်။

သူဌေးသမီးလည်း ချစ်သူလင်ပြောစကားကို မပယ်ရှားဘဲ ပါလာတဲ့ရုံရွှေတော်နဲ့ ယာဉ်ရထားကိုပြန်လွှတ်လိုက်တယ်။ ဗလိနတ်စာကိုလည်း ကိုယ်တိုင်ရွက်ကာ ချစ်သူလင်ခေါ်ရာ တောင်ပေါ်ဆီကို တက်ခဲ့ကြတော့တယ်။

ခိုးသားရာဇဝတ်သားတို့ကို ပစ်ချရာတောင်ကြီးရဲ့ တစ်ဖက်က လူတွေတက်နိုင်ပြီး အခြားတစ်ဖက်မှာ 'ဘူးသီးထောင်၍ထက်ခြမ်းဖွဲ့ထားသကဲ့သို့' တောင်ရဲ့တစ်ဖက်ခြမ်းမှာ ပြတ်၍မတ်စောက်တဲ့ချောက်ကြီးရှိတယ်။ ကျောက်စွန်းကျောက်တုံးများနဲ့ ပြည့်နှက်နေတဲ့အတွက် တောင်ထိပ်မှပစ်ချလိုက်ရင် ရာဇဝတ်သားတိုင်းဟာ အပိုင်းပိုင်းပြတ်ပြီး သေကုန်ကြတယ်။ အဲဒါကြောင့်လည်း ရာဇဝတ်သားခိုးသားတို့ပစ်ချရာ တောင်ရယ်လို့ခေါ်ကြတယ်။

သူဌေးသမီးနဲ့ ခိုးသားလင်တို့ဟာ တောင်ထိပ်ပေါ်ကို ရောက်လာကြတယ်။

သူဌေးသမီးက တောင်ထိပ်ပေါ်မှာရပ်ပြီး " မောင်ကြီး ဗလိနတ်စာကိုကျွေးပါတော့ " ဟု ပြောလိုက်တော့ လင်ဖြစ်သူက စကားပြန်မရဘဲ တိတ်ဆိတ်နှုတ်ပိတ်နေတယ်။

အဲဒီအခါ သူဌေးသမီးက " ဘယ်လိုလဲမောင်ကြီးရဲ့၊ ငြိမ်ချက်သားကောင်းလှချည်လားရှင် " ဟု ထပ်ပြောလိုက်မှ ခိုးသားလင်ယောကျ်ားက 'ငါ ဗလိနတ်စာတင်ရအောင်လာတာ မဟုတ်ဘူး။ မင်းကို လုပ်စားပြီးခေါ်လာတာကွ ' လို့ပြောလိုက်တယ်။

သူဌေးသမီးလည်း အံ့ဩတဲ့အတွက် "ဘယ်လိုသဘောလဲ မောင်ကြီး" ဟု မေးလိုက်တယ်။

ခိုးသားလင်က 'မင်းကိုသတ်ပြီး မင်းရဲ့လက်ဝတ်ရတနာတွေကိုယူမလို့ကွ သိရဲ့လား ' ဟု ခက်ထန်တဲ့လေသံကိုကြားလိုက်တဲ့အတွက် သူဌေးသမီးလေးဟာ ကြောက်လန့်သွားရှာတယ်။

" မောင်ကြီးရယ်၊ ဘယ်လိုပြောလိုက်တာလဲ၊ နှမတို့အပိုင်ရပြီးမှတော့ ဒီလက်ဝတ်ရတနာပစ္စည်းအားလုံးဟာလည်း မောင်ကြီးရဲ့ပစ္စည်းတွေပဲမဟုတ်လား " ဟု သူဌေးသမီးက ပြောရှာတယ်။

ခိုးသားလင်ယောကျ်ားက ...

' မလိုချင်ဘူး၊ ပစ္စည်းတွေအားလုံးချွတ်လိုက်၊ နင့်ကိုသတ်ကိုသတ်ပစ်မယ် ' ဟု ကြိမ်းလေတိုင်း သူဌေးသမီးလေးခမျာ ...

" မသတ်ပါနဲ့မောင်ကြီး၊ နှမတောင်းပန်ပါတယ် " ဟု သေဘေးကိုကြောက်တဲ့အတွက် ငိုရှာတော့တယ်။

ခိုးသားလင်ဖြစ်တဲ့သူကလည်း ' မရဘူး၊ နင့်ကိုသတ်ကိုသတ်ပစ်ရမယ် ' ဟု ဇွတ်ကြီးပင်ပြောဆိုနေတယ်။

သူဌေးသမီးကလည်း " နှမတော်ကိုသတ်လို့ သေသွားတော့ မောင်ကြီးမှာဘာအကျိုးထူးမှာလဲ၊ ဒီပစ္စည်းကိုယူပြီး လူကိုတော့ချမ်းသာပေးပါ၊ ဒီနေ့ကစပြီး နှမတော်ကိုသေပြီလို့သာမှတ်လိုက်ပါတော့ " ဟု ငိုကြွေးကာပြောရှာတယ်။

သူဌေးသမီးလေးက “ ဒါမှမဟုတ်လဲ မောင်ကြီးရယ်၊ နှမကိုကျေးကျွန်အဖြစ်နဲ့ပဲထားပါ။ ဟောဒီရွှေသားလက်ကောက်ရယ်၊ ပုလဲကျောက်မျက်ရွဲရယ်၊ စိန်ကြောင်နီလာ ရတနာအစုံရှိတယ်၊ အားလုံးကိုယူပါ။ နှမတော်ကိုလည်း အစေခံကျွန်မလို့သာ ပြောကြားပါ။ အသက်ကိုတော့ချမ်းသာပေးပါမောင်ကြီးရယ်” လို့ တောင်းပန်စကားတွေဆိုရှာတယ်။

အဲဒီအခါမှာ ခိုးသားလင်ဖြစ်သူက ‘ နင်ပြောသလိုလုပ်တော့ နင်ကမိဘတွေကိုပြောကြားမှာပဲ၊ သတ်ကိုသတ်ရမယ်၊ ကျယ်ကျယ်မငိုနဲ့ တိတ် ’ ဟု ကြိမ်းမောင်းလေရာ သူဌေးသမီးလေးခမျာ ဘယ်လိုမှတောင်းပန်လို့မရဘူး၊ သူဌေးသမီးလည်း ရှိုက်ကြီးတငင် ငိုကြွေးနေတော့တယ်။

‘ ဟဲ့ အချိန်ကြာတယ်၊ ငိုမနေနဲ့ လက်ဝတ်လက်စားတွေ မြန်မြန်ချွတ်စမ်း၊ နောက်ပြီး အဝတ်နဲ့ထုပ်လိုက်၊ ပြီးတာနဲ့နင့်ကိုသတ်မယ် ’ ဟု ခိုးသားလင်ယောကျ်ားက ဒေါသကြီးစွာ ပြောလေတယ်။

ခိုးသားလင်ယောကျ်ားအပေါ် တစ်ဖက်သတ်အချစ်ကြီးချစ်ခဲ့ရတဲ့ သူဌေးသမီးလေးဟာ ငိုနေရာကရပ်လိုက်ပြီး လင်ယောကျ်ားကိုမော့ကြည့်လိုက်တယ်။ ဘယ်လိုမှ တောင်းပန်လို့ရတော့မှာမဟုတ်တဲ့အတွက် သူဌေးသမီးလေးဟာ စဉ်းစားလိုက်တယ်။

“ အင်း ... ပညာဆိုတာ ချက်ပြုတ်စားဖို့သင်ခဲ့တာမဟုတ်ဘူး၊ တွေးခေါ်မြော်မြင်ဆင်ခြင် သုံးသပ်ဖို့သင်ခဲ့တာပဲ၊

အဲဒီတော့ ဒီနိုးသားငမိုက်သားကို ငါဘယ်လိုလုပ်သင့်တယ်ဆို တာသိပြီ " ဟု သူဌေးသမီးဟာ အကြံပေါ်လာလို့ မျက်ရည်ကို သုတ်လိုက်တယ်။

" မောင်ကြီးရယ် ... မောင်ကြီးကိုနိုးသားဆိုပြီး ဖမ်းဆီး ခေါ်ဆောင်လာစဉ်က နှမရဲ့မိဘတွေကိုပူဆာပြီး အသပြာတစ် ထောင်နဲ့ မောင်ကြီးရဲ့အသက်ကို လဲခဲ့တာပါ။ နောက်ပြီး နှမရဲ့ ခင်ပွန်းအဖြစ်နဲ့လည်း လက်ထပ်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး လင် သားအဖြစ် အစစအရာရာ ကိုးကွယ်ပြုစုခဲ့ပါတယ်၊ လင်ကို အိမ် ဦးနတ်အဖြစ် အမြဲရှိခိုးခဲ့တာလည်း မောင်ကြီးအသိပါ။ အခု လည်း မောင်ကြီးမျက်နှာကိုဝအောင်ကြည့်ပြီး နောက်ဆုံးဂါရဝ ပြုခြင်းအနေနဲ့ ကိုယ်ကိုသုံးကြိမ်လက်ျာပတ် ရှိခိုးခွင့်ပြုပါ " ဟု သူဌေးသမီးလေးက ခွင့်တောင်းရှာတယ်။

နိုးသားလင်ယောကျ်ားကလည်း ' ကောင်းတယ်၊ ကောင်းတယ်၊ ဝအောင်ကြည့်၊ ဝအောင်ကြည့်၊ နောက်ပြီးတစ် ပတ်လှည့်ရှိခိုး၊ အဲဒါပိုကောင်းတယ်၊ ကောင်းတယ် ' ဟု ပြက် ရယ်ပြုပြောဆိုကာ တောင်ထိပ်စွန်းမှာရပ်နေလိုက်တယ်။

သူဌေးသမီးလည်း မတ်တတ်ရပ်လိုက်ပြီး သုံးကြိမ် လက်ျာပတ်ကာ အရပ်လေးမျက်နှာတို့မှ ရှိခိုးရင်း ...

" မောင်ကြီးကို အခုမြင်ရတာဟာ နောက်ဆုံးမြင်ရခြင်း နဲ့ မောင်ကြီးကနှမကို တွေ့မြင်ရဖို့ဆိုတာလဲ အခုနောက်ဆုံးပါ ပဲ " ဟုပြောဆိုနေရာမှ ရှေ့ကိုတိုးလာပြီး နိုးသားလင်ဖြစ်သူရဲ့ သည်ပင်းကို ရှေ့မှနောက်မှသိုင်း၍ဖက်ရင်း ငိုပြန်လေတယ်။

ခိုးသားလင်ယောကျာ်းလည်း တွေဝေငေးမောနေတုန်း သူဌေးသမီးလေးဟာ လက်တစ်ဖက်က ပန်းကိုကိုင်ထားပြီး ကျန်လက်တစ်ဖက်က ပုဆိုးနောက်မှခါးတောင်းကျိုက်စွန်းကိုကိုင်ကာ ချောက်တွင်းကိုတွန်းချလိုက်တယ်။

ခိုးသားလည်း အမှတ်မထင် ရုတ်တရက်နဲ့ပဲ ခြေကားရားလက်ကားရား ကျသွားရတော့တယ်။ တောင်ရဲ့အောက်ခြေမှာလည်း ကျောက်စွန်းများနဲ့ရိုက်ခတ်မိပြီး အပိုင်းပိုင်းပြတ်ကာ သေဆုံးသွားရှာတယ်။

သူဌေးသမီးနဲ့ ခိုးသားတို့ပြုမူဆောင်ရွက်နေကြတာတွေကို စောင့်ကြည့်နေတဲ့ တောင်စောင့်နတ်က ကောင်းချီးပေးတော်မူတယ်။ တောင်စောင့်နတ်က သူဌေးသမီးလေးကို နှစ်ဂါထာနဲ့ ချီးကျူးတော်မူလိုက်တယ်။ အဲဒီဂါထာတော်က ...

၁။ အရာရာမှာ ယောကျာ်းသာလျှင် ပညာရှိသည် မဟုတ်ပေ၊ မိန်းမသည်လည်း ထိုသို့အရာ ကောင်းစွာမြော်မြင်ဆင်ခြင်နိုင်သော ပညာမျိုးရှိပေသည် တကား။

၂။ နေရာတိုင်းမှာ ယောကျာ်းသာလျှင် ပညာရှိသည် မဟုတ်ပေ၊ မိန်းမသည်လည်း အရာရာတိုင်းတွင် လျှင်မြန်စွာ ကြံစည်နိုင်ဘိ၊ ပညာရှိမသွေဖြစ်နိုင်ပေ၏။

ဟု တောင်စောင့်နတ်က ချီးကျူးလိုက်တယ်။

သူဌေးသမီးလည်း မိမိရဲ့အသက်လွတ်မြောက်ရေးအ

တွက် ခိုးသားလင်တော်မောင်အား ချောက်တွင်းသို့တွန်းချလိုက်ပြီးတဲ့နောက် အိမ်သို့မပြန်ရဲတဲ့အတွက် တောလမ်းခရီးမှာပဲ ခြေဦးတည့်ရာ သွားနေတော့တယ်။

အန္တရာယ်ပေးတတ်တဲ့ လက်ဝတ်ရတနာတွေကိုလည်း အားလုံးချွတ်ပြီး စွန့်ပစ်ထားခဲ့တော့တယ်။

အဲဒီလိုသွားနေရင်းက ပုရိုဟိတ်တို့နေထိုင်ရာ ကျောင်းတစ်ဆောင်ကိုတွေ့ရတယ်။ ဒါနဲ့ပဲ သူဌေးသမီးလေးဟာ ပုရိုဟိတ်တို့ကို ရှိခိုးလျက်ရဟန်းပြုပေးပါရန် တောင်းပန်ရှာတယ်။ ပုရိုဟိတ်တို့ကလည်း ရဟန်းပြုပေးကြကုန်တယ်။

သူဌေးသမီးလည်း ပုရိုဟိတ်ရဟန်းပြုပြီးတဲ့နောက် "အရှင်တို့ရဲ့ရဟန်းအဖြစ်၌ အဘယ်အကျင့်ဟာ အမြတ်ဆုံးဖြစ်ပါသလဲ" ဟု မေးလိုက်တယ်။

ပုရိုဟိတ်ရဟန်းမတို့က ' ငါတို့ရဲ့အကျင့်ဟာ ကသိုဏ်းဆယ်ပါးကို ပရိကမ်ပြု၍ဈာန်ရအောင်လည်း ကျင့်တယ်၊ ဒါမှမဟုတ် ဝါဒတစ်ထောင်ကိုလည်း သင်ယူတတ်မြောက်စေတယ်' ဟု ပြောပြတယ်။ အဲဒီအခါ သူဌေးသမီးလေးက ...

" တပည့်တော်မဟာ ဈာန်ကိုဖြစ်စေရန် မတတ်နိုင်သေးပါ၊ ဝါဒတစ်ထောင်ကိုတော့ သင်ယူပါရစေ ' ဟု ခွင့်တောင်းလိုက်တယ်။ ပုရိုဟိတ်တို့ကလည်း သူဌေးသမီးပုရိုဟိတ်မကို ဝါဒတစ်ထောင်ကို သင်ယူစေတယ်။

မကြာမီမှာဘဲ သူဌေးသမီးလေးဟာ ဝါဒတစ်ထောင်ကို ကုန်စင်အောင်တတ်မြောက်တော့တယ်။

ပုရဗိုင်တို့က ' ငါတို့ရဲ့တရားအားလုံးကို ဒီနေ့မှစ၍ သင်ဟာတတ်မြောက်လေပြီ၊ ဒီဝါဒတစ်ထောင်ကိုကိုင်ပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးသို့ လှည့်လည်ပေတော့၊ သင်မေးတဲ့ဝါဒတစ်ထောင်ကို ဖြေဆိုနိုင်တဲ့သူရှိက လူဖြစ်ခဲ့ရင် အဲဒီလူထံမှာသင့်ရဲ့ကိုယ်ကိုအပ်၍ အလုပ်အကျွေးပြုတော့၊ ရဟန်းဖြစ်ပါက အဲဒီရဟန်းထံမှာ တပည့်ခံကာ ရဟန်းပြုပေတော့ ' ဟု မှာကြားပြီး သူဌေးသမီး ပုရဗိုင်မလက်ထဲသို့ သပြေခက်များပေးအပ်လိုက်တယ်။

အဲဒီနေ့ကစပြီး သူဌေးသမီး ပုရဗိုင်မလေးကို ' သပြေခက်ရှင် ပုရဗိုဏ် ' ဟု အမည်ထင်ပေါ်စေခဲ့တယ်။

သူဌေးသမီးတစ်ဖြစ်လဲ သပြေခက်ရှင်ပုရဗိုဏ်မဟာ မြင်တွေ့သူတိုင်းအား ပြဿနာတို့ကိုမေးတယ်။ ဝါဒတစ်ထောင်တတ်မြောက်ထားတဲ့ သပြေခက်ရှင်ပုရဗိုဏ်မနဲ့ ယှဉ်ပြိုင်ပြောဆိုနိုင်တဲ့သူကို မတွေ့ရသေးဘူး။

သပြေခက်ရှင်လာပြီ ကြားတဲ့အခါမှာပဲ ကိုးကွယ်ခံဂိုဏ်းဂဏဝါဒရှင်တောင်မှ ထွက်ပြေးကုန်ကြတယ်။

သပြေခက်ရှင်ဟာ မြို့ရွာတွေကိုရောက်လို့ ဆွမ်းခံဝင်တဲ့အခါတိုင်း အဝင်တံခါးဝမှာသဲပုံပြုလုပ်တယ်။ အဲဒီသဲပုံမှာပဲ သပြေခက်ကိုစိုက်ကာ ' ငါနဲ့ဝါဒပြိုင်ပြောဆိုနိုင်ရင် သပြေကိုနင်း၍ ဖျက်ဆီးပစ်ကြတော့ ' ဟု ကြေညာပြီးမှ ရွာတွင်းကိုဝင်တယ်။ အဲဒီသဲကို ချဉ်းကပ်ဝံ့သူမရှိကြပြန်ဘူး။

ပုရဗိုဏ်ဟာ သပြေခက်တစ်ခုညိုးနွမ်းတိုင်း နောက်ထပ်

သပြေခက်အသစ်ကိုလဲယူတယ်။ အဲဒီနည်းနဲ့ပဲ ဇမ္ဗူဒိပ်ကျွန်းတစ်ခုလုံးကို လှည့်လည်သွားလာတယ်။ ဒီလိုနဲ့ သာဝတ္ထိပြည်ကြီးကို ရောက်လာခဲ့တယ်။

သာဝတ္ထိပြည်ကြီးရဲ့မြို့အဝင်တံခါးကို ရောက်တယ်ဆိုရင်ပဲ မြို့အပြင်တံခါးဝမှာ သဲပုံပြုလုပ်ပြီး သပြေခက်ကိုစိုက်လိုက်တယ်။ ပါးစပ်ကလည်း 'ငါနဲ့အယူဝါဒပြိုင်ပြောဆိုနိုင်တဲ့သူဟာ ဒီသပြေခက်ကို နင်းချေဖျက်ဆီးကြတော့' ဟု ကြေညာပြီး ရွာတွင်းသို့ဝင်သွားတယ်။

ကလေးသူငယ်တွေက ဝိုင်းအုံပြီးသဲပုံနဲ့သပြေခက်ကို ကြည့်နေကြတယ်။

အဲဒီအချိန်မှာပဲ အရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း သာဝတ္ထိမြို့ထဲကိုရောက်နေတယ်။ ဆွမ်းခံလှည့်လည်ရာမှ ဆွမ်းကိစ္စပြီးစီးတဲ့အတွက် မြို့ပြင်ကိုထွက်လာစဉ်မှာပဲ ကလေးသူငယ်တွေက သဲပုံကိုဝိုင်းအုံကာ သပြေခက်ကိုကြည့်နေကြတာတွေ့ရလို့ 'အဲဒါ ဘာလုပ်တာလဲ' ဟု မေးတော်မူလိုက်တယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ရဲ့အမေးကို ကလေးသူငယ်တွေက အကြောင်းစုံလျှောက်ကြားကြတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်က "ဒီလိုဆိုရင် သပြေခက်ကို နင်းချေဖျက်ဆီးကြ" လို့ မိန့်တော်မူလိုက်တယ်။

အဲဒီအခါမှာ ကလေးသူငယ်တွေက 'ကြောက်လှပါတယ်' လို့ပြောတဲ့အခါမှာ "ငါပြဿနာကို ယှဉ်ပြိုင်ဖြေမယ်၊ နင်းသာနင်းကြ" ဟု ထပ်မံမိန့်တော်မူတဲ့အတွက် ကလေးသူ

ငယ်တွေဟာ အားတက်လာပြီး သပြေခက်ကို ဝိုင်းဝန်းနင်းချေ ကာ သဲပုံမှနုတ်ပစ်လိုက်ကြတယ်။

အဲဒီအချိန်မှာပဲ ပုရဗိုဇ်မဟာ မြို့တွင်းကပြန်လာနေ တယ်။ သပြေခက်များကို နင်းချေနုတ်ပစ်နေတာတွေရလို့ ကလေးတွေကို ဆူပူကြိမ်းမောင်းတော့တယ်။

'နင်တို့နဲ့ပြောဆိုရန် ငါ့မှာပြဿနာမရှိပါဘဲ ဘာ ကြောင့် ငါ့သပြေခက်တွေကို နင်းချေပစ်နေကြတာလဲ ' လို့ ပုရဗိုဇ်မက မေးလိုက်တဲ့အခါမှာ ' အရှင်သာရိပုတ္တရာမထေရ် မြတ်က နင်းချေခိုင်းလို့ပါ ' ဟု ကလေးသူငယ်တွေက ပြောကြ တယ်။

အဲဒီအခါ ပုရဗိုဇ်မဟာ အရှင်သာရိပုတ္တရာမထေရ်မြတ် ရှိရာကို ကပျာကယာသွားတော့တယ်။

' အရှင်ဘုရား၊ အရှင်ဘုရားက အကျွန်ုပ်ရဲ့သပြေခက် တွေကို နင်းချေဖျက်ဆီးခိုင်းတယ်ဆိုတာ ဟုတ်ပါသလား ' ဟု ပုရဗိုဇ်မက မေးလိုက်တယ်။

အရှင်သာရိပုတ္တရာကလည်း ...

" နှမ မှန်ပေတယ် " ဟု မိန့်တော်မူလိုက်တယ်။

' ဒီလိုဆိုရင် ကျွန်ုပ်နဲ့ပြဿနာများကိုပြိုင်ဆိုင်ပါ ' ဟု ပုရဗိုဇ်မက ဆိုလိုက်တဲ့အခါမှာပဲ ...

" ကောင်းပြီ၊ နှမရဲ့ပြဿနာများကိုမေးပါ၊ ငါကိုယ်တော် မြတ် ဖြေကြားမယ် " လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က မိန့်တော်မူလိုက်တယ်။

ပညာပြိုင်သူနှစ်ဦးရဲ့စကားကို နားထောင်ကြရန် သာဝတ္ထိမြို့သူမြို့သားတွေဟာ အရှင်သာရိပုတ္တရာမထေရ်မြတ် သီတင်းသုံးရာနေရာသို့ ရောက်လာကြပြီး မထေရ်မြတ်ကိုရှိခိုး ကာ သင့်တော်တဲ့နေရာမှာ ထိုင်ကြကုန်တယ်။

ပုရဗိုဇ်မကလည်း ဇမ္ဗူဒိပ်တစ်ကျွန်းလုံးက အရှုံးပေးနေ ရတဲ့ဂါဒတစ်ထောင်ကို မေးရန်အတွက် စကားစလိုက်တယ်။

'အရှင်မြတ်ဘုရား၊ ပြဿနာကိုမေးပါတော့မယ်' ဟု ဆိုလိုက်တယ်။

"နှမ မေးပါတော့" ဟု အရှင်သာရိပုတ္တရာမထေရ် မြတ်က မိန့်တော်မူလိုက်တယ်။

ပုရဗိုဇ်မက ဂါဒတစ်ထောင်ကို တစ်ခုချင်းမေးတယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း မေးတိုင်း မေးတိုင်းဖြေဆိုနိုင်တယ်။

အဲဒီလိုနဲ့ ပုရဗိုဇ်မဟာ အံ့ဩခြင်းများဖြစ်နေတယ်။ ဇမ္ဗူ ဒိပ်တစ်ကျွန်းလုံး ဖြေနိုင်တဲ့သူ တစ်စုံတစ်ယောက်မျှမရှိခဲ့ပါဘဲ အခု အရှင်သာရိပုတ္တရာမထေရ်မြတ်က မေးသမျှပုစ္ဆာအားလုံး ကို တုံ့ဆိုင်းခြင်းမရှိပါဘဲ ဖြေဆိုနိုင်ခဲ့တဲ့အတွက် ပုရဗိုဇ်မဟာ အံ့ဩနေရှာတယ်။ ဂါဒတစ်ထောင်လုံးလည်း ကုန်သွားပြီဖြစ် တဲ့အတွက် မေးစရာမရှိတော့လို့ တုံ့ဆိုင်းနေတယ်။

အဲဒီအခါမှာ အရှင်သာရိပုတ္တရာမထေရ်မြတ်က "သင် မှာမေးစရာကုန်ပြီလား" ဟု ပုရဗိုဇ်မကို မေးတော်မူတယ်။

'အရှင်ဘုရား ဤမျှသာဖြစ်ပါတယ်' ဟု ပုရဗိုဇ်မက

ဖြေလိုက်တယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်က " သင်ကပုံ့သာနာ ပေါင်းများစွာကို မေးခဲ့တယ်၊ ငါက ပြဿနာတစ်ခုသာ မေးမယ်၊ သင်ဖြေဆိုနိုင်ပါ့မလား " ဟု မိန့်တော်မူတဲ့အခါမှာ ...

' သိသမျှ ဖြေဆိုပါ့မယ်ဘုရား ' ဟု ပုရဝိုဇ်မက ပြော လိုက်တယ်။

အဲဒီအခါမှာ အရှင်သာရိပုတ္တရာအရှင်မြတ်က ...

" ပရိညာသုံးပါးနဲ့ ပိုင်းခြား၍သိရမယ့်တရား(တစ်ခု) ဟာ အဘယ်နည်း " ဟု မေးတော်မူတယ်။

ပုရဝိုဇ်မဟာ ဘယ်လိုဖြေဆိုရမှန်းမသိတော့လို့ ...

' အရှင်မြတ် ကျွန်ုပ်မသိပါ၊ အမေးတော်က အဘယ် သို့သော ပုစ္ဆာပြဿနာပါလဲဘုရား ' ဟု ပြန်၍မေးလိုက်တယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်က ...

' နှမ၊ ဗုဒ္ဓပြဿနာလို့ခေါ်ပေတယ် ' မိန့်တော်မူတယ်။

ပုရဝိုဇ်မကလည်း ...

' ရှင်မြတ်၊ တပည့်တော်အား ဗုဒ္ဓပြဿနာကိုရှင်းပြ တော်မူပါ ' ဟု လျှောက်ထားတောင်းပန်တော့တယ်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း သူဌေးသမီး ပုရဝိုဇ်မကို ဘိက္ခုနီမတို့ထံအပ်နှံကာ ရဟန်းအဖြစ်ပြုပေးစေ တယ်။

သာသနာ့တော်တွင် ကုဏ္ဍလကေသီထေရီ ရယ်လို့ အဲဒီအချိန်ကစပြီး အမည်တွင်တော့တယ်။

ကုဏ္ဍလကေသီထေရီဟု ခေါ်ရခြင်းမှာ ယခင်သူဌေးသမီးဘဝမှ ထွက်ပြေးလာပြီး ပုရိုဗ်တို့ရဲ့ကျောင်းမှာ ရဟန်းဝတ်တဲ့အခါက ပုရိုဗ်တို့ထုံးစံအရ ဆံပင်တစ်ပင်စီကိုထန်းစေ့ညှပ်နဲ့ နုတ်၍နုတ်၍ပစ်ရတယ်။ ထန်းစေ့ညှပ်ဆိုတာဟာ ထန်းစေ့ကို အတွင်းဆံထုတ်၍ညှပ်သဖွယ်ပြုလုပ်ထားတာဖြစ်တယ်။ ဦးခေါင်းတစ်ခုလုံး မူလဆံပင်တွေကိုကုန်စင်အောင် ညှပ်နဲ့နုတ်ပစ်လိုက်တယ်။ ဦးခေါင်းကိုရိတ်ခြင်းမရှိတာကြောင့် နောက်ထပ်ပေါက်လာတဲ့ဆံပင်တွေဟာ အခွေအခွေဖြစ်ပြီး ထွက်လာကြတယ်။

ဆံပင်တွေဟာ အခွေအလိပ်တွေက နားတောင်းသဖွယ်ဖြစ်နေလို့ ကုဏ္ဍလကေသီထေရီ အမည်ခေါ်ခဲ့တယ်။

ကုဏ္ဍလကေသီထေရီဟာ ဘဝပေါင်းများစွာက ပန်ဆင်ခဲ့တဲ့ဆုတွေကြောင့် ရဟန်းမဖြစ်ရပြီး နှစ်ရက်သုံးရက် လွန်မြောက်တဲ့အခါမှာ ပဋိသမ္ဘိဒါမဂ်နဲ့အတူ အရဟတ္တဖိုလ်ကို ရရှိသွားတယ်။

အဲဒီလို ဆုထူးတွေရရှိသွားတာကိုပဲ ရဟန်းတော်တို့က တရားသဘင်မှာ ပြောဆိုနေကြတော့တယ်။

'ကုဏ္ဍလကေသီထေရီမဟာ တရားနာရခြင်းလည်း များများမရှိပါဘဲနဲ့ ငါတို့နဲ့ပြိုင်ဆိုင်၍ အကြီးအကျယ်စစ်ထိုးအနိုင်ယူပြီး ရောက်လာခဲ့တယ်' ဆိုတာ ရဟန်းတော်တွေပြောနေကြတာကို မြတ်စွာဘုရားသခင်ကိုယ်တော် ကြွလာတာနဲ့ တိုက်ဆိုင်နေတယ်။

အဲဒီအခါ မြတ်စွာဘုရားသခင်က ...

" ရဟန်းအပေါင်းတို့ အဘယ်စကားနဲ့ စည်းဝေးနေကြသလဲ " လို့ မေးတော်မူတဲ့အခါ ရဟန်းအပေါင်းက ကုဏ္ဍလကေသီထေရီမအကြောင်းကို လျှောက်ထားကြတယ်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ...

" ရဟန်းအပေါင်းတို့ ... ငါဘုရားဟောကြားအပ်တဲ့ တရားဒေသနာတော်ကို နည်းသည်များသည် ပမာဏကိုမကြည့်ကြနဲ့၊ အကျိုးမရှိတဲ့စကားလုံးပေါင်း တစ်ရာသည်မမြတ်၊ တရားနဲ့စပ်တဲ့စကားတစ်ခွန်းတစ်ပုဒ်ကသာ မြတ်တယ်၊ ခိုးသားအားလုံးတို့အား အနိုင်ယူသူကိုပင် အောင်သည်ဟုမခေါ်နိုင်၊ ကိုယ်ခန္ဓာအတွင်းက ကိလေသာခိုးသားတို့ကို နိုင်သူသာအောင်သည်မည်တယ် " ဟု မိန့်တော်မူပြီး တရားတော်ကို ဆက်လက်ဟောကြားတော်မူတယ်။

မြတ်စွာဘုရားရှင်ဟောကြားတဲ့တရားတော်ကတော့ "အကျိုးမဲ့ပုဒ်နဲ့သာဆိုင်တဲ့ ဂါထာတစ်ရာကိုရွတ်စေကာမူ မမြတ်၊ ကြားနာရတဲ့အတွက် ရာဂစတဲ့ငြိမ်းအေးကြောင်းတရား တစ်ပါဒကိုရွတ်ဆိုခြင်းကသာ ပို၍မြတ်ပေတယ် "

" သူရဲကောင်းတစ်ယောက်ဟာ စစ်မြေပြင်မှာ စစ်သည်ဗိုလ်ပါအပေါင်းနဲ့ အကြိမ်တစ်သန်းအောင်နိုင်ပေမယ့် အဲဒီသူရဲကောင်းတစ်ယောက်ဟာ မိမိကိုယ်တွင်းက ကိလေသာရန်ကို တစ်ကြိမ်တစ်ခါအောင်နိုင်ဖို့ ခဲယဉ်းလှပါတယ်၊ မိမိကိုယ်တွင်းက ကိလေသာကို တစ်ကြိမ်တည်းနဲ့အောင်နိုင်တဲ့သူကသာ

စစ်အောင်နိုင်သူတို့ထက် အမြတ်ဆုံးဖြစ်တယ် "

အဲဒီလို မြတ်စွာဘုရားသခင်ရဲ့ ဒေသနာတော်ကိုကြား နာကြရလို့ များစွာသောရဟန်းတော်တို့လည်း သောတာပတ္တိဖိုလ်ကို ရောက်ကုန်ကြတော့တယ်။

ဒီဇာတ်တော်ကိုဖတ်ရှုကြရတဲ့ ညီ၊ ညီမငယ် ကလေးအပေါင်းတို့လည်း စဉ်းစားတွေးခေါ် ဉာဏ်များရှိကြဖို့နဲ့ မိမိလိုချင်တပ်မက်သောဆန္ဒကို ချင့်ချိန်ပြီးအကောင်အထည်ဖော်ကြရမယ်။

ဆိုဆုံးမတဲ့စကားလုံးပေါင်းများစွာထဲက အဓိပ္ပါယ်ရှိရှိဆုံးမဩဝါဒတစ်လုံးတည်းနဲ့ ဘဝရှေ့ရေးကို ထူထောင်အောင်ပွဲဆင်နိုင်ကြမှာဖြစ်ကြောင်း ဇာတ်တော်က အတတ်ပညာသင်ပေးလိုက်ခြင်းသာဖြစ်ပေတယ်။

(မဓုပဒ(ဇ)သဟဿဝဂ်)